www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးဘုန်းဇော်(၀၀၂၃၉)၊ အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး

အမှတ် - ၂၈၂၊ ပထမထပ်၊ လမ်း - ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ - ဦးဘုန်းဇော်(၀၁၃၇၅)၊ အရှေ့ဘက်ကောင်းကင် ပုံနှိပ်တိုက်

အမှတ် - ၃၅၊ ဇေယျာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်။

စာအုပ်ချုပ် - မိဘအရိပ်(ဇာနည်)စာအုပ်ချုပ်လုပ်ငန်း

ကွန်ပျူတာ - ဇာနည်မော်၊ ယမုံစိုး

အုပ်ရေ - ၁၀၀၀ - အုပ်၊ ပထမအကြိမ်၊ ၂၀၁၇ - ခုနှစ်၊ ဇူလိုင်လ

တန်ဖိုး - ၅၀၀ - ကျပ်

ဖြန့်ချိရေး - အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး

အမှတ် - ၃၅၊ ဇေယျာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၇၃၁၇၁၃၈၃၊ ၀၉၄၂၁၀၅၆၃၅၄



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ


၁။ လူသတ်ကုန်းက မဖဲဝါ.....................စာ-၅

၂။ ဘီလူးစောင့်တဲ့အင်း.....................စာ-၅၂

၃။ တစ္ဆေ့ရန်ငြိုး...............................စာ-၉၈

၄။ ဈေးသရဲ....................................စာ-၁၃၇


www.burmeseclassic.com

www.burmeseclassic.com



# လူသတ်ကုန်းကမဖဲဝါ

ကျုပ်ကို မီးလောင်ကုန်းက ကျုပ်သူငယ်ချင်း ချစ်ညို လာခေါ်တာဗျ။ ချစ်ညိုနဲ့ ကျုပ်နဲ့က မြို့ကျောင်းတက်တုန်းက အကျွတ်ကျူလေဗျာ။ ဒီတုန်းက ဘန့်ဘွေးကုန်းက သိန်းဇော်ရယ်၊

အရှေ့ဘက်ကောင်းကင် စာပေ

www.burmeseclassic.com

www.burmeseclassic.com



ချစ်ညိုရယ်၊ ဘလစ်လို့ ကျုပ်တို့ခေါ်တဲ့ ဘချစ်ရယ်၊ ကျုပ်ရယ်က တွဲဘက်တွေပေါ့။ ဒီထဲမှာ ကျုပ်နဲ့ ဘချစ်ကတော့ မိုပြီးတဲ့ဖြစ်တာပေါ့ဗျာ။

"တာတေရေ၊ တာတေ"

ကျုပ်က ဝိုင်းထဲက သရက်ပင်ကြီးပေါ်တက်ပြီး သရက်သီး ခူးနေတာဗျ။ အမှည့်အုပ်ဖို့ဆိုတော့ သရက်သီးခူးတဲ့ခြင်းတချို့နဲ့ ခူးနေတာလေဗျာ။ ဝိုင်းဝက ခေါ်သံကြားလို့ ကျုပ်က သရက်ပင်ပေါ်ကနေ ငုံ့ကြည့်လိုက်တော့ မီးလောင်ကုန်းက ချစ်ညိုကို သွားတွေ့တာဗျ။

"ဟေ့ကောင် ချစ်ညို၊ ငါ ဒီမှာကွ၊ အဘ ခိုင်းလို့ သရက်သီး ခူးနေတာ၊ အမှည့်အုပ်မလို့ကွ"

ကျုပ်အသံကြားတော့မှ ချစ်ညိုက ဝိုင်းထဲဝင်လာတာဗျ။

"ဟေ့ကောင် တာတေ၊ ငါပါ တက်ခဲ့မယ်"

ပြောပြောဆိုဆိုနဲ့ ချစ်ညိုက ပုဆိုးလေး ခါးတောင်းမြှောင်အောင်ကျိုက်ပြီး သရက်ပင်ပေါ်ကိုတက်ရောဗျို့။ သရက်ပင်ကလည်း လူတစ်ဖက်လောက် ရှိတာလေဗျာ။ ဒီကောင်က ကျုပ်ကို သရက်သီး ကူပြီးခူးပေးတယ်။ သရက်သီးခူးရင်း ကျုပ်က ချစ်ညိုကို မေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်ညို၊ မင်း ငါ့ဆီ အလည်လာတာလား"

"အလည်သက်သက်တော့ မဟုတ်ဘူးကွ တာတေရ၊ ငါတို့ရွာမှာ ဘိုးတော်ကြီးတစ်ယောက် ရောက်နေတယ်၊ သူ့နာမည်က ဘိုးထွန်းကြွယ်တဲ့ကွ၊ ငါ့အဘနဲ့ အမျိုးတော်တယ်လို့ ပြောတာပဲ၊ တစ်ခါမှတော့ မလာဖူးဘူးကွ၊ ငါ့အဘကတော့ တွေ့ကတည်းက အစ်ကိုကြွယ်ဆိုပြီး ဝမ်းသာအားရ ဖြစ်နေတော့တာပေါ့၊ ငါ့အဘပြောတာကတော့ ဘိုးထွန်းကြွယ်က သူနဲ့ ညီအစ်ကို နှစ်ဝမ်းကွဲ တော်တယ်ဆိုပဲ"

ချစ်ညိုစကားကို ကျုပ်က သေသေချာချာ နားထောင်ပြီး စဉ်းစားနေတာဗျ။ ချစ်ညိုရဲ့အဘ ဘိုးစိန်ညိုနဲ့ အခုရောက်လာတဲ့ ဘိုးထွန်းကြွယ် ဆိုတာက ညီအစ်ကိုဝမ်းကွဲတွေ ဆိုပေမယ့် တစ်ခါမှ မရောက်လာဖူးဘူးဆိုတော့ နဂိုကတည်းက အနေစိမ်းခဲ့တဲ့ ညီအစ်ကိုတွေ ဖြစ်မှာပေါ့ဗျာ။

"အဘနဲ့ ဘိုးထွန်းကြွယ်နဲ့က ညီအစ်ကိုတွေ တော်ပေမယ့် ခုချိန်အထိ နှစ်ခါလောက်ပဲ မြင်ဖူးခဲ့ကြတာကွဲပေါ့၊ ဘိုးထွန်းကြွယ်တို့အဖေနဲ့ ငါ့အဘရဲ့အဖေက ညီအစ်ကိုဝမ်းကွဲ တော်တာတဲ့၊ ဒါပေမဲ့ ဘိုးထွန်းကြွယ်အဖေက ရှမ်းပြည်မှာ အိမ်ထောင်ကျသွားတော့ တို့ဘက်ကို နှစ်ခါလောက်ပဲ ရောက်တော့တာတဲ့၊



www.burmeseclassic.com

www.burmeseclassic.com



သူလာတဲ့အခါ ဘိုးထွန်းကြွယ်ကို ခေါ်ခေါ်လာတာဆိုပဲ၊ ဒီတုန်းက ဘိုးထွန်းကြွယ်က ဆယ့်ငါးနှစ်သားလောက်ပဲ ရှိသေးတာတဲ့၊ နောက်တော့ ဘိုးထွန်းကြွယ်က ဂျပန်ခေတ်မှာ စစ်တပ်ထဲ ဝင်သွားတယ်ဆိုပဲ၊ ဗိုလ်ကြီးအဆင့်နဲ့ တပ်ထဲက ထွက်ခဲ့တာတဲ့ကွ၊ လုပ်ငန်းစိုပ်တွေလည်း အများကြီး ရခဲ့တာတဲ့ ကာဝေရေ"

"ဟော..ဟုတ်လား၊ ဒါဆိုရင် ဘိုးထွန်းကြွယ်က စစ်ဗိုလ်ဟောင်းကြီးပေါ့ ချစ်ညိုရ"

"အေး..ဟုတ်တယ်၊ ကာဝေရေ"

"မင်းတို့အမျိုးထဲမှာ ဒီလိုမျိုးလူတစ်ယောက် ရှိတာကို ငါဖြင့် ခုမှပဲ သိရတယ ချစ်ညိုရာ"

"ဟာ ဟားရာ၊ မင်းမသိတာ မပြောနဲ့လေ၊ ငါတောင် ခုနကမှ သိတာကွ၊ အဘတို့နဲ့လည်း ဘိုးထွန်းကြွယ်တို့နဲ့က အဆက်ပြတ်နေကြတာ ကြာပြီကွ၊ ခုမှသာ ဘိုးထွန်းကြွယ်ကြီးက တိုင်းမသင့် ဗုံမသင့်နဲ့ ရောက်လာတာကွ"

"နို့ မင်းတို့ ဘိုးတော် စစ်ဗိုလ်ကြီးက အသက်-ဘယ်လောက်ရှိပြီတုံး ချစ်ညိုရ"

"ဟာ..ဘိုးထွန်းကြွယ်က အသက်ခြောက်ဆယ့်ငါးနှစ် ကျော်ပြီတဲ့ဟေ့၊ ဒါပေမဲ့ လူကတော့ သန်မာလိုက်တာမှ ဖျတ်ဖျတ်

www.burmeseclassic.com



လက်လှုပ်ကို သွားဟုန်းလာကုန်းမှာ၊ ငါ့ကို့ရွာကို ရှမ်းပြည်က နေ တစ်ယောက်တည်း ဆင်းလာတာသာ ကြည့်တော့လေကွာ"

"အေးကွ၊ ချစ်ညို့ရ၊ မင်းအသွာ ဘိုးစိန်ညို့ကိုလည်း တွေ့ချင်ရှာလွန်းလို့ ဖြစ်မှာပေါ့ကွာ"

ကျုပ်ပြောလိုက်တော့ ချစ်ညို့က ကျုပ်ကို ဆတ်ကနဲ လှည့်ကြည့်တယ်ဗျ။

"အေး မင်းပြောသလို ငါ့အဘကို တွေ့ချင်လို့လာတာ လည်း ပါသကွ၊ ဒါပေမဲ့ ဘိုးထွန်းကြွယ် အဓိကတွေ့ချင်တာက ငါ့အဘ မဟုတ်ဘူးကွ၊ မင်းကို တွေ့ချင်တာ တာတေရေ၊ မင်းကို တွေ့ချင်တာဟ"

ချစ်ညို့စကားကြားတော့ ကျုပ်ဖြင့် အံ့သြလိုက်တာဗျာ။ ဘယ့်နှယ်ဗျာ၊ ကျုပ် ကြားတောင် မကြားဖူးတဲ့ ချစ်ညို့တို့အမျိုး ဘိုးတော်ကြီးက ကျုပ်ကို တွေ့ချင်လို့ ရှမ်းပြည်ကတောင် တစ်ယောက်တည်း ဆင်းချလာရတယ်ဆိုတာ ဘယ့်နှယ်လုပ်ပြီး ဖြစ်နိုင်မှာတုံးဗျာ။

"နေဦးကွ ချစ်ညို့ရ၊ ဘိုးထွန်းကြွယ်ကြီးက ဒီရောက်ပြီး မှ စကားပြောကြရင်း မင်းအဘ ဘိုးစိန်ညို့က ငါ့အကြောင်းကို ပြောပြလိုက်လို့ တွေ့ချင်တာ ဖြစ်မှာပေါ့ကွ"

အရှေ့ဘက်ကောင်းကင် ရှာပေ

www.burmeseclassic.com

www.burmeseclassic.com


"ဟာ..မဟုတ်ဘူး တာတေ၊ ဟိုက လာကတည်းကိုက မင်းနဲ့တွေ့ဖို့ လာတာလို့ ပြောတယ်"

"ဟော့ကောင် ချစ်ညို၊ မင်း စဉ်းစားကြည့်ပါဦးကွ၊ ရှမ်းပြည်မှာနေတဲ့ အသက်ခြောက်ဆယ်ကျော် ဘိုးတော်ကြီးက ငါ့သူငယ်ချင်းမှ မဟုတ်တာ၊ ငါ့ကို ဘယ်နှယ်လုပ် သိမှာတုံး ချစ်ညိုရ"

"အေး အေး ဟုတ်တယ်၊ မင်းပြောတာ ဟုတ်တယ်၊ ငါ မင်းကိုပြောဖို့ တစ်ခုမေ့ကျန်သွားလို့ကွ၊ လွန်ခဲ့တဲ့ နှစ်လလောက်က ငါတို့ဝိုင်းတောင်ဘက် ကပ်လျက်ဝိုင်းမှာနေတဲ့ ကိုမောင်စုကြီး ရှမ်းပြည်ရောက်သွားတော့ ဘိုးထွန်းကြွယ်နဲ့ တွေ့ပြီး စကားစမြည်ပြောဖြစ်ရာက မင်းအကြောင်းကို ရောက်သွားလို့ ဘိုးထွန်းကြွယ်က မင်းကို သိပ်တွေ့ချင်သွားပြီး ဆင်းလာတာတဲ့ကွ"

"ဩော်...ဒီလိုကိုး၊ ဒါဆိုရင် ဘိုးထွန်းကြွယ်ကြီးမှာ ကိစ္စတစ်ခုခု ရှိနေလို့ဖြစ်မှာကွ ချစ်ညိုရ"

"အေး...ကိစ္စရှိလား၊ မရှိလားတော့ မသိဘူးကွ၊ ရောက်ကတည်းက ညီလေး စိန်ညို မောင်တာတေဆိုတဲ့ သူငယ်လေးကို ခေါ်ပေးပါလို့ချည်း ခဏခဏ ပြောနေတာကွ တာတေရ၊


www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် မင်းကို ငါ လာခေါ်ရတာ သူငယ်ချင်းရေ၊ ဘိုးထွန်းကြွယ်မှာ ဘာကိစ္စရှိနေတုံးဆိုတာတော့ ငါတို့လည်း မသိဘူးကွ"

ကျုပ်က ဒီတော့မှ လိပ်ပတ်လည်အောင် နားလည်သွားတော့တာဗျို့။

"အေး အေး၊ ဒါဆိုရင် ငါ အစုပဲ အဘတို့ကို ပြောပြီး လိုက်ခဲ့မယ်"

ချစ်ညိုနဲ့ ကျုပ်က သရက်သီးခူးရင်းနဲ့ သရက်ပင်ပေါ်မှာ ထိုင်ပြီး စကားပြောနေကြတာလေဗျာ။ ကျုပ်တို့နှစ်ယောက်စလုံး သရက်ပင်ပေါ်က ဆင်းခဲ့ကြပြီး အမေ့ကို ခူးလာတဲ့ သရက်သီး တွေ ပေးလိုက်တယ်။ အမေနဲ့ အဘက သရက်သီးတွေအုပ်ဖို့ ပြင်ကြတော့တာပေါ့ဗျာ။

ကျုပ်ကတော့ အမေနဲ့ အဘကို ခွင့်တောင်းပြီး ချစ်ညိုနဲ့ မီးလောင်ကုန်းကို လိုက်ခဲ့တယ်။ မီးလောင်ကုန်းဆိုတာက ကျုပ် တို့ရွာ သင်္ချိုင်းကုန်းကို ပတ်ပြီးသွားရတာလေဗျာ။ နာရီဝက် လောက်သွားရင် ရောက်တာပါပဲ။

ချစ်ညိုတို့ဝိုင်းက မီးလောင်ကုန်းမှာတော့ အကျယ်ဆုံးပဲ ဗျ။ ဝိုင်းထဲမှာလည်း မန်ကျည်းပင်တွေ၊ သရက်ပင်တွေနဲ့ဗျို့။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်နှစ်လုံးထုတ်ပြီး ဆောက်ထားတဲ့ ကျွန်းအိမ်မဲမဲကြီးပေါ်ကို သစ်သားလှေကားကြီးကနေ တက်လာခဲ့ကြတယ်။ ပြောင်လက်နေအောင် တိုက်ထားတဲ့ ကျွန်းပျဉ်တွေပေါ် ကျုပ်တက်လိုက်တဲ့ အချိန်မှာ အရပ်ထောင်ထောင်မောင်းမောင်းနဲ့ အသားလတ်လတ် ဘိုးတော်ကြီးတစ်ယောက်နဲ့ ဘိုးစိန်ညိုနဲ့ စကားပြောနေတာ တွေ့လိုက်ရတယ်ဗျ။

"ဟာ…မောင်တာတေ၊ ရောက်လာပြီလားကွဲ့၊ လာ… လူကလေး လာ၊ ဟောဒီက အစ်ကိုကြွယ်က မင်းကို လည်တဆန့်ဆန့်နဲ့ မျှော်နေတာ မောင်တာတေရဲ့၊ လာ လွှာ၊ ဟောဒီဖျာပေါ်မှာ ထိုင်ကွဲ့"

ထောင်ထောင်မောင်းမောင်းနဲ့ ဘိုးထွန်းကြွယ်က ကျုပ်ကို တွေ့တော့ ပြုံးဖြီးကြည့်နေတယ်ဗျို့။

လူပုံစံက ဥပမိရုပ် တော်တော်ကောင်းတာကလားဗျာ။ မျက်ခုံးကြီးတွေများ ကောင်းလိုက်သမှ မဲနက်နေတာဗျို့။ အသက်ကြီးလာပြီဆိုတော့ မျက်လုံးတွေက အရောင်တော့ နည်းနည်းမှိန်နေသလိုပဲဗျ။

"မောင်တာတေ၊ ကျုပ်ဆီကို အခုလို လာပေးတာကို ကျုပ် ကျေးဇူးတင်ပါတယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘိုးထွန်းကြွယ်က စကားကို လေးလေးနက်နက် ပြောတတ်တဲ့ပုံပဲဗျ။

"ဟုတ်ကဲ့ ဘိုး၊ ကျုပ်နဲ့ ချစ်ညိုနဲ့က ငယ်သူငယ်ချင်းတွေပါ၊ ဟောဒီက ဘိုးစိန်ညို ဆိုတာလည်း ကျုပ်အဘနဲ့ သူငယ်ချင်းတွေပါ၊ ဒီတော့ အားမနာပါနဲ့ ဘိုး၊ ဘိုးမှာ ဘာကိစ္စရှိတယ်ဆိုတာသာ ကျုပ်ကို ပြောပါ၊ ကျုပ် ကူညီပါ့မယ်"

"ဒီလိုကွဲ့ မောင်တာတေရဲ့၊ လွန်ခဲ့တဲ့ နှစ်လလောက်က ဟောဒီထောင်ဘက်ဝိုင်းမှာနေတဲ့ မောင်စု ဆိုတဲ့ သူငယ် ဘိုးနေတဲ့ ကလောမြို့ကို ရောက်လာပြီး ဘိုးနဲ့ တွေ့သွားရာကနေ မောင်တာတေအကြောင်းကို စကားရောက်သွားလို့ မောင်တာတေနဲ့ မဖဲဝါနဲ့ အဆက်ရှိတဲ့အကြောင်း ဘိုး သိခဲ့ရတယ်ကွဲ့၊ မောင်တာတေက မဖဲဝါကို ပင့်လို့ရတဲ့အကြောင်း ဟိုသူငယ် မောင်စုက ပြောတာကိုးကွဲ့။ ကျုပ်ဖြင့် အံ့ဩလွန်းလို့ မှင်တက်တောင်မိသွားတာကွယ်၊ အဲဒီအချိန်ကစပြီး ဘိုး ဒီကိုလာဖို့ပဲ စိတ်ရောက်နေတာကွဲ့၊ မသေခင် ဟောဒီက ညီတော်မောင် မောင်စိန်ညိုနဲ့လည်း တွေ့ချင်၊ မောင်တာတေနဲ့လည်း တွေ့ချင်တာနဲ့ ဘိုး ဆင်းချလာခဲ့တာကွဲ့"

ကျုပ်က ဘိုးထွန်းကြွယ် ပြောပြတာကို လေးလေးစားစားနားထောင်နေတာဗျ။ ပြီးတော့မှ ကျုပ်က ဘိုးထွန်းကြွယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ရှိရှိသေသေ ပြောလိုက်တယ်။

"ဘိုး၊ ကျုပ်နဲ့ တွေ့ချင်တဲ့ကိစ္စကို ပြောပါ ဘိုး၊ ကျုပ် ကူညီပါ့မယ်"

ကျုပ်စကားကို ကြားတော့ ဘိုးထွန်းကြွယ်က ခေါင်းလေး တဆတ်ဆတ်ညိတ်ပြီး ပြောတယ်ဗျ။

"ဘိုး ပြောပါ့မယ်ကွယ်၊ ဒါပေမဲ့ ဘိုးလာတဲ့ကိစ္စကို မပြောခင် ဒီအကြောင်းကို အရင်ပြောပြမှ မောင်တာတေတို့ နားလည်ကြမှာမို့ ဒီအကြောင်းကို ဘိုး အရင်ပြောပြမယ် မောင်တာတေ"

"ဟုတ်ကဲ့ပါ ဘိုး"

ဘိုးထွန်းကြွယ် ပြောမယ့်အကြောင်းကို ကျုပ် လွှတ်စိတ်ဝင်စားနေပြီဗျို့။

"ဒီလို မောင်တာတေရေ၊ ဂျပန်ခေတ်မှာ ကျုပ်က ဗမာ တပ်မတော်ထဲ ဝင်ခဲ့တယ်၊ ကျုပ် တပ်ထဲဝင်လို့ နှစ်နှစ်အကြာမှာပဲ ဗိုလ်ချုပ်အောင်ဆန်းတို့ ဂျပန်ကို တော်လှန်ဖို့ ဆုံးဖြတ်လိုက်ကြတယ်၊ တော်လှန်ရေးစလို့ သုံးလေးလလောက်ကြာတဲ့အချိန်မှာ တော်လှန်ရေးတပ်သားသစ်တွေ စုဆောင်းဖို့ ကျုပ်ကို တာဝန်ပေးခဲ့တယ်ကွဲ့၊ ဒီတုန်းက ကျုပ်က တပ်ကြပ် ဖြစ်နေပြီ၊ ပြည်မြို့



www.burmeseclassic.com

www.burmeseclassic.com



တစ်ဝိုက်မှာ ကျုပ်တို့လူစုတွေ လှုပ်ရှားခဲ့ကြရတာပေါ့ကွယ်၊ ကျုပ်နဲ့ ကျုပ်တပည့် ရဲဘော်အောင်ညွှန့်နဲ့က တစ်ဖွဲ့ပေါ့၊ ကျန်တဲ့အဖွဲ့တွေလည်း သူ့နေရာနဲ့သူ တပ်ဖျောက်ပြီး လျှို့ဝှက်လှုပ်ရှားနေကြရတာပေါ့ မောင်တာတေရယ်၊ ကိစ္စရှိရင်တော့ ကျုပ်တို့တွေ ရွာထဲက ဆက်သားလွှတ်ပြီး ဆက်သွယ်ကြရတာပေါ့ကွာ။ တပ်သားသစ်တွေ စုဆောင်းလို့ရပြီဆိုတာနဲ့ ကျုပ်တို့ချင်း အဆက်အသွယ်လုပ်ကြ၊ ညဘက်မှာ ခရီးထွက်ကြနဲ့ ခက်ရာခက်ဆစ်ကို လှုပ်ရှားနေကြရတာကွဲ့၊ ဂျပန်ကလည်း ကျုပ်တို့ တော်လှန်ရေးရဲဘော်တွေကို မြေလှန်ပြီး ရှာနေတဲ့အချိန်လေကွယ်။ တော်လှန်ရေးရဲဘော်တွေ မိလို့ကတော့ တွေ့တဲ့ရွာ သချိုင်းကုန်းထဲမှာ ကျင်းတူးပြီး ခေါင်းဖြတ်သတ်ခဲ့ကြတာချည်းပဲ၊ ကျုပ်တို့ တော်လှန်ရေးရဲဘော်တစ်ချို့ဆိုရင် ဂျပန်ခေါင်းဖြတ်သတ်တာ ခံသွားကြရတဲ့ အချိန်ပေါ့ကွယ်။

ဒါပေမဲ့ ကျုပ်တို့တွေ သေမှာကို မကြောက်ကြဘူးကွဲ့၊ ကျုပ်တို့လုပ်နေတဲ့ ဂျပန်တော်လှန်ရေးကြီး အောင်မြင်မှ ဖြစ်မှာလေကွယ်။ ဒီတော့ ကိုယ့်ကိုပေးထားတဲ့ တာဝန်ကို နည်းနည်းမှ တွန့်ဆုတ်လို့ မရဘူးလေ၊ ဂျပန် အန္တရာယ်ကြားမှာပဲ ကျုပ်တို့ လှုပ်ရှားနေကြရတာပေါ့ကွယ်၊ တပ်သားသစ်တွေ ကြိတ်ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းကြ၊ သတ်မှတ်တဲ့စခန်းကို ညဘက်မှာ တပ်သားသစ်တွေကို ရောက်အောင်ပို့ပေးကြနဲ့ သေမင်းနဲ့ ကစားနေကြရသလိုပါပဲ ကွယ်"

ဘိုးထွန်းကြွယ်က စကားကို ခဏရပ်ပြီး ရေနွေးတစ်ခွက် သောက်တယ်။ ပြီးတော့ ဆေးလိပ်ခွက်ကလေးထဲမှာ ထည့်ထားတဲ့ သူ့ရဲ့ဆေးတံကောက်ကောက်ကလေးကို ဗာဂျီးနံ့ယားဆေးတစ်စုံသိပ်ပြီး မီးခတ်ကလေးကို ခွပ်ကနဲ မြည်အောင် ခတ်ပြီး မီးညှိလိုက်တယ်။

ဆေးတံကို သုံးလေးဖွာ ဖွာပြီးတော့မှ ဆက်ပြောတာဗျ။ ကျုပ်ရယ်၊ ဘိုးစိန်ညိုရယ်၊ ချစ်ညိုရယ်ကတော့ ဘိုးထွန်းကြွယ် ပြောတာကို စိတ်ဝင်စားလွန်းလို့ အသက်ကိုတောင် ပြင်းပြင်းမရှူဘဲ နားထောင်နေကြတာပေါ့ဗျာ။

"တစ်နေ့တော့ ကျုပ်နဲ့ ရဲဘော်အောင်ညွန့်နဲ့ နေ့လယ်ဘက် အိပ်ပျော်နေကြတာကွဲ့၊ ညက တပ်သားသစ်တွေကို လျှို့ဝှက်စခန်းရောက်အောင်ပို့ပြီး ပြန်လာကြရတာဆိုတော့ တစ်ညလုံး မအိပ်ကြရဘူးလေ၊ ဒီတော့ နှစ်ယောက်သား အိပ်ပျော်ကြတော့ တာပေါ့ကွယ်။ ကျုပ်နဲ့ အောင်ညွန့် အိပ်နေကြတာက ရွာဦးကျောင်း ဆရာတော်ရဲ့ ကျောင်းဝိုင်းကြီးထဲက ဥယျာဉ်ကြီးထဲမှာပေါ့ကွယ်၊



www.burmeseclassic.com

www.burmeseclassic.com



သရက်ပင်အုပ်အုပ်ကြီးတွေအောက်မှာ ဝါးကြောဖျာကြမ်း တစ်ချပ်ခင်းပြီး ဆရာတပည့်နှစ်ယောက် အိပ်ပျော်နေကြတာ ရွာထဲကို ဂျပန်စစ်တပ် ဝင်လာတာလည်း ကျုပ်တို့ မသိလိုက်ဘူး၊ ရွာဦးကျောင်းကို ဂျပန်စစ်သားတွေ ဝိုင်းထားတာလည်း ကျုပ်တို့ မသိဘူးကွဲ့၊ ဂျပန်က ကျုပ်တို့နှစ်ယောက်သတင်းကို အတိအကျကို ရထားတာကလားကွယ်"

"ဟင်…ဘယ်လိုလူကများ ဂျပန်ကို သတင်းပေးပါလိမ့်ဗျာ၊ ဘိုးတို့လို တိုင်းပြည်အတွက် အသက်ပေးပြီး အလုပ်လုပ်နေရတဲ့သူတွေကိုတောင် မသိကြတော့တာလားဗျာ"

ကျုပ်က အားမလိုအားမရဖြစ်ပြီး စကားဖြတ်ပြောလိုက်မိတာဗျ။ ဘိုးထွန်းကြွယ်က ခေါင်းလေးတဆတ်ဆတ်ညိတ်ပြီး ပြောတယ်ဗျ။

"မောင်တာတေရယ်၊ ဂျပန်အလိုတော်ရိတွေက ငွေပေးပြီး ရွာတွေထဲမှာ တော်လှန်ရေးရဲဘော်တွေ ရှိ၊ မရှိ စုံစမ်းကြတာလေကွယ်၊ ဒီမှာတင် ငွေများများလိုချင်တဲ့သူက သတင်းပေးတော့တာပေါ့လေ။ ကျုပ်တို့နှစ်ယောက်ကို စစ်ဖိနပ်နဲ့ ခပ်ပြင်းပြင်းကန်နှိုးလိုက်လို့ ကျုပ်နဲ့ အောင်ညွန့် ဝုန်းကနဲ ထထိုင်လိုက်ကြတာ နှစ်ယောက်သား ပြိုင်တူပဲကွဲ့၊ ဒါပေမဲ့ ကျုပ်တို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



သိပ်နောက်ကျသွားပြီ မောင်တာတေရေ၊ ဂျပန်စစ်သားဆယ်ယောက် လောက်က ကျုပ်တို့နှစ်ယောက်ကို ရိုင်ဖယ်သေနတ်တွေနဲ့ ချိန်ထားကြပြီလေ။ မျက်မှန်ဝိုင်းဝိုင်းလေး တပ်ထားတဲ့ ဂျပန်ဗိုလ်က သူ့ခါးမှာ ချိတ်ထားတဲ့ ဓားရှည်ကို ဓားရိုးပေါ် လက်တင်ပြီး ကျုပ်တို့ကို သေသေချာချာ ကြည့်နေတယ်ကွဲ့။ ဂျပန်ဗိုလ်ရဲ့ မျက်နှာကို ကျုပ် သေသေချာချာ ကြည့်လိုက်မိတယ်၊ တော်တော်ကို ရက်စက်မယ့်ပုံပဲကွယ်၊ လူတစ်ယောက်ကို ရက်ရက်စက်စက် သတ်ဖို့ နည်းနည်းမှကို လက်တွန့်မယ့်လူ မဟုတ်ဘူးကွဲ့၊ ကျုပ်ကို ကြည့်နေလိုက်တာများ ချက်ချင်းကို ဓားနဲ့ခုတ်တော့မယ့်ပုံပဲ မောင်တာတေရေ"

"မာစတာ မေးနေတယ် ကောင်းကောင်းဖြေပါ၊ မင်းတို့ ဗမာတပ်မတော်က စစ်သားတွေမို့လားတဲ့"

"ဂျပန်စကားပြန်က ကျုပ်ကို မေးတယ်၊ ကျုပ်က ဒီကောင့်မျက်နှာကိုကြည့်ပြီး တော်တော်ကို ရွံသွားမိတာကွဲ့၊ ဒီကောင်က ဒီလောက်ရှားပါး ဆင်းရဲနေတဲ့ခေတ်မှာ ရှပ်အင်္ကျီ အကောင်းစားကို အပေါ်က ပိုးတိုက်ပုံအနက် ထပ်ဝတ်လို့လေ၊ ခါးက ပုဆိုးကလည်း ပလေကပ်အကောင်းစားကွဲ့၊ ငွေရှင် ဘာမဆို လုပ်မယ်ဆိုတဲ့ ရုပ်မျိုးပေါ့ကွယ်၊ ကျုပ် စဉ်းစားပိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်လေ၊ ဗမာစစ်သား မဟုတ်ပါဘူးလို့ပြောလည်း ရိုက်ပုတ်စစ်ဆေးပြီး နောက်ဆုံး သတ်ပစ်မှာပဲဗျ။ ကျုပ်တို့ ပုန်းခိုနေတဲ့နေရာကိုတောင် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်အောင်လာနိုင်သေးတာပဲဗျာ၊ ကျုပ်တို့သတင်းကိုလည်း သေသေချာချာ သိပြီးရောပေါ့၊ ဒါပေမဲ့ ကျုပ်တွေးမိတာက သေနတ်တွေကွဲ၊ ကျုပ်နဲ့ အောင်ညွှန့်သေနတ်တွေကို ဒီရွာအနောက်က သင်္ချိုင်းကုန်းထဲမှာ ဝှက်ထားကြတာ၊ ကျုပ်တို့ ဗမာစစ်သားပါလို့ ဝန်ခံလိုက်ရင် ဒီကောင်တွေက ကျုပ်တို့ကို တန်းသတ်မှာ မဟုတ်သေးဘူးကွဲ၊ လက်နက်တွေ ဘယ်မှာဝှက်ထားတုံးဆိုတာကို မပေါ်မချင်း စစ်ဦးမှာပဲ၊ ပြီးရင် ကျုပ်တို့ရဲ့ ပင်မတပ်ရင်းက ဘယ်ဟာလဲဆိုတာ ပေါ်အောင် စစ်ဦးမှာပဲ၊ တပ်မှာ လူအင်အား ဘယ်လောက်ရှိတုံး၊ လက်နက်အင်အား ဘယ်လောက်ရှိတုံး၊ ဘယ်နေရာမှာ အခုတပ်စွဲထားတုံးဆိုတာတွေကို မပေါ် ပေါ်အောင်ကို ထပ်စစ်မှာ သေချာတယ်။ ကျုပ်တို့က လုံးဝမဖော်ရင်ဖြစ်စေ၊ ဖော်လိုက်ရင်ဖြစ်စေ ဘယ်လိုပဲဖြစ်ဖြစ် နောက်ဆုံးတော့ ထုံးစံအတိုင်း ခေါင်းဖြတ်သတ်မှာပဲလေကွယ်၊ ဒီတော့ ကျုပ်က စကားပြန်ကို လေချိုသွေးရတော့တာပေါ့ကွယ်။

ဒီမှာ ငါ့ညီ၊ မင်းရုပ်ရည်ကို ကြည့်ရတာ စိတ်ဓာတ်



www.burmeseclassic.com

www.burmeseclassic.com



အခွင့်အတန်းမြင့်တဲ့ လူတစ်ယောက်ဆိုတာ အစ်ကို သိပါတယ်၊ အစ်ကိုတို့နှစ်ယောက်ဟာ စစ်သားတွေ မဟုတ်ရပါဘူး ငါ့ညီရယ်၊ တောင်သူတွေပါ၊ အိမ်မှာ နွားလိုအပ်နေလို့ နွားကောင်းကောင်း တစ်ရှဉ်းဝယ်ဖို့ ထွက်လာတာပါ၊ မင်းရဲ့ မာစတာကို ပြောပေးပါကွာ'

'ဟား၊ ဟား၊ ဟား၊ မင်း လိမ်မနေနဲ့ ထွန်းကြွယ်၊ မင်းက ထွန်းကြွယ်၊ ဒီကောင်က အောင်ညွန့် ဆိုတာ ငါ သိသလို မာစတာလည်း သိနေတယ်'

ကျုပ် တော်တော်ကို အံ့ဩသွားတာဗျာ။ ကျုပ်တို့ကို ဘယ်လိုများ သိသွားတာတုံးဆိုတာ ကျုပ်ဖြင့် တွေးကို မတွေး တတ်တော့ပါဘူးကွာ။

ဂျပန်စစ်ဗိုလ်က စကားပြန်ကောင်ကို ဂျပန်လို ပြောလိုက်တယ်။ တစ်ခုခုကို မေးလိုက်တာလို့ ကျုပ်ထင်တယ်၊ စကားပြန် ကောင်က ဂျပန်စစ်ဗိုလ်ကို ရိုရိုကျိုးကျိုး အမူအရာနဲ့ ဂျပန်လို ပြောလိုက်တယ်။

'ဖော့င်း'

ဂျပန်စစ်ဗိုလ်က ချက်ချင်း ကျုပ်မျက်နှာကို စစ်ဖိနပ်နဲ့ ဆောင့်ကန်ပစ်လိုက်တယ်။ ကျုပ်လည်း နောက်ကို လန်ကျသွား



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့ကွယ်၊ ဂျပန်စစ်ဗိုလ်က အသံနက်ကြီးနဲ့ ကျုပ်ကို အော်ပြောတယ်၊ ဘာတွေပြောမှန်းတော့ ကျုပ် မသိဘူးကွဲ့။

"ထွန်းကြွယ် ,မာစတာက မင်းကို လူလိမ်လို့ ပြောနေတာ၊ ဂျပန်မာစတာတွေက သူခိုးတို့ လူလိမ်တို့ဆိုရင် သိပ်မုန်းကြတာကွ၊ မင်းတို့နှစ်ယောက်ရဲ့ ဘဝကတော့ ဒီမှာတင် အဆုံးသတ်သွားပြီ ထွန်းကြွယ်။ အေးလေ၊ မင်းတို့ကလည်း မိုက်လုံးကြီးကြတာကိုး၊ ဂျပန်လို လက်နက်အင်အား လူအင်အား ပြည့်စုံတဲ့ စစ်တပ်ကြီးကို မီးကျိုးမောင်းပျက် သေနတ်လောက်ရှိတဲ့ ဗမာတပ်က ဘယ်နှယ်တော်လှန်လို့ရမှာတုံးကွာ၊ အင်း မင်းတို့လောက် မိုက်တဲ့လူတွေကတော့ ရှိမှာမဟုတ်ပါဘူးလေ"

ကျုပ်မျက်လုံးတွေ မီးဝင်းဝင်းထတောက်သွားရောပေါ့ကွယ်။ ကျုပ် ဘယ်လိုက ဘယ်လိုလုပ်လိုက်မှန်းတောင် မသိတော့ပါဘူးကွယ်။

'ခွပ်' 'ခွပ်' 'ခွပ်'

ကျုပ် စကားပြန်ရဲ့ မျက်နှာကို လက်သီးနဲ့ တရစပ်ထိုးမိတော့တာပဲ မောင်တာတေရာ။ စကားပြန်ကောင်ရဲ့ ပါးစပ်ထဲက သွေးတွေ စီးကျလာတဲ့အချိန်မှာ 'ဒုတ်' ဆိုတဲ့ အသံတစ်ချက်ကြားလိုက်ရပြီး ကျုပ်မျက်လုံးထဲမှာ မီးတွေပွင့်သွားရောပေါ့



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်လည်း ဒူးထောက်ရက် ကျသွားတယ်။ နောက်က ဂျပန် စစ်သားက ကျုပ်ကို သေနတ်ဒင်နဲ့ ဆောင့်လိုက်တာလေကွယ်။

ဟေး

ဂျပန်ဗိုလ်ရဲ့ အော်သံကြီး ထွက်လာပြီး ဂျပန်လို အမိန့် ပေးသံကြီး ပေါ်လာတယ်၊ ခဏနေတော့ ကျုပ်နဲ့ အောင်ညွန့် နှစ်ယောက်စလုံးကို လက်ပြန်ကြိုးတွေတုပ်ပြီးသား ဖြစ်သွားတော့ တာပေါ့ကွယ်။ ရိုင်ဖယ်သေနတ်တွေ ကိုင်ထားတဲ့ ဂျပန်စစ်သား တွေက ကျုပ်တို့နှစ်ယောက်ကိုညှပ်ပြီး ရွာထဲကနေ ခေါ်ထုတ်လာ ကြတယ်။

ဂျပန်စစ်တပ်က တောထဲကဖြတ်ပြီး ရောက်လာတာဆို တော့ ကျုပ်တို့တွေသတင်း လုံးဝမရခဲ့ကြဘူး။ ရွာတွေနဲ့ လှမ်းတဲ့ တောင်ခြေက တောထဲမှာ ဒီကောင်တွေ စခန်းချထားတာ ကွဲ့ သူတို့စခန်းကို ရောက်တာနဲ့ ကျုပ်နဲ့ အောင်ညွှန့်ကို သစ်ပင် တစ်ပင်စီမှာ ကြိုးနဲ့ မလှုပ်နိုင်အောင် တုပ်လိုက်ကြတယ်။ အဲဒီ အချိန်ကစပြီး လောကငရဲကို ခံစားရတော့တာပေါ့ကွယ်။ ဂျပန် စစ်ဗိုလ်က ကျုပ်ကို ထိုးကြိတ်ကန်ကျောက်ပြီး ကျုပ်တို့ရဲ့တပ် ဘယ်မှာတုံး၊ ကျုပ်တို့နှစ်ယောက်ရဲ့ လက်နက်တွေ ဘယ်မှာဝှက် ထားတုံးဆိုပြီးမေးတော့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com


ကျုပ်ကလည်း ကျုပ်တို့နှစ်ယောက်ဟာ တပ်က ရိက္ခာ ဝယ်ခိုင်းလို့ လာဝယ်တဲ့အကြောင်း၊ အခုအချိန်မှာ တပ်က ခရီး ဆက်သွားလို့ အဆက်ပြတ်သွားတဲ့အကြောင်း၊ ဂျပန်တပ်ကြီး နောက်က လိုက်လာလို့ သူတို့လည်း ကျုပ်တို့ကို မစောင့်ဘဲ အမြန်ထွက်သွားကြလို့ ကျုပ်တို့နဲ့ အဆက်ပြတ်သွားရတဲ့အကြောင်း တွေကို စကားပြန်ကတစ်ဆင့် ပြောပြတယ်။ ဒါပေမဲ့ ဒီစကားပြန် က ကျုပ်လက်သီးနဲ့ ထိုးထားတဲ့ စကားပြန် မဟုတ်လို့ တော်သေး တာပေါ့ကွယ်။ ကျုပ်တို့ကို စစ်ဆေးတဲ့နေရာက စကားပြန်က တခြားတစ်ယောက်ကွဲ့၊ ဒီကောင်ကတော့ မျက်နှာတော်တော်လေး တည်ကြည်တယ်၊ ကျုပ်ပြောသမျှကို ဂျပန်စစ်ဗိုလ်ကို အမှန်အတိုင်း ပြောပြပုံရတယ်။ ဒါပေမဲ့ ဂျပန်ဗိုလ်က ဘယ်ယုံပါ့မလဲကွယ်၊ ကျုပ်နဲ့ အောင်ညွန့်ကို တစ်ညလုံး နှိပ်စက်တော့တာပါပဲ မောင်တာတေရယ်။ ရဲဘော်အောင်ညွန့် ဆိုတဲ့ ကောင်ကလည်း သတ္တိရှိတဲ့နေရာမှာတော့ ကျုပ်ထက် မပိုရင်သာ ရှိရမယ်၊ ကျုပ် ထက်တော့ မခံလျော့တာ သေချာတယ်ကွဲ့၊ အောင်ညွန့်ကလည်း ကျုပ်ပြောတဲ့အတိုင်း ပြောတာပဲကွဲ့၊ ကျုပ်ကလည်း ကျုပ်ကို စစ်တဲ့အခါမှာ အောင်ညွန့် ကြားအောင် ခုပ်ကျယ်ကျယ်လေး ပြောပေးရတာပေါ့ကွယ်။ ဒါကို အောင်ညွန့်က သေသေချာချာ


www.burmeseclassic.com

www.burmeseclassic.com



နားထောင်ပြီးတော့ ကျုပ်နဲ့ ထွက်ချက်ချင်း တစ်လုံးမကျန်တူအောင် ပြောတော့တာပေါ့ကွယ်၊ ဒါကို စကားပြန်က ရိုပ်မိပေမယ့် ဘာမှမပြောနိုင်ဘူးကွဲ့၊ ဒီတော့ ကျုပ်နဲ့ အောင်ညွှန့်ပြောတာ တစ်ထပ်တည်းကျနေတော့တာပေါ့ကွယ်။

နောက်နေ့ရောက်တော့ ဘယ်ရွာက လူတွေခေါ်လာတယ် မသိပါဘူးကွယ်။ ဒီလူတွေက ပေါက်တူးတွေနဲ့ ရောက်လာကြတာပေါ့၊ ဒီကတည်းက ကျုပ်ရော အောင်ညွှန့်ရော သိလိုက်ကြတာပေါ့ မောင်တာတောရယ်၊ ဒီလူတွေကို ကျင်းတူးဖို့ ခေါ်လာတာကွဲ့၊ ကျုပ်တို့ကို ခေါင်းဖြတ်တော့မှာ သေချာပြီပေါ့ကွယ်၊ ကျင်းတူးမယ့် လူစုကို ဂျပန်စစ်သားနဲ့ စကားပြန်က ခေါ်သွားတယ်၊ ဘယ်မှာသွားပြီး တူးတယ်လို့တော့ မသိဘူးကွဲ့။

အဲဒီနေ့တစ်နေ့လုံးတော့ ကျုပ်တို့နှစ်ယောက်ကို ထပ်ပြီး မစစ်တော့ဘူးဟေ့၊ အစာနည်းနည်းကျွေးတယ်၊ ရေတိုက်တယ်။

ညနေစောင်းတော့ စကားပြန် ရောက်လာပြီး ကျုပ်ကို ပြောတယ်။

'ခင်ဗျားတို့ကို နောက်ဆုံး အခွင့်အရေးပေးမယ်လို့ စစ်ဗိုလ်က ပြောတယ်၊ ခင်ဗျားတို့ တပ်စခန်းနေရာကို အမှန် အတိုင်းပြောရင် ဒီည ခင်ဗျားတို့ကို မသတ်တော့ဘူးတဲ့'



www.burmeseclassic.com

www.burmeseclassic.com


သူတို့ကို တော်လှန်နေတဲ့ ဗမာစစ်သားကို မှိမှတော့ မသတ်ဘူးဆိုတဲ့ ဂျပန် ရှိပါ့မလား မောင်တာတေရယ်။ ဒီတော့ ကျုပ်က စကားပြန်ကို တိုတိုပဲ ပြောလိုက်တယ်။

'မင်းစစ်ဗိုလ်ကို သွားပြောလိုက်ပါ၊ ကျုပ်တို့မှာ ဘာမှ ပြောစရာမရှိဘူး၊ ကြိုက်တဲ့အချိန် သတ်လိုက်လို့'

စကားပြန်လည်း ကျုပ်စကားကိုကြားတော့ ချာကနဲ လှည့်ထွက်သွားတယ်။

နောက်ထပ်တော့ ဘယ်သူမှ ထပ်မလာဘူးကွဲ့၊ ညမိုးချုပ် စရောက်ကော့ ကျုပ်နဲ့ အောင်ညွှန့်ကို ထမင်းကျွေးတယ်။ စကားပြန်က ကျုပ်တို့ကို ကြိုက်သလောက် စားနိုင်တယ်၊ ဒါနောက်ဆုံး ညစာပဲလို့ ပြောတယ်ဟေ့။ ကျုပ်နဲ့ အောင်ညွှန့်လည်း တစ်ဝစား ကြတော့တာပေါ့ကွာ။

'အောင်ညွှန့်ရေ၊ တစ်ဝသာ စားကွာ၊ သေလည်း ဝဝ လင်လင် စားသောက်ပြီးမှ သေကြတာပေါ့ကွာ'

လို့ ကျုပ်ကပြောတော့ အောင်ညွှန့်က တဟားဟားနဲ့ ရယ်တယ်ကွ။ အောင်ညွှန့်ဆိုတဲ့ကောင်ကတော့ နည်းနည်းမှကို ကြောက်သွေးပါပုံမရဘူး မောင်တာတေရေ။ ကျုပ်တို့နှစ်ယောက် ထမင်းစားသောက်ပြီး သိပ်မကြာဘူးကွဲ့၊ ဂျပန်စစ်သားတွေ


www.burmeseclassic.com

www.burmeseclassic.com


ရောက်လာပြီး ကျုပ်တို့ကို လက်ပြန်ကြိုးတွေ ပြန်တုပ်ကြတယ်၊ စောစောက ကျုပ်တို့ ထမင်းစားဖို့ ကြိုးဖြည်ပေးထားတာလေ ကွယ်၊ ကြိုးတုပ်ပြီးတာနဲ့ ဂျပန်စစ်သားတွေက လက်ဟန်ခြေဟန် ပြပြီး ကျုပ်တို့နှစ်ယောက်ကို သွားခိုင်းတယ်။ ဒီကောင်တွေ စုစုပေါင်း ငါးယောက်ကွ၊ ရိုင်ဖယ်သေနတ်ကြီးတွေနဲ့က သုံး ယောက်၊ နှစ်ယောက်ကတော့ လက်ချည်းပဲ၊ ရိုင်ဖယ်ကိုင်ထားတဲ့ ဂျပန်စစ်သားတစ်ယောက်က ရှေ့ကဦးဆောင်ပြီး ခေါ်သွားတယ်။ အဲဒီအကောင်ရဲ့နောက်က ကျုပ်၊ ကျုပ်နောက်က အောင်ညွှန့်၊ အောင်ညွှန့်နောက်မှာ လက်နက်မပါတဲ့ ဂျပန်နှစ်ယောက်၊ အဲဒီ ကောင်နှစ်ကောင်ရဲ့နောက်ကမှ ရိုင်ဖယ်ကြီးတွေ ကိုင်ထားတဲ့ ဂျပန်စစ်သား နှစ်ယောက်။

ကျုပ်တို့နှစ်ယောက်ကို သတ်ဖို့ တူးထားတဲ့ကျင်းတွေက ဂျပန်တွေ စခန်းချတဲ့ တောအုပ်ကလေးနဲ့ဆိုရင် တော်တော်လှမ်း သေးတာကွဲ့၊ အဲဒီနေရာမှာ သချိုင်းကုန်းလေးတစ်ခု ရှိတယ်။ ဒီအနီးအနားရွာလေးတွေက လူသေရင် ဒီသချိုင်းကုန်းလေးမှာ လာပြီးသင်္ဂြိုဟ်ကြပုံပဲ။ ဂျပန်တစ်ယောက်က ကျုပ်ကို တောင် ဘက်က ကျင်းနှုတ်ခမ်းမှာ ဒူးထောက်ထိုင်ခိုင်းတယ်။ အောင်ညွှန့် ကိုတော့ မြောက်ဘက်က ကျင်းနှုတ်ခမ်းမှာ ဒူးထောက်ခိုင်းထား


www.burmeseclassic.com

www.burmeseclassic.com


တယ်။

ဘယ်လောက်သတ္တိကောင်းကောင်း ဒီလိုအချိန်မှာတော့ မကြောက်တဲ့လူ ရှိမှာမဟုတ်ပါဘူး မောင်တာတောရယ်။

'အောင်ညွန့် ဘာမှမတွေးနဲ့၊ ဘုရားကိုပဲ အာရုံယူထား'

'ဟုတ်ကဲ့ ဆရာ၊ ဒါပေမဲ့ ကျုပ် မသေချင်သေးဘူးဗျ၊ ဒီဂျပ်နကောင်တွေကို ကျုပ်လက်နဲ့ သတ်ချင်သေးတာပဗျာ'

'ရဲဘော်အောင်ညွန့်၊ ဒါတွေ တွေးမနေနဲ့တော့၊ ဘုရားကိုပဲ အာရုံပြုထား'

'ဟုတ်ကဲ့ပါ ဆရာ'

ကျုပ် ခပ်လှမ်းလှမ်းကို ကြည့်လိုက်တော့ ထနောင်းပင်ကြီးတွေအောက်မှာ ကျင်းစူးပေးတဲ့ ရွာသားတွေထိုင်ပြီး ကျုပ်တို့ကို ကြည့်နေကြဖွယ်ကွဲ့၊ ဒီတော့မှ ကျုပ်တွေးမိတယ်။ ကျုပ်တို့ကို သတ်ပြီးရင် ကျင်းကို မြေပြန်ဖို့ဖို့ ခေါ်ထားတာကိုး မောင်တာတောရဲ့၊ ခဏနေတော့ နေဝင်သွားပြီကွဲ့၊ အိပ်တန်းတက်ဖို့ ရောက်လာတဲ့ ငှက်တွေရဲ့ အသံတွေက သချိုင်းကုန်းလေးကို ဖုံးသွားတယ်။ ခပ်ဝေးဝေး ရွာလေးတွေဆီက ခွေးဟောင်သံကို ကျုပ်ကြားနေရတယ်။ ဒီနေရာနဲ့ အနီးဆုံးရွာဆိုတာ ခွေးတစ်ဟောင် တော့ ဝေးသေးတာပဲလို့ ကျုပ် တွေးလိုက်မိတယ်။


www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်း မိုးချုပ်လာတာပေါ့ကွယ်။ ဒီမှာတင် ကျုပ် ဘုရားကို အာရုံပြုပြီး သစ္စာဆိုလိုက်တယ်။

သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားပိုင်ပိုင် သိမြင်တော်မူနိုင်ပါသော သဗ္ဗညုတဉာဏ်တော်ကြီးကို ရရှိတော်မူသည့် မြတ်စွာဘုရားရှင်ကိုယ်တော်ဘုရား…ဘုရားတပည့်တော် ထွန်းကြွယ်သည် ကောင်းမှု မကောင်းမှုကို ခွဲခြားသိခဲ့သည့်အချိန်မှစပြီး မကောင်းမှု မှန်သမျှကို ရှောင်ကြဉ်ခဲ့ပါတယ် အရှင်ဘုရား။ ဘုရားတပည့်တော်သည် စစ်တပ်ထဲ ဝင်ခဲ့သည့်နေ့မှစပြီး တိုင်းပြည်နဲ့ လူမျိုး၊ လွတ်လပ်ရေးရဖို့အတွက်သာ စိတ်အာရုံမှာ အချိန်ပြည့်ရှိခဲ့သူပါဘုရား၊ မိမိကိုယ်ကျိုးအတွက် ဘာတစ်ခုမှ ရယူခြင်း၊ ဆောင်ရွက်ခြင်း မပြုခဲ့ပါဘုရား၊ ဤမှန်သော သစ္စာစကားကြောင့် ဘုရားတပည့်တော် ထွန်းကြွယ်နဲ့ ရဲဘော်အောင်ညွန့်တို့အား ကယ်တင်မည့်သူ ပေါ်လာပါစေဘုရား၊ ဘုရားတပည့်တော်တို့နှစ်ယောက် ယခုရင်ဆိုင်နေရသည့် အသက်ဘေးမှ လွတ်မြောက်ရပါလို၏ အရှင်ဘုရား၊ ဘုရားတပည့်တော် ပြုခဲ့ဖူးသည့် ကောင်းမှုမှန်သမျှကိုလည်း ဤနေရာကို ပိုင်ဆိုင်ကြသည့် ဘောစောင့်နတ်၊ တောင်စောင့်နတ်၊ ရွာစောင့်နတ်၊ သချိုင်းစောင့်ပုဂ္ဂိုလ်ပါမကျန် အမျှပေးဝေပါသည်။ အားလုံး အမျှ၊ အမျှ၊ အမျှ



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က အာရုံကို ငြိမ်ထားပြီး သက်ရှိထင်ရှား ဘုရားရှင်ကိုယ်တော်မြတ်ကြီးအရှေ့မှာကို သစ္စာပြုလျှောက်ထားသလို လျှောက်ထားလိုက်တာကွဲ့ မောင်တာတေရဲ့။

ကျုပ် သစ္စာဆိုလို့လည်းပြီးရော မှောင်ထဲက ထွက်လာတဲ့ ခွေးအူသံကြီးကို ကြားရတော့တာပါပဲကွယ်။

ဝူး၊ ဝူး။ ဝူး၊ ဝူး၊ ဝူး

ဆိုတဲ့ အသံကြီးဟာ တစ်မျိုးကြီးပဲကွ၊ အသံမှ အကြီးကြီးပဲဟေ့။ ကျုပ်စိတ်ထင်တော့ အဲဒီခွေးကြီးအူတဲ့အသံဟာ လိုဏ်သံကြီးတောင် ပါနေတာကွဲ့ မောင်တာတေရဲ့။ ကျုပ်လည်း ခွေးအူသံကြားတဲ့ဆီကို လိုက်ကြည့်တာပဲဟေ့၊ တဖြည်းဖြည်းနဲ့ အသံကနီးသထက် နီးလာပြီး နောက်ဆုံးတော့ သချိုင်းကုန်းက အုတ်ဂူလေးတွေကြားမှာ ဘွားကနဲ ပေါ်လာတာဟေ့၊ ခွေးနက်ကြီးဗျာ၊ နည်းတဲ့အကောင်ကြီး မဟုတ်ဘူးကွဲ့၊ ကျုပ်စိတ်ထင် ပြောရရင်တော့ နွားမဒန်းတစ်ကောင်လောက် ရှိလိမ့်မယ်။ ကျုပ် ဂျပန်တွေကို လှမ်းကြည့်တော့ ဒီကောင်တွေလည်း ခွေးအူသံကြီးကြားပြီး ဟိုကြည့် ဒီကြည့် လုပ်နေကြတာကွဲ့။ ဂျပန်စစ်သားတစ်ယောက်ဆိုရင် သူ့လက်ထဲက ရိုင်ဖယ်သေနတ်ကြီးနဲ့ ခွေးအူသံကြားတဲ့ဘက်ကို ချိန်ထားတာ တွေ့ရတယ်ကွ၊ ဒါပေမဲ့ ဒီကောင်တွေ



www.burmeseclassic.com

www.burmeseclassic.com



ခွေးနက်ကြီးကို မြင်ပုံမရသေးဘူး မောင်တာတေရဲ့။ ဒီတော့မှ ကျုပ်တွေးမိတာကွဲ့၊ သေခါနီးလူဆိုတာ ကံအနိမ့်ဆုံးအချိန်ကို ရောက်နေတာမို့လား၊ အခု ကျုပ်ကလည်း သေခါနီးလူတစ်ယောက်လေ၊ ဒါကြောင့် နာနာဘာဝခွေးကြီးကို မြင်ရတာ ဖြစ်မှာယ်လို့ ကျုပ်တွေးလိုက်မိတယ်။ ဒါဆိုရင်တော့ ကျုပ်သေရတော့မှာပဲလို့လည်း ဆက်တွေးလိုက်မိတာပေါ့ကွယ်။ ခပ်လှမ်းလှမ်းက ရွာသားတွေကလည်း ခွေးအူသံကြီးကို ကြားကြရပုံပဲကွဲ့၊ ဒီလူတွေလည်း ကြောက်ကြောက်လန့်လန့် ဖြစ်နေပုံပဲ။

'ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ ဝူး'

ခွေးနက်ကြီးက သူ့ခေါင်းကြီးကို အပေါ်မော့ပြီး အူနေလိုက်တာ အသံနက်ကြီးကလည်း လိုက်သံကို ပါနေတာပေါ့။

'ဟော...ဂျမန်စစ်ဗိုလ် လာပြီဟေ့'

ခပ်လှမ်းလှမ်းက ထနောင်းပင်တွေအောက်မှာ ထိုင်နေတဲ့ ရွာသားတစ်ယောက်ပြောသံကို ကြားလိုက်ရတယ်။ မြီးတော့ ဒီကောင်တွေ ထိုင်နေရာက မတ်တတ်ထရပ်လိုက်ကြတယ်ကွဲ့။ ကျုပ်လည်း လှမ်းကြည့်လိုက်တယ်၊ ခပ်သုတ်သုတ် လျှောက်လာနေတဲ့ လူတစ်စုကို လှမ်းမြင်ရတယ်၊ သူတို့လက်ထဲမှာ မီးအိမ်နှစ်လုံး ထွန်းပြီး ကိုင်လာတာကိုလည်း ကျုပ်တွေ့လိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com


တဖြည်းဖြည်း နီးနီးလာပြီး လူလုံးကွဲလာတယ်။ ဂျပန်စစ်ဗိုလ်က ဓားရှည်ကြီးတစ်ချောင်းကို လက်မှာ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး ဒေါ်သတကြီး လျှောက်လာနေတာပေါ့၊ သူ့ဘေးမှာ မီးအိမ်တစ်လုံးစီ ကိုင်ထားတဲ့ ဂျပန်စစ်သားနှစ်ယောက်နဲ့ ရိုင်ဖယ်ကိုင်ထားတဲ့ ဂျပန်စစ်သားနှစ်ယောက်၊ ပြီးတော့ ကျုပ်တို့ကို နှစ်ရက်လုံးလုံး စစ်ဆေးပေးခဲ့တဲ့ ဂျပန်စကားပြန် ဗမာကောဇီပါ ပါလာတယ်။ ကျုပ်တို့နားကို ရောက်တော့ စကားပြန်ကောင်က ကျုပ်ကို ပြောတယ်ကွဲ့။

'ထွန်းကြွယ်နဲ့ အောင်ညွန့် မင်းတို့သတင်းကို မင်းတို့ ခိုအောင်းနေတဲ့ရွာက လူတစ်ယောက်က အတိအကျပေးခဲ့လို့ ဂျပန်တပ်က သိထားပြီးသားပါ၊ အခု ဂျပန်စစ်ဗိုလ်က နောက်ဆုံးအနေနဲ့ ပြောခိုင်းတယ်၊ မင်းတို့ရဲ့ ပင်မတပ်စခန်းချထားတဲ့နေရာကို မင်းတို့ကိုယ်တိုင် လိုက်ပြရင် အသက်ချမ်းသာပေးမယ်တဲ့၊ ဒါပေမဲ့ ကိုယ်တိုင်တော့ လိုက်ပြရမှာနော် ထွန်းကြွယ်'

'ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ ဝူး'

စကားပြန်ကောင်ရဲ့ စကားမဆုံးခင်ဘဲ ခွေးနက်ကြီးက ထပြီးအူလိုက်တယ်ပေါ့။

ဂျပန်စကားပြန်ရော စစ်ဗိုလ်ရော အားလုံး လန့်သွားကြ


www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျုပ်မြင်နေရတဲ့ ခွေးနက်ကြီးက အုတ်ဂူကြီးကြီးတစ်လုံးပေါ်ကို လွှားကနဲ ခုန်တက်လိုက်တယ်ကွဲ့။

'ဟာ…ဟိုမှာ ခွေးနက်ကြီး၊ ခွေးနက်ကြီး၊ နည်းတဲ့အကောင်ကြီး မဟုတ်ဘူးကွ၊ ဒါ သရဲခွေးကြီးထင်တယ်၊ ဟောကောင်တွေ ငါတို့ ပြေးမှထင်တယ်'

'ပြေးရင် နင့်ပထွေးတွေက သေနတ်နဲ့ပစ်မှာပေါ့၊ တုံးရဲ့'

ကျင်းတူးတဲ့ကောင်တွေဆီက ထွက်လာတဲ့အသံတွေကွဲ့မောင်တာတေရဲ့။ ဒီခွေးနက်ကြီးကို ကျုပ်ကတော့ မြင်နေတာကြာပြီပေါ့ကွယ်။ ခုမှ တခြားလူတွေ မြင်ကြတာဖြစ်မယ်ကွဲ့၊ ဂျပန်စကားပြန်ကို ကျုပ်ကြည့်လိုက်တော့ ဂူပေါ်မှာ မားမားကြီးရပ်နေတဲ့ ခွေးကြီးကိုကြည့်ပြီး ကြက်သေ သေနေရောဟေ့၊ ဂျပန်စစ်သားတွေရော ဂျပန်စစ်ဗိုလ်ရော ခွေးနက်ကြီးကို ကောင်းကောင်းမြင်သွားကြပြီဟေ့။

ခဏနေတော့ ဂျပန်စစ်ဗိုလ်က လုပ်စရာကိစ္စကို မြန်မြန်ပြီးအောင် လုပ်မှပဲလို့ တွေးပုံရတယ်ကွဲ့၊ သူ့လူတွေကို ဂျပန်လိုအမိန့်ပေးလိုက်တယ်။

ဂျပန်စစ်သားတွေက ကျုပ်တို့ဘေးမှာ ဝိုင်းပြီး နေရာယူ



www.burmeseclassic.com

www.burmeseclassic.com


လိုက်ကြတယ်။ ဂျပန်စစ်ဗိုလ်က အောင်ညွန့်ဘက်ကို လျှောက်သွားတယ်ကွဲ့၊ အောင်ညွန့်ကို အရင်သတ်မှာပေါ့လေ၊ ကျုပ်က ခေါင်းငုံ့ထားရင်းနဲ့ အောင်ညွန့်ကို စောင်းကြည့်နေလိုက်တယ်။ မီးအိမ်ပြတဲ့ ဂျပန်က မီးအိမ်ကို မြှောက်ပြထားတယ်၊ မီးရောင်က အောင်ညွန့်တစ်ကိုယ်လုံးပေါ်ကို ကျနေတယ်။ ပြီးတော့ အောင်ညွန့်ရှေ့က မြေကျင်းပေါ်မှာ လင်းနေတယ်။

'ချွမ်'

ဂျပန်စစ်ဗိုလ်က သူ့ဓားရှည်ကြီးကို ချွမ်ကနဲ ဆွဲထုတ်လိုက်တယ်။

'ဂီး၊ ဂီး၊ ဂီး၊ ဂီး၊ ဂရား'

ဂူပေါ်မှာ မားမားကြီးရပ်နေတဲ့ ခွေးနက်ကြီးဆီက အူတဲ့အသံထွက်မလာတော့ဘဲ မာန်ဖီတဲ့အသံကြီး ထွက်လာတယ်။ ဂျပန်စစ်သားတွေက အလန့်တကြားနဲ့ ခွေးနက်ကြီးကို လှမ်းကြည့်တယ်။ ဂျပန်စစ်ဗိုလ်ကတော့ ဘာကိုမှ မကြည့်တော့ဘဲ သူ့လက်ထဲမှာ ကျစ်ကျစ်ပါအောင်အောင် ဆုပ်ထားတဲ့ ဓားရှည်ကြီးကို ဖြည်းဖြည်းချင်း မြှောက်လိုက်တယ်။ မီးရောင်အောက်မှာ ဂျပန်စစ်ဗိုလ်ရဲ့ မျက်မှန်က အရောင်တလက်လက် ဖြစ်နေတယ်။ ဒီအချိန်လေးမှာပဲ . . .


www.burmeseclassic.com

www.burmeseclassic.com



'ဟား၊ ဟား၊ ဟား၊ ဟား၊ ဟား မဖဲဝါတဲ့ဟေ့၊ သချိုင်းပိုင် မဖဲဝါ ဆိုတာ ငါဟဲ့၊ ငါ၊ ငါ'

ကျုပ်ဖြင့် အဲဒီအသံကြီး ကြားလိုက်တာ ကြက်သီးတွေ ဖျန်းကနဲ ထသွားလိုက်တာ မောင်တာတေရယ်၊ ပြောလိုက်တာတော့ အောင်ညွှန့် ပြောလိုက်တာပဲ။ ဒါပေမဲ့ အသံက အောင်ညွှန့်အသံ မဟုတ်ဘဲ မိန်းမအသံကြီး ဖြစ်နေတာကွ။

'ဂီး၊ ဂီး၊ ဂီး၊ ဂရား၊ ဂီး'

ခွေးနက်ကြီးကလည်း မာန်ဖီ၊ မဖဲဝါရဲ့ ကြုံးဝါးသံကြီးကလည်း ဟိန်းထွက်နေတာကွဲ့။ ကျုပ် ကြည့်လိုက်တော့...

ဟာ၊ အောင်ညွှန့် မဟုတ်တော့ဘူးဟေ့။ အောင်ညွှန့်နေရာမှာ ထဘီရင်လျားနဲ့ ဆံပင်ဖားလျားကြီး ချထားတဲ့ မဖဲဝါကြီး ဖြစ်နေပါရောလား။ အရပ်ကြီးကလည်း တော်တော်ရှည်တာကွဲ့၊ မျက်လုံးကြီးတွေကလည်း ရဲတောက်နေတာဟေ့၊ အောင်ညွှန့်ကို တုပ်တဲ့ လက်မြန်ကြိုးက သူ့ကို တုပ်လို့။

'ဟား၊ ဟား၊ ဟား၊ ဟား၊ ခုတ်ဖြိုက်လေ၊ ခုတ်လိုက်၊ ဟား၊ ဟား၊ ဟား၊ ဟား'

ဂျပန်ဗိုလ်ကို မျက်လုံးနီနီကြီးနဲ့ မော့ကြည့်တယ်။ ဂျပန်ဗိုလ်လည်း ဓားကြီးမြှောက်ရက်နဲ့ အသားတွေ တဆတ်ဆတ်တုန်



www.burmeseclassic.com

www.burmeseclassic.com



နေတာဟော့။

'ထောင်း' 'ဟား၊ ဟား၊ ဟား၊ ဟား'

ဟာ မဖဲဝါလက်မှာ ချည်ထားတဲ့ လက်ပြန့်ကြိုးကြီး ထောင်းကနဲ ပြတ်ထွက်သွားရောဟော့။ မဖဲဝါက ဆံပင်ဖားလျားကြီးနဲ့ ဆတ်ကနဲ မတ်တတ်ထရပ်လိုက်တယ်။ ဂျပန်စစ်ဗိုလ်လည်း ချာကနဲ လှည့်ပြေးတော့တာပဲ မောင်တာတေရေ။ စစ်ဗိုလ်လည်း ပြေးရော စစ်သားတွေလည်း ပြေးတော့တာပေါ့ကွာ။ ဂျပန်တွေ ပြေးတာလည်းတွေ့ရော စောစောကတည်းက ပြေးချင်နေတဲ့ ကျင်းတူးတဲ့လူတွေလည်း ပြေးတော့တာပေါ့ကွာ။

'ဂီး၊ ဂီး၊ ဂီး၊ ဂီး၊ ဂီး၊ ဂရား'

ခွေးနက်ကြီးက ဂူပေါ်ကနေ လွှားကနဲခုန်ပြီး ဂျပန်တွေ နောက်ကို လိုက်ရောဟော့။ ရိုင်ဖယ်ကိုင်ထားတဲ့ ဂျပန်စစ်သားတွေက သူတို့သေနတ်တွေကို မောင်းထိုးပြီး ခွေးနက်ကြီးကို ပစ်တဲ့လူကပစ်၊ မဖဲဝါကို ပစ်တဲ့လူက ပစ်ကြရောဟော့။

'ချောက်' 'ချောက်' 'ချောက်'

ဟာ ကျုပ်ဖြင့် အံ့သြလိုက်တာ မောင်တာတေရယ်။ ဂျပန်တွေရဲ့ သေနတ်တွေ တစ်လက်မှ ကျည်မထွက်ဘူးကွဲ့။ 'ချောက်ကနဲ'ပဲ မြည်ကုန်တာ။ ဒီမှာတင် ဂျပန်တွေလည်း နောက်



www.burmeseclassic.com

www.burmeseclassic.com



လှည့်မကြည့်တော့ဘဲ ပြေးတော့တာပေါ့။

'ဂီး၊ ဂီး၊ ဂီး၊ ဂီး၊ ဂီး'

'ဟား၊ ဟား၊ ဟား၊ ဟား၊ ဟား'

ခွေးနက်ကြီးရဲ့ မာန်ဖီသံရယ်၊ မဖဲဝါကြီး တဟားဟားနဲ့ အော်ရယ်တဲ့ အသံရယ်က အမှောင်ထုကြီးကို လွှမ်းသွားရောပေါ့။ ခွေးပြီး ဝက်ပြေး ပြေးနေတဲ့ ဂျပန်တွေကို လိုက်ကြည့်နေရာက နေ ဖဲဝါကို ကျုပ် လှည့်ကြည့်လိုက်တော့...

ဟာ မဖဲဝါ မဟုတ်တော့ဘူး မောင်တာတေရေ့၊ အောင်ညွန့်၊ အောင်ညွန့်၊ ကျင်းစပ်မှာ ငူငူကြီး ရပ်နေတယ်။ ခွေးနက်ကြီး လည်း ပျောက်သွားပြီကွဲ့။ ဒီတော့မှ သတိလစ်သလို ဖြစ်နေတဲ့ အောင်ညွန့်ကို ကျုပ် ပခုံးနဲ့တိုက်ပြီး သတိပေးရတာပေါ့ကွယ်။ ကျုပ်က လက်ပြန်ကြိုးတုပ်လျက်ကြီးလေ။ အောင်ညွန့်ကတော့ ကြိုးမရှိတော့ဘူးကွဲ့။

'အောင်ညွန့်၊ အောင်ညွန့်၊ ရဲဘော်အောင်ညွန့်'

'ဗျာ၊ ဆရာ'

ဒီတော့မှ အောင်ညွန့် သတိရတာလာပေါ့။ သတိရတာနဲ့ ကျုပ်လက်ကကြိုးကို ကပျာကယာ ဖြည်ပေးတယ်။

'ဆရာ ဘာတွေဖြစ်ကုန်တာတုံး'



www.burmeseclassic.com

www.burmeseclassic.com



အောင်ညွန့်က ဘာမှမသိလိုက်ဘူးကွဲ့၊ ဘာတွေဖြစ်သွားတယ်ဆိုတာ ကျုပ်ပဲ မြင်လိုက်ရတာလေ။

"အောင်ညွန့် ဒီအကြောင်းတွေ နောက်မှပြောပြမယ်၊ လာ လာ၊ မြန်မြန်ပြေးကြစို့"

ကျုပ်တို့ ဆရာတပည့်နှစ်ယောက်လည်း ကြယ်ရောင်လေးကို အားပြုပြီး သုတ်ခြေတင်ပြီး ပြေးကြရတော့တာပေါ့ကွယ်။ အရင်ခိုအောင်းနေတဲ့ရွာမှာ နေလို့မဖြစ်တော့ဘူးလေကွယ်၊ ဒါနဲ့ ကျုပ်တို့ ဖွက်ထားတဲ့ လက်နက်တွေယူပြီး ညတွင်းချင်း ကျုပ်တို့ရဲ့တပ် လျှို့ဝှက်စခန်းချတဲ့နေရာကို အရောက်သွားခဲ့ရတာပေါ့ မောင်တာတေရယ်။ နောက်တော့ ကျုပ်ကြားတာက ကျုပ်တို့ကို ဖမ်းပြီးသတ်ဖို့လုပ်တဲ့ ဂျပန်တပ်ခွဲလည်း ညတွင်းချင်း ပြောင်းပြေးသွားတယ်တဲ့ဟော့၊ ဒီကောင်တွေလည်း မဖဲဝါနဲ့ ခွေးနက်ကြီးကို တော်တော်ကြောက်သွားကြပုံပဲဟော့"

"ဟာ…ဘိုးရယ်၊ ကျုပ်ဖြင့် ဘိုးကြုံတွေ့ရတာကို စိတ်ဝင်စားလိုက်တာဗျာ၊ ဘိုးအစား ကြောက်လိုက်တာလည်း မပြောပါနဲ့တော့ဗျာ"

"အေးကွယ်၊ အသက်တစ်ရာ မနေရ၊ အမှုတစ်ရာတွေ့ရ ဆိုသလိုပေါ့ မောင်တာတေရယ်၊ နောက်တော့ ဘိုးရှေ့



www.burmeseclassic.com

www.burmeseclassic.com


အောင်ညွန့်ရော ဂျပန်တော်လှန်ရေးမှာ ဆက်ပြီးပါကြရတာပေါ့ လေ။ အောင်ညွန့်ကတော့ သူပြောခဲ့တဲ့အတိုင်းပါပဲကွယ်၊ ဂျပန်တော်လှန်ရေးမှာ ဂျပန်တွေကို ရွပ်ရွပ်ချွံချွံကို တိုက်တော့တာပဲ ဟော့၊ အောင်ညွန့်မှာ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ချီးမြှင့်တဲ့ ဂုဏ်ပြုမှတ်တမ်းစာရွက်တောင် ရှိသကွဲ့။ သူရော ကျုပ်ရော အသက် ခြောက်ဆယ်ပြည့်မှ၊ တပ်ထဲက ပင်စင်ယူခဲ့ကြတာ။ ကျုပ်ရော အောင်ညွန့်ရော တပ်ထဲမှာ ဗိုလ်ကြီးအဆင့်တွေ ဖြစ်ခဲ့ကြတာပေါ့ကွယ်။ ကျုပ်က ဗိုလ်ကြီးထွန်းကြွယ်၊ သူက ဗိုလ်ကြီး အောင်ညွန့်ပေါ့"

"နေပါဦး ဘိုးရဲ့၊ ဘိုးနဲ့ မဖဲဝါနဲ့ နောက်ထပ်ဆုံကြသေးလား"

ကျုပ်က ဘိုးထွန်းကြွယ်ကို မေးကြည့်တာဗျ။ ဘိုးထွန်းကြွယ်က ခေါင်းလေးကို ခါလိုက်ပြီးမှ...

"မဆုံတော့ပါဘူး မောင်တာတေ၊ ဒါပေမဲ့ ကျုပ်က မဖဲဝါကို မကြာ မကြာ သတိရပါတယ်ကွယ်၊ မဖဲဝါက ကျုပ်ရဲ့ အသက်ကို ကယ်ခဲ့တဲ့ ကျေးဇူးရှင်မကြီးလေကွယ်"

"ဟုတ်ပါတယ် ဘိုးရယ်၊ နို့ နေပါဦး ဘိုးရဲ့၊ ဘိုး အခု ကျုပ်ဆီကို လာတဲ့အကြောင်းက ဘယ်လိုများ..."


www.burmeseclassic.com

www.burmeseclassic.com



ကျုပ်စကားမဆုံးခင်မှာပဲ ဘိုးထွန်းကြွယ်က ကျုပ်ကို လက်ကာပြတယ်ဗျ။

"ဒီလို မောင်တာတေရဲ့၊ ဘိုး ရွာလောမှာ တောင်ဘက်ဝိုင်းက မောင်စုနဲ့တွေ့တော့ မောင်တာတေနဲ့ မဖဲဝါ အဆက်အသွယ်ရှိတဲ့အကြောင်း ကြားလိုက်ရတယ်၊ မောင်တာတေက မဖဲဝါကို ပင့်လို့ရတဲ့အကြောင်းလည်း ဘိုး သိလိုက်ရတယ်။ ဒီမှာတင် ဘိုးစိတ်ထဲမှာ ဆန္ဒတစ်ခု ပြင်းပြင်းပျပျ ဖြစ်လာတော့တာပါပဲကွယ်"

"ဗျာ၊ ဘယ်လိုဆန္ဒတုံး ဘိုးရဲ့"

"ဒီလို မောင်တာတေရယ်၊ ဘိုးက အသက်လည်း ခုနစ်ဆယ်နားနီးလာပြီလေကွယ်၊ ဘိုး မသေခင်မှာ ဘိုးအသက်ကို ကယ်ခဲ့တဲ့ မဖဲဝါကို တစ်ခါလောက် တွေ့ချင်တယ်၊ ပြီးတော့ သူ့ကို ဘိုးပါးစပ်က ကိုယ်တိုင်ကိုယ်ကျ ကျေးဇူးတင်စကား ပြောချင်တယ်ကွယ်၊ အဲဒီလိုပြောလိုက်ရရင် ဘိုး ဒီဘဝအတွက် သေပျော်ပါပြီကွယ်"

"ဩော်…ဒီလိုကိုး၊ ဖြစ်ပါတယ် ဘိုးရဲ့၊ ကျုပ် ကူညီပါ့မယ်၊ ဒါနဲ့ ဘိုးအောင်ညွှန့်ကို ဘာလို့ခေါ်မလာတာတုံး ဘိုးရဲ့"

"ဟာ…အောင်ညွှန့် မရှိတော့ဘူး မောင်တာတေရဲ့၊



www.burmeseclassic.com

www.burmeseclassic.com



လွှန်ခဲ့တဲ့ ငါးနှစ်က အောင်ညွှန့် ဆုံးသွားပြီ၊ ရန်ကုန်မှာ ဆုံးတာ ကွဲ့၊ ဘိုးတောင် သူ့အသုဘကို လိုက်ပို့လိုက်ပါသေးတယ်။ ဟာ အောင်ညွှန့်သာ ရှိလို့ကတော့ ဒီဓာတ်စွမ်းကို မလိုက်ဘဲ ဘယ်ရှိပါ့ မတုံးကွယ်၊ သေချာပေါက်ကို လိုက်မှာကွဲ့"

စောစောက ငြိမ်ပြီးနားထောင်နေတဲ့ ချစ်ညို့ရဲ့အဘ ဦးစိန်ညို ကျုပ်ကို ဖျတ်ကနဲ လှည့်ကြည့်တယ်ဗျ။

"မောင်တာတေ၊ မင်း ဘာလိုတုံး၊ မဖဲဝါကို ကျွေးဖို့မွေး ဖို့ လိုသမျှ ဘိုး ပေးမယ်"

ဘိုးစိန်ညို ပြောတာကို ကြားတော့ ဘိုးထွန်းကြွယ်က လက်ကာပြတယ်။

"နေပါဦး ငါ့ညီရာ၊ အစ်ကိုကြွယ် ပြောပါရစေ၊ အစ်ကို က မဖဲဝါကြီးကို အသက်သခင် ကျေးဇူးရှင်မကြီးအဖြစ်နဲ့ အစ်ကို မသေခင် လာပြီးတွေ့တာပါကွာ၊ အစ်ကို့ရဲ့ ကျေးဇူးရှင်မကြီးကို အစ်ကိုကြွယ်ပဲ ကျွေးမွေးပါရစေ ညီလေးရယ်"

ဘိုးစိန်ညိုက ဘာမှမပြောတော့ဘဲ ခေါင်းလေးပဲ ညိတ်ပြ လိုက်တယ်ဗျ။ ဘိုးထွန်းကြွယ် ပြောတာလည်း ဟုတ်နေတာပဲလေ ဗျာ။

"တာတေ အတော်ပဲကွ၊ မနက်ဖြန်မနက်ဆိုရင် အသုံးသား



www.burmeseclassic.com

www.burmeseclassic.com



ရမယ်၊ ချော်တွင်းကုန်းက ကိုလူဝကြီးတို့ အမဲပေးမယ်ပြောတယ်၊ ငါ မနက်စောစော လှည်းကောက်ပြီး သွားဝယ်လိုက်မယ်၊ ဘယ်လောက်ဝယ်ရမယ်သာပြော”

ဘိုးထွန်းကြွယ်က ကျုပ်ကို ဖျတ်ကနဲ လှမ်းကြည့်ပြီး ပြောတယ်ဗျ။

“မောင်တာတေ ပြောသာပြော၊ ဘိုးကို အားမနာနဲ့၊ ဘိုးမှာ မဖဲဝါကို ကျွေးချင်မွေးချင် ကျေးဇူးဆပ်ချင်လို့ လာခဲ့တာကွဲ့”

“ဘိုးရေ၊ မဖဲဝါကို အမဲသား နှစ်ပိဿာနဲ့ ဆန်တစ်ခွက် ချက်ကျွေးရတယ် ဘိုးရဲ့၊ သုံးပိဿာဆိုရင် မဖဲဝါက သူ့ခွေးနက်ကျော်ကြီးကိုပါ ချကျွေးရောဗျ”

“ဟော…ဟုတ်သားပဲ မောင်တာတေရယ်၊ ဘိုး အဲဒီခွေးနက်ကြီးကို မေ့နေတာကွယ်၊ အဲဒီကောင်ကြီး ကျေးဇူးလည်း ရှိပါပေတယ် မောင်တာတေရယ်၊ အဲဒီတုန်းက ဒီကောင်ကြီးကို ဂျပန်တွေ တော်တော်ကို ကြောက်သွားတာကွဲ့၊ ဒီကောင်ကြီး လိုက်ကိုက်တုန်းက အသက်လုပြေးကြတဲ့ ဂျပန်တွေကို ဘိုးမျက်စိထဲမှာ ခုထက်ထိကို မြင်နေတုန်းပါကွယ်၊ ဒီကောင်ကြီးကိုလည်း ကျွေးပေးပါ မောင်တာတေရယ်၊ ဒါပေမဲ့ သူ တို့ကို မြင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ပြမှ မြင်ရတာနော်"

"ဟာ…ဘိုး ဒီအတွက်တော့ မပူနဲ့ဗျ၊ ကျုပ်သူငယ်ချင်းတာတွေက မြင်ရတယ် ဘိုးရဲ့"

"ဟော…ဟုတ်လား မောင်တာတေ"

"ဒီအတိုင်းမြင်ရတာ မဟုတ်ဘူး ဘိုးရဲ့၊ ကျုပ်မှာ ဆရာကြီးတွေ ချီးမြှင့်ထားတဲ့ မျက်ကွင်းဆေးဆိုတာ ရှိတယ်၊ ပြီးတော့ အဲဒီမျက်ကွင်းဆေးကို ပြန်ပြီးဖျက်တဲ့ ဆေးတော်ခွင့်လည်း ကျုပ်ကို ပေးထားခဲ့တာ ဘိုးရဲ့၊ အဲဒါကြောင့် ကျုပ်က မြင်ရတာပါ"

"ဟော…ဟုတ်လား၊ ဒါဆို ဟန်ကျတာပေါ့ကွယ်၊ ခွေးနက်ကြီးကို အမဲသား ဘယ်လောက်ကျွေးမှာတုံး"

"အစိမ်းတစ်ပိဿာ ကျွေးရင် ရပါပြီ ဘိုးရဲ့"

"အေး အေး၊ ညကျတော့ ငါ့တူ မောင်ချစ်ညိုကို ဘိုးက လိုတဲ့ငွေ ပေးမကွဲ့"

"ဟုတ်ကဲ့ပါ ဘိုးရဲ့"

"ချစ်ညို အမဲသား ရလာရင် နှစ်ပိဿာတွဲကို မဖဲဝါအတွက် ချက်ကွာ၊ တစ်ပိဿာတွဲကို ငှက်ပျောဖက်နဲ့ သေသေချာချာထုတ်ထားနော်၊ ကြောင်တွေ ခွေးတွေ မစားစေနဲ့ ကြားလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး အေး၊ စိတ်ချ တာတေ၊ ငါ သေသေချာချာ လုပ်ထားမယ်၊ မဖဲဝါအတွက် ဆေးမင်းက ဆန်ဘာယ်လောက်ချက် တုံး"

"တစ်ခွက်ချက်လေကွာ"

"အေး ဟုတ်ပြီ၊ ဟုတ်ပြီ၊ အဲဒါတွေအတွက် ငါအားလုံး စီစဉ်ထားမယ်၊ မင်း ဘာမှစိတ်မပူနဲ့၊ နောက်ထပ် ဘာလိုသေးတုံး၊ နတ်ကတော်တစ်ယောက် ခေါ်ထားရဦးမှာလား တာတေ"

"မလိုဘူး ချစ်ညို၊ ခေါ်မထားနဲ့၊ ငါ ဘိုးထွန်းကြွယ်ကို မျက်ကွင်းဆေး ကွင်းပေးပြီး အမြင်ပြမှာ၊ နားကိုလည်း လိမ်းပေး ပြီး ဒိဗ္ဗသောတမန္တန် ရွတ်ပေးမှာ၊ ကိစ္စပြီးတော့မှ ဖျက်ဆေးနဲ့ ပြန်ဖျက်ပေးမယ်"

"သြော်.. ဒီလိုဆေးကွင်းပေးလို့ ရသလားကွ တာတေရ"

"ဟာ...ချစ်ညိုကလည်း ဘိုးထွန်းကြွယ်က မဖဲဝါကို တစ်ခါမြင်ဖူးတယ်လေကွာ၊ ဒါကြောင့် ပြလို့ရတာကွ၊ ပြီးတော့ ဘိုး အဝေးကြီးက လာခဲ့ရတဲ့ဆန္ဒ ပြည့်သွားစေချင်လို့ပါ"

ကျုပ်ပြောတာကို ကြားတော့ ဘိုးထွန်းကြွယ်ခမျာ ဝမ်းသာအားရ ဖြစ်သွားတော့တာပေါ့ဗျာ။ အားလုံးစီစဉ်ပြီးတော့ ကျုပ်တစ်ယောက်တည်း ထနောင်းကုန်းကို ပြန်လာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့ ညနေစောင်းတော့ ကျုပ် မီးလောင်ကုန်းကို ထွက်လာခဲ့တယ်။ ချစ်ညိုတို့အိမ်ကို ရောက်တော့ ဘိုးစိန်ညိုတို့ မိသားစုက ကျုပ်ကို ညစာ အတင်းကျွေးတော့တာပဲဗျာ။ ကျုပ်က စားပြီးမှ လာတာပါဆိုလည်း မရဘူးဗျ။ ဒါနဲ့ ကျုပ်လည်း ချစ်ညို နဲ့အတူတူ နည်းနည်းထပ်စားလိုက်ရသေးတယ်။

ညရှစ်နာရီကျော်တော့ ကျုပ်နဲ့ ချစ်ညို ထမင်းတောင်းပြင် ကြတယ်။ နက်ကျော်ကြီးအတွက် အမဲသားစိမ်းကို တောင်းလေး တစ်တောင်းနဲ့ သပ်သပ်ထည့်ရတာပေါ့ဗျာ။ အိမ်ကမထွက်ခင်မှာ ကျုပ်က မျက်ကွင်းဆေးသွေးပြီး ဘိုးထွန်းကြွယ်ရဲ့ မျက်လုံးတွေကို ကွင်းပေးလိုက်တယ်။ ပြီးတော့ နားနှစ်ဖက်ကို လိမ်းပေးပြီး ဒိဗ္ဗသောတမန္တန်ကို ရွတ်ပေးလိုက်တယ်။ ဒီဆေးက မျက်စိကို ကွင်းရင် ဂါထာရွတ်ဖို့ မလိုပေမဲ့ နားကို လိမ်းရင်တော့ ဒိဗ္ဗသောတ မန္တန် ရွတ်ပြီးလိမ်းရတာဗျ။ ဘိုးထွန်းကြွယ်ကို ဆေးကွင်းပေးပြီး တော့ ကျုပ်ကိုယ်ကျုပ်လည်း ဆေးကွင်းလိုက်တယ်။

ဘိုးစိန်ညိုပါ လိုက်တာဗျ။ ကျုပ်နဲ့ ချစ်ညိုက တောင်း တစ်တောင်းစီ ထမ်းကြလို့ပေါ့ဗျာ။ ဘိုးတော်ကြီးနှစ်ယောက်က ကျုပ်တို့နောက်က လိုက်လို့ပေါ့။

မီးလောင်ကုန်းသင်္ချိုင်းထဲကိုရောက်တော့ ခပ်ကြီးကြီး



www.burmeseclassic.com

www.burmeseclassic.com


ဂူတစ်လုံးကို ရွေးလိုက်တယ်။ ဒေါ်မယ်မ အသက်(၈၀)လို့ ရေးထားတဲ့ဂူဗျ။ ကျုပ်က မဖဲဝါအတွက် ထမင်းဟင်းတွေ ထုပ်ယူလာတဲ့ ငှက်ပျောဖက်ကြီးကို ဂူပေါ်မှာ ဖြန့်ခင်းလိုက်တယ်။ ပြီးတော့၊ ဖယောင်းတိုင်တစ်တိုင် မီးထွန်းပြီး ရေဖလားနဲ့ ရေတစ်ခွက် ချထားလိုက်တယ်။ ကျုပ်ထမ်းလာတဲ့ ထမင်းတောင်းထဲမှာ ပလတ်စတစ်ဂါလံပုံးနဲ့ ရေထည့်ပြီး ရေဖလားတစ်လုံး အမြဲပါနေကျလေဗျာ။

မဖဲဝါအတွက် ထမင်းပွဲပြင်ထားတဲ့ ဒေါ်မယ်မဂူဘေးမှာပဲ နက်ကျော်ကြီးအတွက် အမဲသားစိမ်းထုပ်ကိုလည်း ဖြည်ပြီး ချထားလိုက်တယ်။

"ကဲ…ဘိုးတို့ရေ၊ ကျုပ် မဖဲဝါကို ပင့်တော့မယ်ဗျို့"

"အား၊ အား၊ အား၊ ဖြန်း၊ ဖြန်း၊ ဖြန်း၊ ဝေါ"

ဟာ သင်္ချိုင်းကုန်းထဲက သစ်ပင်ကြီးတွေမှာ အိပ်တန်းတက်နေတဲ့ ကျီးတွေ ထပြီးပြိုတာဗျို့။ ဒါကတော့ မဖဲဝါလာမယ့် သဘောပဲဗျို့။

"အရှေ့နေထွက်၊ အနောက်နေဝင်၊ တောင်တံငါ့ကွန်၊ မြောက်ရူပံအတွင်း သင်္ချိုင်းရှင်မ မဖဲဝါ ရောက်ရာအရပ်က ကြားသိပါစေ၊ ထနောင်းကုန်းက ကျုပ်တာတေကာ မဖဲဝါကို ပင့်ဖိတ်ပါ


www.burmeseclassic.com

www.burmeseclassic.com



တယ်၊ စားပွဲသောက်ပွဲနဲ့လည်း ကြိုလို့ပါဗျာ၊ မဖဲ၀ါရဲ့ တပည့်လက်သား နက်ကျော်ကြီးနဲ့တကွ အမြန်ကြွခဲ့ပါတော့ သချိုင်းရှင်မကြီးဗျာ"

ကျုပ် ပင့်ဖိတ်လို့ စကားဆုံးတာနဲ့...

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး"

မဖဲ၀ါရဲ့ ခွေးကြီး အူသံကို တန်းကြားရတော့တာပဲဗျို့။ ဘိုးထွန်းကြွယ်က ကျုပ်ကို ဆတ်ကနဲ လှမ်းကြည့်တယ်။ ဒီဗွေသောတ ဖွင့်ထားတာလေဗျာ။ ဘိုးထွန်းကြွယ် ကြားပြီပေါ့။ ဘိုးစိန်ညိုနဲ့ ချစ်ညိုက ဘာမှမကြားတော့ အုတ်ဂူကြီးကိုပဲ ကြည့်နေကြတာဗျို့။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး၊ ဝူး"

မဖဲ၀ါရဲ့ ခွေးကြီး အူသံက တဖြည်းဖြည်း နီးလာပြီဗျို့။ ကျုပ်က ဘိုးထွန်းကြွယ်ကို ခေါင်းညိတ်ပြလိုက်တယ်။ ဟောလာပြီဗျို့။ အရပ်ကြီး ဆယ်ပေကျော်လောက်ရှိတဲ့ မဖဲ၀ါကြီးကသူ့ရဲ့ နဂိုရုပ်အတိုင်းပဲ ဂူတွေပေါ်က ရှပ်ပြီးရွေ့လာတာဗျို့။ ဆံပင်ဖားလျား၊ ထဘီရင်လျားကြီးနဲ့ဗျ။ မျက်လုံးကြီးတွေက ရဲတောက်ပြီး အကြမ်းပန်းကန်လုံးတွေလောက် ရှိတာဗျို့။

ကျုပ်မြင်သလို ဘိုးထွန်းကြွယ်လည်း မြင်ရတာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com


ဘိုးထွန်းကြွယ်က အုံသြလွန်းလို့ ပါးစပ်တောင် ဟနေလို့ဗျ။ ဒါပေမဲ့ လွှတ်သတ္တိကောင်းတဲ့ ဘိုးတော်ကြီးပါဗျာ၊ နည်းနည်းမှကို ကြောက်တဲ့ပုံ မပေါ်ဘူးဗျ။

မဖဲဝါက ဒူးခေါင်းကြီးတွေ ထောင်ပြီး ထမင်းပုံနဲ့ ဟင်းပုံကြီးကို တန်းစားတော့တာပဲဗျာ။ သင်္ချိုင်းထဲက အစားအစာ မှန်သမျှ မဖဲဝါ ပိုင်တာပဲဗျာ။ စားပြီပေါ့။

နွားပေါက်တစ်ကောင်လောက်ရှိတဲ့ နက်ကျော်ကြီးက လည်း သူ့အတွက် ကျွေးထားတဲ့ အမဲသားစိမ်းတွေကို အားရပါးရ စားတော့တာပဲဗျာ။ မဖဲဝါက နက်ကျော်ကြီးကို တစ်ချက်လှမ်း ကြည့်ပြီး ခေါင်းညိတ်တယ်ဗျ။

"မောင်တာတော၊ ကျုပ်တွေ့တဲ့ ခွေးနက်ကြီးက ဒီကောင် ထက် ကြီးတယ်ကွဲ့"

"မဟုတ်ဘူး ဘိုး၊ ဒီကောင်ကြီးပဲ၊ ရှန်သူနဲ့ တွေ့တဲ့ အချိန်မှာ တိုက်တော့ခိုက်တော့မယ်ဆိုရင် ဒီကောင်ကြီးက နွား မဒန်းတစ်ကောင်လောက် ကြီးသွားတာ"

"သြော်...ဒီလိုလား၊ ဘိုးဖြင့် မဖဲဝါကိုရော နက်ကျော် ကြီးကိုရော ခုလိုကျွေးရတာ စိတ်ထဲ ကျေနပ်လိုက်တာကွယ်၊ ဘိုးရဲ့ အသက်ကို ကယ်ခဲ့တဲ့ ကျေးဇူးရှင်တွေပါကွယ်၊ ဒါပေမဲ့


www.burmeseclassic.com

www.burmeseclassic.com



ဘိုးလေ သူတို့ကို ဒီဘဝက ကျွတ်စေချင် လွတ်စေချင်လိုက်တာ မောင်တာတေရယ်"

"သူတို့ ကျွတ်ဖို့အချိန် မရောက်သေးဘူး ဘိုးရဲ့၊ ကျုပ်စိတ်ထင်တော့ တော်တော်လိုသေးတယ် ထင်တယ်ဗျ"

"ဟာ…တာတေ၊ ထမင်းပုံကြီး၊ ထမင်းပုံကြီး၊ ဟာ အမဲသားဟင်းတွေရောပဲ ကုန်သွားပြီကွ၊ ဟိုအမဲသားအစိမ်းတွေလည်း မရှိတော့ဘူးကွ"

ချစ်ညိုက လေသံတိုးတိုးလေးနဲ့ ကျုပ်ကို ပြောတယ်ဗျ။ သူတို့က မဖဲဝါကိုရော ခွေးနက်ကြီးကိုပါ မတွေ့ကြရဘူးလေဗျာ။

"ဟုတ်တယ် ချစ်ညို၊ ဘိုးထွန်းကြွယ်ရဲ့ ဆန္ဒပြည့်ပြီပေါ့ကွာ"

ဟော မဖဲဝါက စားလို့ပြီးကာနီးမှာ ကျုပ်ကို တစ်ချက်လှမ်းကြည့်တယ်။ ကျုပ်က ချက်ချင်းပြောလိုက်တယ်။

"မဖဲဝါ၊ မဖဲဝါကို အခု အစားအသောက်ကျွေးတာ ဟောဒီက ဘိုးထွန်းကြွယ် ကျွေးတာပါ၊ ကျုပ်က ဘိုးထွန်းကြွယ်ကို မျက်ကွင်းဆေး ကွင်းပေးထားတယ် မဖဲဝါ၊ သူ မဖဲဝါကို ပြောစရာစကားရှိလို့ ရှမ်းပြည်ကတောင် ဆင်းလာခဲ့တာပါ မဖဲဝါ၊ ခဏနားထောင်ပေးပါ သချိုင်းရှင်မကြီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



မဖဲဝါက ဘိုးထွန်းကြွယ်ကို မျက်လုံးနီကြီးတွေနဲ့ စိုက်ကြည့်နေတယ်။

"မဖဲဝါ၊ ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်ကျော်က ကျုပ်က ဂျပန်တော်လှန်ရေး စစ်သားတစ်ယောက်ပါ၊ ကျုပ်နဲ့ ကျုပ်တပည့် ရဲဘော်အောင်ညွန့်ကို ဂျပန်တွေက ပြည်မြို့နားက ရွာလေးတစ်ရွာမှာ ဖမ်းပြီး သတ်ဖို့လုပ်ခဲ့ကြတယ်။ သချိုင်းထဲမှာ ကျင်းတူးပြီး သတ်တော့မယ့်ဆဲဆဲမှာ မဖဲဝါနဲ့ ဟောဟိုက နက်ကျော်ကြီး ရောက်လာပြီး ကျုပ်တို့ကို ကယ်ခဲ့လို့ ဂျပန်တွေ ထွက်ပြေးသွားပြီး ကျုပ်နဲ့ အောင်ညွန့် အသက်ဘေးက လွတ်ခဲ့ကြပါတယ်၊ ခုတော့ ကျုပ်တပည့် အောင်ညွန့်လည်း သေသွားပါပြီ၊ မသေသေးတဲ့ ကျုပ်က အခုလို မဖဲဝါကို လာတွေ့ပြီး အသက်ကယ်ခဲ့တဲ့ မဖဲဝါကို ကျေးဇူးတင်တဲ့အကြောင်း လာပြောတာပါဗျာ။

မဖဲဝါ ကျုပ်တို့အသက်တွေကို ဂျပန်လက်ထဲက ကယ်ခဲ့တဲ့အတွက် ကျုပ် မဖဲဝါကို ကျေးဇူးအထူးတင်ပါတယ်ဗျာ။ ဒီကျေးဇူးအတွက် တစ်သက်လုံး မဖဲဝါကို ကျုပ် အမှတ်ရနေခဲ့တာပါ"

"ဟား၊ ဟား၊ ဟား၊ ဟား၊ ဟား"

မဖဲဝါက တဟားဟားနဲ့ ရယ်တော့တာပဲဗျာ။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ဘိုးထွန်းကြွယ်ကို သေသေချာချာကြည့်ပြီး ခေါင်းညိတ်တယ်။ ပြီးတော့ ထပ်ရယ်ပြန်တယ်။

"ဟား၊ ဟား၊ ဟား၊ ဟား"

"ရူး၊ ရူး၊ ရူး၊ ရူး၊ ရူး၊ ရူး"

ဟော- နက်ကျော်ကြီးကပါ အူလို့ဗျာ။ မဖဲဝါက ကျူပ်ဘက်ကိုကြည့်ပြီး ခေါင်းညိတ်ပြတယ်။ သူ ဘိုးထွန်းကြွယ် ပြောတာကို မှတ်မိတယ်လို့ ပြောတာဗျ။

"ဘိုး မဖဲဝါက မှတ်မိသွားပြီတဲ့"

"မဖဲဝါ၊ ကျူပ် တစ်သက်လုံး ပြုခဲ့သမျှ ကောင်းမှုကုသိုလ်တွေကို မဖဲဝါအတွက် အမျှပေးဝေပါတယ်၊ မဖဲဝါ အမျှ၊ အမျှ၊ အမျှ သာဓုခေါ်ပါ မဖဲဝါ"

မဖဲဝါက သာဓုမခေါ်ဘူးဗျ။ ဒီအတိုင်း မျက်လုံးပြူးကြီးနဲ့ပဲ ကြည့်နေတယ်။ ပြီးတာနဲ့ လှစ်ကနဲ ပျောက်သွားရောဗျို့။ ကျူပ် လှမ်းကြည့်လိုက်တော့ ဂူတွေပေါ်ကနေရှေ့ပြီး ပြန်ထွက်သွားပြီဗျို့။

"ရူး၊ ရူး၊ ရူး၊ ရူး၊ ရူး"

နက်ကျော်ကြီးလည်း ဘုန်းသခင်မနောက်ကနေ ရိပ်ကနဲ ရိပ်ကနဲ ပါသွားရောဗျ။



www.burmeseclassic.com

www.burmeseclassic.com



"မောင်တာတေ၊ ဘိုး အမျှဝေတာကို မဖဲဝါက သာဓု မခေါ်ဘူးနော်"

"ဟုတ်တယ် ဘိုး၊ မဖဲဝါ သာဓုမခေါ်နိုင်သေးဘူး ဘိုးရဲ့"

ကျုပ်ပြောတော့ ဘိုးထွန်းကြွယ်က စိတ်မကောင်းဘူးဗျ။

"မောင်တာတေရယ်၊ ဘိုး လိုအင်ဆန္ဒတော့ မောင်ဇာတေ ကူညီလို့ ပြည့်သွားပါပြီကွယ်၊ နောက်တစ်ရက် နှစ်ရက်ဆိုရင် ဘိုးလည်း ရှမ်းပြည်ကို ပြန်တော့မယ်ကွယ်၊ ကလောကို ရောက်ရင် ဘိုးဆီကို ဝင်ဖြစ်အောင် ဝင်ပါ မောင်တာတေရယ်"

"ဟုတ်ကဲ့ပါ ဘိုး"

အဲဒီညက သက်ကြီးခေါင်းချ ကြက်တွန်တော့မှ ထနောင်းကုန်းကို ကျုပ် ပြန်ရောက်ခဲ့တယ်ဗျ။

တာတေ



www.burmeseclassic.com

www.burmeseclassic.com



# ဘီလူးစောင့်တဲ့အင်း

**ကျုပ်**အဘငယ်ငယ်က ဆရာတော်တစ်ပါးဆီမှာ အင်းပညာ လိုက်စားဖူးတယ်တဲ့ဗျ။ အဘက စကားစပ်မိတိုင်း အင်းချတဲ့အကြောင်းတွေ ကျုပ်ကို ပြောပြတတ်တယ်။ ဒါပေမဲ့ တစ်ခါမှ



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျုပ်ကို သင်မပေးဖူးဘူးဗျ။

ဆရာကြီးတွေနဲ့ လျှောက်လိုက်တော့လည်း အင်းတွေ တော်တော်များများ ကျုပ်မြင်ဖူးခဲ့တယ်။ လွှတ်စွမ်းတဲ့ အင်းတွေ လည်း ကျုပ်ကို ဆရာကြီးတွေ အပ်နှံထားတာ၊ ကျုပ်ဆီမှာ ရှိ နေတာပဲ။ ဒါပေမဲ့ ကျုပ်ကိုတော့ ဒီကနေ့အထိ အင်းချတဲ့ အင်း ပညာကို ဘယ်သူကမှ သင်ပေးဖူးတာ မရှိဘူးဗျ။ အဘက ပြောပြောနေလို့ အင်းကျိုးတာ၊ အင်းကန်းတာ၊ အင်းပေါက်တာ တွေတော့ ကြားဖူးနေတာပေါ့ဗျာ။

အင်းဆိုတာက သပ်သပ်၊ အိုင်ဆိုတာက သပ်သပ်၊ ခလှဲ့ ဆိုတာက သပ်သပ်၊ လက်ဖွဲ့ဆိုတာက သပ်သပ်ဗျ။ အင်းအိုင်ခလှဲ့ လက်ဖွဲ့လို့သာ ပေါင်းပြောနေကြပေမယ့် တစ်ခုနဲ့ တစ်ခု မတူဘူး ဗျ။

ကျုပ်ဆရာတော် ဦးဂုဏလည်း အင်းတွေ ချချနေတာ တွေ့သားပဲဗျ။ ကျုပ်ကလည်း ဆရာတော် ခိုင်းတာသာ လုပ်ပေး နေတာလေ။ တစ်ခါမှ ပညာမတောင်းဖူးဘူး။ သင်ဖို့လည်း တစ်ခါမှ စိတ်မရှိခဲ့ဘူးဗျ။

ဆရာကြီးတွေနဲ့ လိုက်နေကျဆိုတော့ အင်းတွေ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက်စွမ်းတယ်ဆိုတာကို ကျူပ် အသိဆုံးပေါ့ဗျာ။

"တာတေ၊ ဘာတွေများ ဒီလောက်စဉ်းစားနေတာတုံး ဟဲ့၊ နင့်ကို ငါခေါ်နေတာ နှစ်ခါတောင်ရှိပြီ တာတေရဲ့"

အမေခေါ်တာကို ကျူပ် တကယ်ကို မကြားလိုက်တာဗျ။ ကျူပ်က ဟိုတွေး ဒီတွေးနဲ့ အင်းအကြောင်းရောက်ပြီး တွေးနေတာ။

"အမေ ကျူပ်ကို ဘာပြောမလို့တုံး"

"ဝိုင်းထဲက မန်ကျည်းပင်မှာ ရွက်နုတွေ ထွက်နေလိုက် တာဟာယ်၊ အဲဒါ အမေ ချဥ်ရည်ချက်ချင်လို့ အမေ့ကို ဟင်းတစ်အိုး ချက်လောက် တက်ခူးပေးစမ်းပါ"

"ဟုတ်ကဲ့၊ ခူးပေးမယ်၊ ခူးပေးမယ်"

"မနေ့က နင့်အကာ သနပ်ရွက်အနုလေးတွေ ခူးလာတာရှိ တယ်၊ မန်ကျည်းရွက်နဲ့ သနပ်ရွက်ကလေးတွေ ရောချက်မလို့"

တာတေဆိုတဲ့ ကျူပ်ကလည်း လွတ်ဖင်ပေါ့တဲ့ကောင် လေဗျာ။ ဟုတ်ကဲ့လို့ ပြောပြီးတာနဲ့ ခါးတောင်းကျိုက်ပြီးသွားဗျ။ နေ့လည်ဘက် ကျူပ်အိပ်နေကျ ကွပ်ပျစ်ခေါင်းရင်းက မန်ကျည်း ပင်ကြီးပေါ်ကို ကျူပ်တက်လိုက်တယ်။ တွေ့သမျှ မန်ကျည်းရွက်နု လေးတွေကို အကုန်ခူးတာဗျို့။ ရသမျှကို ပုဆိုးခါးပိုက်ထဲထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ထည့်ထားတာ။

"တာတေရေ...တာတေ၊ အရီး တာတေ ရှိလား"

ဝိုင်းဝမှာရပ်ပြီး ကျုပ်ကို ခေါ်နေတဲ့ အသံဗျ။ ကျုပ်က လည်း မန်ကျည်းပင်ပေါ်က ငုံ့ကြည့်တယ်။ ဒါပေမဲ့ မန်ကျည်း ရွက်ဆိုတာ နေပျောက်ထိုးတာ မဟုတ်တော့ ဝိုင်းဝကို မမြင်ရဘူး ဗျ။

"ဟော...ဘယ်သူကိုးဟဲ့၊ လာလေ"

"ကျုပ်ပါ အရီး၊ လှတော်ပါ"

"ဟဲ့ လှတော် လာလေ၊ နင့်ညီ တာတေက မန်ကျည်း ပင်ပေါ်မှာ၊ အရီးက မန်ကျည်းရွက် ချူခိုင်းထားလို့"

"ဟာ...ကိုကြီးလှတော်၊ ဝင်ခဲ့လေဗျာ၊ ကျုပ် ဒီမှာ မန်ကျည်းရွက် ချူးလို့ဗျ"

"ဪ...အေး၊ အေး"

ကိုလှတော်က ဝိုင်းထဲ ဝင်လာပြီးတော့ အိမ်ပေါ်တက် သွားတယ်။ အမေနဲ့ စကားပြောနေတယ်ဗျ။ ကိုလှတော်ဆိုတာ မနှစ်က ဆုံးသွားတဲ့ ကျုပ်သူငယ်ချင်း လှကျော်ရဲ့ အစ်ကိုကြီး လေဗျာ။ ကျုပ်ရေးခဲ့တဲ့ **'တိုက်မွှား'** ဆိုတဲ့ ဝတ္ထုမှာ ရှာဖတ်ကြည့်



www.burmeseclassic.com

www.burmeseclassic.com


ဗျာ။ အဲဒီညတုန်းကဆိုရင် ကျုပ်မှာ သူငယ်ချင်း လူကျော် သေသွားလို့ ဝမ်းနည်းနေတာကတစ်မျိုး၊ တိုက်နွားကြီးက နောက်ထပ်ရှာသား တွေကို သတ်မှာ စိုးရိမ်လို့ မဖဲဝါနဲ့ နှစ်ယောက်ပေါင်းပြီး ချည်မန်း ကွင်းစွပ်ရတာက တစ်မျိုးနဲ့ လှုပ်တောင် မလှုပ်နိုင်တော့ပါဘူးဗျာ။

အမေ့အတွက် မန်ကျည်းရွက်တွေ ခူးပြီးတာနဲ့ ကျုပ်လည်း မန်ကျည်းပင်ပေါ်က ဆင်းခဲ့တယ်။ ပြီးတော့ အိမ်ပေါ်ကိုတက်ပြီး ခါးပိုက်ထောင်ထဲက မန်ကျည်းရွက်တွေကို အမေ့စကောထဲကို ထည့်ပေးလိုက်တယ်။

"ကဲ ကဲ လူတော်ရေ၊ နင့်ညီ တာတေနဲ့ စကားပြောကြ ဦး၊ အရီး ဟင်းအိုးလေး တည်လိုက်ဦးမယ်၊ နင့်ဘိုးဘွားတော့ တောင်ပိုင်းက ကိုပုံတို့ဒိုင်း သွားတယ်"

ကျုပ်က ကိုကြီးလူတော်နဲ့ မျက်နှာချင်းဆိုင် တန်းလျား မှာ ဝင်ထိုင်လိုက်တယ်။ ပြီးတော့ နဂါးဆေးပေါ့လိပ်တစ်လိပ်ကို မနေ့ဖြူ့ဒေါ်ရီ ကြေးမီးခတ်ကလေး ခတ်ပြီး မီးညှိလိုက်တယ်။ မီးညှိပြီးသား ဆေးပေါ့လိပ်ကို ကိုကြီးလူတော်ကို ကမ်းပေးလိုက် တယ်။ ပြီးမှ ကျုပ်က သောက်လက်စ နဂါးဆေးပေါ့လိပ်တိုလေး ကို မီးညှိပြီး ဖွာလိုက်တယ်။


www.burmeseclassic.com

www.burmeseclassic.com


"တာတေ မင်းကတော့ နဂါးဆိုမှ နဂါးပဲနော်၊ တခြားဘာဆေးလိပ်မှ မသောက်ဘူးလား"

"မသောက်ဘူးဗျ၊ ကိုကြီးလူတော်ရ၊ ပြောင်းသောက်ရင်လည်း ကျုပ်က ချောင်းဆိုးလို့ဗျ"

"အေး ဒါတော့ဟုတ်တယ်ကွ၊ ဆေးလိပ်ပြောင်းသောက်ရင် ချောင်းဆိုးတတ်တယ်"

"နို့ ကိုကြီးလူတော် ကျုပ်ဆီကို အလည်လာတာလားဗျ"

မေးသာမေးရတာပါဗျာ။ ကိုကြီးလူတော်က ကျုပ်သူငယ်ချင်းမှ မဟုတ်တာ၊ အသက်လေးဆယ်ကျော်လောက် ရှိပြီလေ။

"မဟုတ်ဘူး တာတေရ၊ ငါ့မှာ ထူးဆန်းတဲ့ ပစ္စည်းတစ်ခု ရထားလို့ မင်းကို လာပြတာ၊ ပြီးတော့ မင်းနဲ့လည်း တိုင်ပင်ချင်လို့ကွ"

ကိုကြီးလူတော်ပြောတဲ့ကိစ္စကို ကျုပ် တော်တော်စိတ်ဝင်စားသွားတယ်ဗျ။

"ဘာပစ္စည်းများတုံး ကိုကြီးလူတော်ရဲ့"

ကိုကြီးလူတော်က သူ့အင်္ကျီအိတ်ကပ်ထဲကို လက်နှိုက်ပြီး


www.burmeseclassic.com

www.burmeseclassic.com



ယူလိုက်တယ်။ မျဉ်းကြောင်းတွေပါတဲ့ ကျောင်းသုံးဗလာစာအုပ်ထဲက ဗလာစာရွက်အလွတ်နဲ့ လုပ်ထားတဲ့ အပြားလေးတစ်ခုဗျ။

ကိုကြီးလူတော်က ဗလာစာရွက်ကို ခပ်ဖြည်းဖြည်း ဖြည်လိုက်တယ်။

"ဟာ…အင်းချပ်ပါလား"

ကျုပ်က ပြောလိုက်တာဗျ။ ဗလာစာရွက်ထဲမှာ သပိတ်ကွဲနဲ့ ချထားတဲ့ အင်းဗျ။ ကိုကြီးလူတော်က ကျုပ်ကို အင်းချပ်ကလေး ထိုးပေးတယ်။ ကျုပ်ကလည်း စက္ကူနဲ့ပဲ ကိုင်ထားပြီး ကြည့်တာပါ။

တစ်ခါတလေကျတော့လည်း တိုက်ဆိုင်မှုတွေက လွတ်အံ့သြဖို့ကောင်းတာဗျ။ စောစောကလေးတင် ကျုပ်က အင်းအကြောင်းတွေ တွေးနေတာလေဗျာ။ အခု ကျုပ်လက်ထဲကို အင်းတစ်ချပ် ရောက်နေပါရောလား။ ကျုပ်ကလည်း ဆရာကြီးတွေနဲ့သာ လိုက်ဖူးတာ၊ ဒီပညာတွေ ဘာမှတတ်တာ မဟုတ်ဘူးဗျ။

ကိုကြီးလူတော်ပြတဲ့ အင်းချပ်ကို ကြည့်သာ ကြည့်နေတာ၊ ဘာမှသိတာ မဟုတ်ဘူးဗျို့။



www.burmeseclassic.com

www.burmeseclassic.com


"ကိုကြီးလှုံတော် ဒီအင်းကို ဘယ်သူ့ဆီက ရတာတုံး"

"ဘယ်သူ့ဆီကမှ ရတာမဟုတ်ဘူးကွ၊ ဟိုတစ်နေ့က မြို့ကို နှမ်းအိတ်တွေ သွားရောင်းရင်း မြို့မှာ ကောက်ရတာ တာတော့ရ၊ မြို့ရောက်တုန်း ဘုရားဝင်ဖူးသွားဦးမယ်ဆိုပြီး ဘုရားသွားဖူးတာပေ့။ နှမ်းဖိုးငွေတွေကလည်း နေ့လည်မှ ရမယ်ဆိုတော့ အချိန်ရတာနဲ့ ဘုရားသွားဖူးတာ၊ ဘုရားနားက ညောင်ပင်ကြီးအောက်က ကောက်ရတာ"

"ဘယ်ဘုရားတုံးဗျ"

"ပြည်လုံးချမ်းသာဘုရားကြီးလေကွာ၊ ဘုရားနားမှာ ညောင်ပင်ကြီးတစ်ပင် ရှိပါကောလား၊ အေး၊ အဲဒီညောင်ပင်အောက်က ကောက်ရတာကွ၊ ငါကလည်း အင်းတွေ ဘာတွေ နားလည်တာ မဟုတ်ပါဘူးကွာ၊ အိမ်ရောက်တော့လည်း ဘာရယ်ညာရယ် မဟုတ်ပါဘူး၊ ဒီစက္ကူလေးနဲ့ထုတ်ပြီး ဘုရားစင်အောက်မှာ ချိတ်ထားတဲ့ ပရိတ်စာအုပ်တွေ၊ ဘုရားရှိခိုးစာအုပ်တွေ ထည့်ထားတဲ့ လွယ်အိတ်ကလေးထဲ ထည့်ထားလိုက်တာပါကွာ"

"အင်း···ကောင်းသားပဲ၊ အစွမ်းရှိတဲ့အင်းဆိုရင်တော့လည်း ထူးခြားမှုလေးတွေ ရှိလာမှာပေါ့ဗျာ"


www.burmeseclassic.com

www.burmeseclassic.com


"အေး…တာတေရေ၊ မင်းပြောတဲ့အတိုင်းပဲကွ၊ အခု ထူးခြားမှုလေးတွေ ရှိလာလို့ မင်းဆီကို လာခဲ့တာဟေ့"

"ဗျာ၊ ထူးခြားတယ် ဟုတ်လား ကိုကြီးလူတော်၊ ဘာတွေများ ထူးခြားလို့တုံးဗျ"

ကျုပ်က အံ့သြတကြီး မေးလိုက်တော့ ကိုကြီးလူတော်က ခေါင်းညိတ်ပြတယ်။ ချက်ချင်းမပြောသေးဘဲ နဂါးဆေးပေါ့လိပ်ကလေးကို နှစ်ဖွာ သုံးဖွာ ဖွာနေတယ်။ ပြီးတော့မှ ဆေးလိပ်ကလေးကို သစ်သားဆေးလိပ်ခွက်ကလေးထဲမှာ ထည့်ထားလိုက်တယ်။

"ဒီလိုကွ၊ ဒီအင်း ငါ့အိမ်ကိုရောက်တာ တစ်ပတ်ပဲ ရှိသေးတာ၊ ငါ့ကို အိပ်မက်ပေးတာ နှစ်ခါရှိပြီကွ"

"ဗျာ၊ အင်းက ကိုကြီးလူတော်ကို အိပ်မက်ပေးတယ် ဟုတ်လား"

"အေး ဟုတ်တယ် တာတေ၊ အိပ်မက်ဆိုပေမယ့်လည်း ဘာမှမြင်ရတာ မဟုတ်ပါဘူးကွာ၊ အသံပဲ ကြားရတာ၊ အိပ်မက်ထဲမှာ အသံပဲ ကြားရတာကွ"

"ဟင်…ဘာသံကြားရလို့တုံး"


www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ငါ မိတ်ဆွေဖွဲ့ချင်တယ်ဆိုရင် ကြက်သွေးကို ကြေးခွက်မှာထည့်ပြီး ငါ့ကိုတိုက်ပါ၊ အိမ်ထဲမှာ မတိုက်နဲ့၊ အိမ်ပြင်မှာတိုက်တဲ့"

"ဟာ…ကိုကြီးလူတော် တိုက်လိုက်ရောလား"

"မတိုက်ပါဘူး တာတေရ၊ ဘာအိပ်မက်မှန်းမှ မသိတာ"

"ဒါ ပထမမက်တဲ့ အိပ်မက်ပေါ့ ဟုတ်လား ကိုကြီးလူတော်၊ နောက်တစ်ခါမက်တဲ့ အိပ်မက်ကရောဗျ"

"နောက်တစ်ခါလည်း အသံအိပ်မက်ပဲ မက်တာကွ၊ အိပ်မက်ထဲမှာ ကြားရတဲ့အသံက ပြောသကွ၊ 'လူတော် မင်းက နာမည်သာ တော်တာ၊ တကယ်က လူညံ့ပဲ၊ ငါက ငါ့ကို မိတ်ဆွေဖွဲ့ရင် မင်းကို နေ့ချင်း ညချင်း ချမ်းသာအောင် လုပ်ပေးမလို့ ပြောတာကွ၊ ငါက မင်းကောက်ရလာတဲ့ အင်းရဲ့ အင်းစောင့်နတ်ကွ လူတော်ရဲ့၊ ညံ့ပါ့ကွာ' လို့ ပြောတယ်ဟေ့။ မင်းသိတဲ့အတိုင်း ငါက ဆင်းရဲတယ်လေကွာ၊ အိမ်ထောင်ကျပြီးတော့ ယောက္ခမပေးတဲ့ ယာကွက်ကလေးရယ်၊ အဘပေးတဲ့ ယာကွက်ကလေးရယ်ပဲ-ငါ့မှာ ရှိတာ မင်းသိပါတယ် တာတေရာ၊ ငါလည်း ဒီလူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပဲလေ၊ ချမ်းသာချင်တာပေါ့ကွာ။ အင်းစောင့်ကြီးက ငါ့ကို ကြက်သွေးတိုက်ပြီး သူနဲ့ မိတ်ဖွဲ့လိုက်ရင် ငါ့ကို ချမ်းသာအောင် လုပ်ပေးမယ်လို့ ပြောနေတယ်ဆိုတော့ ငါ သူနဲ့ မိတ်ဖွဲ့တော့မယ်လို့ ဆုံးဖြတ်လိုက်တယ်"

"ဗျာ"

"အေး ဟုတ်တယ် တာတေ၊ ငါ ချမ်းသာချင်တယ်ကွာ၊ ငါ့သားမယားကိုလည်း ချမ်းချမ်းသာသာ ထားချင်တယ်"

ကိုကြီးလူတော်ဆိုတာ ကျုပ်သူငယ်ချင်း လူကျော်ရဲ့ အစ်ကိုလေ။ ကျုပ်အစ်ကိုကြီးဆိုလည်း မမှားဘူးပေါ့ဗျာ။ လက်လွှတ်စပယ် မပြောချင်ဘူး။ ကျုပ် တွေးနေတယ်။ သေသေချာချာကို ကျုပ် တွေးတယ်။

"ဒီတော့ ကျုပ် ဘာလုပ်ပေးရမှာတုံး ကိုကြီးလူတော်"

"အင်းစောင့်ကြီးကို ကြက်သွေးတိုက်ဖို့ မင်းလုပ်ပေးပါကွာ၊ ဒါပေမဲ့ မင်း ကြက်မသတ်ရပါဘူး၊ ကြွေဖလားထဲကို အဆင်သင့် ထည့်ပေးပါ့မယ်၊ မင်းက အင်းစောင့်ကြီးကို ပင့်ပြီး သွေးတိုက်ပေးဖို့ပါ တာတေရာ"

ကျုပ် တစ်ခုတွေးလိုက်မိတယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးလူတော် ခဏလေးနေဦးဗျာ၊ ကျုပ် လုပ်စရာ တစ်ခုရှိလို့"

ကျုပ်က ဆေးလွယ်အိတ်ထဲက မျက်ကွင်းဆေးကို ထုတ်ယူပြီး အမေ့ကျောက်ပြင်မှာသွေးပြီး ကွင်းလိုက်တယ်။ ပြီးတော့ အိမ်ရှေ့ကို ပြန်ထွက်လာပြီး စားပွဲပေါ်မှာ ချထားတဲ့ စက္ကူထဲက အင်းချပ်ကို ကျုပ် သေသေချာချာ ကြည့်လိုက်တယ်။ အင်းက ဘာအင်းမှန်းတော့ မသိဘူးဗျ။ ဒါပေမဲ့ အင်းပေါ်မှာ သန်လျက် ထမ်းပြီး ထိုင်နေတဲ့ ဘီလူးရုပ်ကတော့ ဆွဲထားတာ တော်တော်ကို ပီပြင်တာပဲဗျာ။ ကျုပ် ဘီလူးရုပ်ကို သေသေချာချာ ကြည့်ပြီးတော့ လန့်သွားတယ်ဗျို့။ ကျုပ် လန့်သွားတာကို မြင်သွားတဲ့ ကိုကြီးလူတော်က ကျုပ်ကို ချက်ချင်းမေးရောဗျ။

"မင်း ဘာတွေ့လို့တုံး တာတေ"

"အင်းစောင့်ဘီလူးက လှုပ်နေတယ်ဗျ၊ မျက်တောင်လည်း ခတ်နေတယ်၊ ဒီအင်းဟာ ဘီလူးစောင့်တဲ့အင်းအစစ်ပဲ ကိုကြီးလူတော်၊ ပြီးတော့ အင်းစောင့်က အသက်ဝင်နေတယ်"

"ဟာ…ဒါဆိုရင် ငါ့ကို အိပ်မက်ပေးတာ အမှန်ပေါ့ကွ တာတေရ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုကြီးလူတော်၊ ဒီဘီလူးက ကိုကြီးကို အိပ်မက်ပေးတာ သေချာတယ်ဗျ"

"ဒါဆိုရင် သူ့ကို သွေးတိုက်ဖို့ မင်းလုပ်ပေးမယ်မို့လား"

"အင်း၊ လုပ်ပေးမှာပေါ့ဗျာ၊ ဒါထက် နေဦး ကိုကြီး လူတော်ရဲ့၊ အင်းစောင့်ဘီလူးက ဘယ်နေ့မှာ တိုက်ပါလို့ ပြောတုံး"

"အခုလာမယ့် လကွယ်နေ့ည သန်းခေါင်မှာ တိုက်ရမယ်လို့ ပြောတယ်ကွ တာတေရ"

"ဩော်...အမှောင်ဆုံးညရဲ့ အမှောင်ဆုံးအချိန်ကြီးပါလား ကိုကြီးလူတော်ရဲ့၊ အင်း...ဒါပေမဲ့ ဒီကနေ့က လဆုတ် သုံးရက်ပဲ ရှိသေးတာ၊ လိုပွဲါသေးတယ်လေ၊ ကျုပ် ဒီကြားထဲမှာ တစ်ခုခုတော့ သိလာမှာပါလေ"

"အေး၊ အေး၊ ထူးခြားတာရှိရင်လည်း ငါ့ကို ပြောဦးကွာ တာတေရာ"

"ဟာ စိတ်ချ၊ စိတ်ချ၊ ကျုပ် ပြောမယ် ကိုကြီးလူတော်၊ ကျုပ် တစ်ခုခု မပြောဘဲ ဘာမှမလုပ်နဲ့ဦးနော်"

"မလုပ်ပါဘူး တာတေရ၊ ငါလည်း ဘာမှမလုပ်ရဲပါဘူး



www.burmeseclassic.com

www.burmeseclassic.com


ကွာ''

ကိုကြီးလူတော်က သူ့အင်းချပ်ကလေးကို စက္ကူနဲ့ ပြန်ထုပ်ပြီး အိတ်ထဲ ထည့်လိုက်တယ်။ ကိုကြီးလူတော် ပြန်သွားတော့မှ ကျုပ်လည်း နဂါးဆေးပေါ့လိပ် အသစ်တစ်လိပ်ညှိပြီး ဆေးလိပ်ဖွာရင်း တွေးလိုက်တယ်။ ဘီလူးစောင့်တဲ့ အင်းချပ်မှာ အင်းစောင့်ဘီလူး အသက်ဝင်နေတာကို ကျုပ် ဒီတစ်ခါပဲ မြင်ဖူးတာဗျ။

ကျုပ် သိသလောက်တော့ အင်းစောင့်ဘီလူးက ကိုကြီးလူတော်ကို ချမ်းသာအောင် လုပ်ပေးမယ်ဆိုတာ ဒီအတိုင်းတော့ မဖြစ်နိုင်ဘူးဗျ။ အပေးအယူ တစ်ခုခုတော့ ရှိလိမ့်မယ်ထင်တယ်။

အဲဒီနေ့က ကျုပ်လည်း အဘခိုင်းတဲ့ အလုပ်ကလေးတွေ လုပ်နေရတာနဲ့ ဒီအကြောင်းကို ဆက်မတွေးဖြစ်ဘူးဗျ။ ညရောက်တော့မှ မဖဲဝါရဲ့ ကိုယ်တူကိုယ်ခွဲအရုပ်ကလေးကို လက်ထဲမှာ ဆုပ်ထားပြီး ကျုပ် မဖဲဝါကို တိုင်တည်လိုက်တယ်။

''သင်္ချိုင်းရှင်မ မဖဲဝါ၊ ကိုကြီးလူတော် ယူလာတဲ့ အင်းချပ်မှာ အင်းစောင့်ဘီလူးက အသက်ဝင်နေတာကို ကျုပ်ကိုယ်တိုင်တွေ့ရတယ် မဖဲဝါ၊ အဲဒီကိစ္စကို ကျုပ် သိချင်နေတယ်၊ အင်းစောင့်ဘီလူးက သူ့ကို သွေးတိုက်ပြီး မိတ်ဖွဲ့ရင် နေ့ချင်း ညချင်း



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာအောင် လုပ်ပေးမယ်လို့ ပြောတယ်ဗျ။ ကျုပ် ဒီအကြောင်း ကို သေသေချာချာ သိချင်နေလို့ ပြောပြပါ မဖဲဝါ"

ကျုပ်က မဖဲဝါကို တိုင်တည်ပြီး မဖဲဝါရဲ့ ကိုယ်ခွဲရုပ် ကလေးကို ကျုပ်ခေါင်းအုံးအောက်မှာထားပြီး အိပ်လိုက်တယ်။

အိပ်မက်ထဲမှာ ကျုပ်က ဆယ့်နှစ်ရာသီပန်းပင်ကြီးနားကို ရောက်နေတယ်ဗျ။ တစ်ပင်လုံး ဝါထိန်နေအောင် ပွင့်နေတဲ့ ဆယ့် နှစ်ရာသီအဝါပင်ကြီးအောက်မှာ မဖဲဝါက ကျုပ်အရွယ် ကောင်မ လေးလို ဖန်ဆင်းပြီး ကျုပ်ကို ပြတယ်၊ နားရွက်အပေါ်မှာ ဆယ့် နှစ်ရာသီအဝါပွင့်လေး ပန်ထားတယ်။ ပတ်ဝန်းကျင်မှာ အေးစိမ့် နေတဲ့ လေတွေ တဝေါဝေါ တိုက်နေပေမယ့် ဆယ့်နှစ်ရာသီပင် ကြီးကတော့ ငြိမ်လို့ဗျ။

"တာတေ၊ အဲဒီဘီလူးက လူပြည်က ဘီလူးမဟုတ်ဘူး၊ ခတ္တဝဟာဇော်နတ်ပြည်က ဘီလူးဟဲ့၊ အဲဒီအင်းက သိမ်ဝင်သပိတ် ကွဲအစစ်နဲ့ စီရင်တာ"

"သိမ်ဝင်သပိတ်ကွဲအစစ်ဆိုတာ ဘာတုံး မဖဲဝါ"

"ရဟန်းလောင်း သိမ်ဝင်နေတဲ့အချိန်မှာ ကမ္မဝါဖတ်နေ တုန်း ရဟန်းလောင်းရဲ့ သပိတ်က အက်ကြောင်းထွေထပြီး

www.burmeseclassic.com



အလိုလို ကွဲသွားတာ၊ အဲဒါ သိမ်ဝင်သပိတ်ကွဲအစစ်ပဲ၊ အင်းစီရင် တတ်တဲ့သူသာ အဲဒီသပိတ်ကွဲပေါ်မှာ စီရင်လိုက်ရင် အင်းက အသက်ဝင်တယ်"

"ဪ...ဒီလိုကိုး"

"ဒါပေမဲ့ အခု နင်ပြောတဲ့ အင်းကို စီရင်တဲ့ဆရာက ဆရာမှိုင်းတဲ့၊ သူစီရင်တဲ့အင်းက လာဘ်ခေါ်အင်း၊ နက္ခတ်အဝင် အထွက်ကလည်းမှန်၊ အင်းကျိုး အင်းပေါက်တာလည်း မရှိတော့ အင်းက တန်းပြီးအသက်ဝင်သွားတယ်၊ ဒါပေမဲ့ အင်းစောင့်တဲ့ ဘီလူးက စတုမဟာရာဇ်က ဘီလူးဖြစ်နေတာကို ဆရာမှိုင်း မသိရှာဘူး၊ နတ်မင်းကြီး မသိအောင် လူ့ပြည်ကို တိတ်တိတ် ကလေး ရောက်နေတာ၊ ဆရာမှိုင်းကို နည်းမျိုးစုံနဲ့ ချမ်းသာအောင် လုပ်ပေးတယ်၊ ဒါပေမဲ့ သုံးနှစ်ကြာတော့ ဆရာမှိုင်းရဲ့ တစ်ကိုယ် လုံးက သွေးတွေကို တစ်စက်မကျန်အောင် စုပ်ယူလိုက်တယ်၊ ဆရာမှိုင်း သေတော့ လည်ပင်းမှာ ဘီလူးစွယ်နှစ်ပေါက် တွေ့ တယ်။ ဒါပေမဲ့ လူတွေက ဘာဖြစ်မှန်း မသိကြဘူး၊ နတ်ဘီလူး စောင့်တဲ့အင်းက အင်းပျံဟဲ့ တာတေရဲ့၊ ပျံလို့ရတယ်၊ ဆရာမှိုင်း



www.burmeseclassic.com

www.burmeseclassic.com



သေတော့ ဘီလူးက အင်းပုံနဲ့ ပျံထွက်ပြီး နောက်တစ်ယောက် ထပ်ရှာတယ်။ စီးပွားပျက်ပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေတော့ မယ့်လုပ်နေတဲ့ ကိုစဆိုတဲ့ လူလက်ထဲကို အင်းရသွားပြီး မိတ်ဖွဲ့ ကြတယ်။ ကိုစဆိုတဲ့လူလည်း ဘီလူးလုပ်ပေးလို့ နေ့ချင်း ညချင်း ချမ်းသာသွားတယ်၊ ဒါပေမဲ့ သုံးနှစ်ကြာတော့ ဘီလူးက ကိုစရဲ့ တစ်ကိုယ်လုံးက သွေးတွေကို တစ်စက်မကျန် စုပ်ယူပစ်လိုက် တယ်။ ကိုစလည်း သေတော့ လည်ပင်းမှာ ဘီလူးအစွယ်ရာ နှစ်ပေါက်နဲ့ သေတာပဲ၊ ဘာဖြစ်မှန်းကို လူတွေက မသိတာ ဒီဘီလူး လူ့ပြည်ရောက်နေတာ လူ့သက်တမ်းနဲ့တွက်ရင် ဆယ်နှစ် ရှိပြီ၊ သူ သွေးစုပ်ပြီး သတ်ခဲ့တဲ့လူ လေးယောက် ရှိသွားပြီ၊ အခု နင်ပြောတဲ့ အကောင်က ငါးယောက်မြောက် အကောင်ပဲ၊ သိပ်ချမ်းသာချင်တဲ့လူတွေ သေတာပေါ့ တာဒေ။

လူ့လောကမှာ ဘီလူးကြောင့်ပဲ ချမ်းသာ ချမ်းသာ၊ နတ်ကြောင့်ပဲ ချမ်းသာ ချမ်းသာ၊ သရဲကစ္ဆေကြောင့်ပဲ ချမ်းသာ ချမ်းသာ၊ ချမ်းသာရင် ပြီးရောဆိုတဲ့ကောင်တွေ ဘီလူး သွေး ဖောက်စုပ်တာ ခံကြရတာပေါ့”

“ဒါဆိုရင် ကိုကြီးလူတော်ကို ကျူပ် ထားရအုံးပေါ့



www.burmeseclassic.com

www.burmeseclassic.com



မဖဲဝါ"

"နင် ဘာမှမစိုးရိမ်နဲ့ တာတေ၊ နောက်နှစ်ရက်ကြာရင် နင့်ဆရာကြီး ရောက်လာလိမ့်မယ်"

"ဘယ်သူတုံး မဖဲဝါ"

"ဘိုးလူပေလေ၊ ကဝေပျံနဲ့ စုန်းမ ရပြီး မွေးတဲ့လူလေ၊ အထက်ပုဂ္ဂိုလ်ကြီးတွေက သွေးကို ပြောင်းပြန်စီးခိုင်းလိုက်တော့ သူမတူအောင်စွမ်းတဲ့ ဆရာတစ်ဆူ ဖြစ်ခဲ့တာပေါ့ တာတေ"

"ဟာ…ဘိုးလူပေ ရောက်လာမယ် ဟုတ်လား မဖဲဝါ"

"ဟုတ်တယ် တာတေ၊ ဒီဘီလူးကိစ္စကြောင့် ရောက်လာမှာ၊ အထက်ပုဂ္ဂိုလ်ကြီးတွေက သူ့ကို ခိုင်းလိုက်လို့ သူလာရမှာ"

"ဝမ်းသာလိုက်တာ မဖဲဝါရယ်၊ ကျေးဇူးပါပဲဗျာ"

"နင်ကတော့ ဘိုးလူပေကို ခါတိုင်းလိုပဲ လိုတာတွေ ကူညီပေးရမှာပေါ့ တာတေ"

ကျုပ် အိပ်မက်ကနေ လန့်နိုးလာတော့ ဆရာတော့် ကျောင်းက တုံးမောင်းတောင် ခေါက်နေပြီဗျ။

"တုံ၊ တုံ၊ တုံ၊ တုံ၊ တုံ"

ကျုပ်တို့အညာသားတွေရဲ့ စည်းစိမ်ထဲမှာ မနက်စောစော



www.burmeseclassic.com

www.burmeseclassic.com



တုံးမောင်းခေါက်သံကို နားထောင်ရတာလည်း စည်းစိမ်တစ်မျိုး ပေါ့ဗျာ။ ကျုပ်ကတော့ ကျုပ်ဆရာကြီး ရောက်လာမယ်ဆိုတော့ စိတ်ထဲ တော်တော်ပျော်နေတာဗျ။

ဒါပေမဲ့ မိုးလင်းတာနဲ့ ကျုပ် ကိုကြီးလူတော်အိမ်ကို သွားပြီး ကိုကြီးလူတော်ကို ခေါ်ထုတ်လာတယ်။ လမ်းရောက်တော့မှ ကျုပ်က မဖဲဝါ ပြောတာတွေကို ကိုကြီးလူတော်ကို ပြန်ပြောပြလိုက်တယ်။ ဒီတော့မှ ကိုကြီးလူတော်လည်း ကြောက်ပြီး အင်းချပ်ကိုတောင် အိမ်မှာ မထားရဲအောင် ဖြစ်သွားရောဗျို့။

"ကိုကြီးလူတော် ဘာမှမကြောက်နဲ့ဗျ၊ လူ့စည်း ဘီလူးစည်းဆိုတာ ဒီလောကကြီးမှာ ရှိတယ်၊ ကိုကြီးသာ ကြက်သွေး တိုက်ပြီး မိတ်မဖွဲ့မနေ င်း သူ ဘာမှလုပ်လို့ မရဘူးဗျ၊ ပြီးတော့ သူချိန်းထားတဲ့ လကွယ်ည သန်းခေါင်အထိ သူစောင့်နေမှာပဲ၊ ကိုကြီးလူတော်က ဘာမှမပြောဘဲ ဒီအတိုင်းလေးသာ နေလိုက်၊ နောက်တစ်ရက် နှစ်ရက်ဆိုရင် ကျုပ်ဆရာကြီး ဘိုးလူပေ ရောက်လာလိမ့်မယ်၊ ဘာမှမစိုးရိမ်နဲ့"

"ဟော··ဘိုးလူပေ လာမယ် ဟုတ်လား၊ ဝမ်းသာလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com


တာ တာတေရာ၊ အေး ဒါဆိုရင် ငါမကြောက်တော့ဘူး၊ မင်းသာ လုပ်သင့်လုပ်ထိုက်တာ လုပ်ပေးပါတော့ကွာ"

"ဟာ စိတ်ချစမ်းပါ ကိုကြီးလူတော်ရာ၊ ခင်ဗျားက ကျုပ်သူငယ်ချင်း လူကျော်ရဲ့ အစ်ကိုကြီးလေဗျာ၊ ဒီတော့ ကျုပ် အစ်ကိုကြီးပဲပေါ့ ကိုကြီးလူတော်ရ"

"အေးပါကွာ၊ မင်းကို ငါ အားကိုးပါတယ် တာတေ ရယ်၊ မင်းသာ ဒီကိစ္စကို အခုလို မဖဲဝါဆီမှာ မေးမကြည့်ရင် ငါဟာ လူ့ဘဝမှာ သုံးနှစ်ပဲ နေရတော့မှာ၊ ပြီးရင်လည်း ဘီလူး သွေးဖောက်စုပ်ခံရပြီး သေရမယ့်ကောင်လေ၊ မင်းကြောင့် ငါ မသေတာပါ တာတေရာ"

ကျုပ် သေသေချာချာ ပြောဆိုပြီး အိမ်ပြန်လာခဲ့တယ်။ မဖဲဝါ အိပ်မက်ထဲမှာ ကျုပ်ကိုပြောလိုက်တဲ့အတိုင်းပါပဲဗျာ။ ဘိုးလူပေ နှစ်ရက်ကြာတော့ ရောက်လာတယ်။ ထုံးစံအတိုင်းပဲ။ ဘန့်ဘွေးကုန်းမှာပဲ တည်းတယ်။ ကိုစံအေးကြီး ကျုပ်ကို လာခေါ် လို့ ဘန့်ဘွေးကုန်းကို လိုက်ခဲ့တော့ ဘိုးလူပေက ကျုပ်ကို ပြုံးပြုံး လေး ဆီးကြိုနေတယ်ဗျ။ ပြီးတော့မှ ကျုပ်ကို ရယ်စရာပြော တယ်။


www.burmeseclassic.com

www.burmeseclassic.com



"မောင်တာတေ၊ မင်းတို့ရွာမှာ ထူးထူးခြားခြား စည့်သည် ရောက်နေတယ်ဆို"

"ဟုတ်ပါ့ ဆရာကြီးရယ်၊ ကျုပ်ဖြင့် မျက်ကွင်းဆေး ကွင်းပြီး အင်းချပ်ကို ကြည့်လိုက်တာ လန့်တောင်သွားတယ်ဗျာ"

"ဟော…ဟုတ်လား မောင်တာတေ၊ ဘာမြင်ရလို့တုံး"

"အင်းစောင့်ဘီလူးက သန်လျက်ကြီးထမ်းလို့ဗျ၊ လှုပ်နေ တယ်၊ ပြီးတော့ မျက်တောင်ခတ်တယ်"

"ဟော…ဘယ်တော့မှ မျက်တောင်မခတ်တဲ့ ဘီလူးက မျက်တောင်ခတ်ပြတယ်ဆိုတော့ သူ့ အသက်ရှိကြောင်း မောင်တာ တေကို တမင်လှုပ်ပြတာပေါ့ကွယ်၊ နို့ နေပါဦး မောင်တာတေရဲ့၊ မင်းတွေ့တဲ့အင်းက ၁ ယ်လိုအနေအထားမျိုးတုံး"

"မဖဲဝါ ပြောတာတော့ ရဟန်းလောင်း သိမ်ဝင်တဲ့အချိန် မှာ ကမ္ဗဝါဖတ်တုန်း အလိုလိုကွဲသွားတဲ့ သိမ်ဝင်သဗိတ်ကွဲမှာ စီရင်ထားတာတဲ့ ဆရာကြီး၊ ကျုပ်တွေ့တာကတော့ အင်းကို အောက်ကချပြီးမှ ဘီလူး သန်လျက်ထမ်းပြီး ထိုင်တဲ့ပုံကို အပေါ် က ဆွဲထားတာဗျ။ ဒီအင်းကို စီရင်တဲ့ဆရာဟာ ပန်းချီပညာလည်း တတ်ပုံရတယ်ဗျ။ သူ့ဆွဲတဲ့ ဘီလူးပုံဟာ တော်တော်ကို အချိုးကျ



www.burmeseclassic.com

www.burmeseclassic.com



တာပဲ ဆရာကြီးရဲ့"

ကျုပ်စကားကို ကြားတော့ ဘိုးလူပေက ပြုံးပြုံးကြီး ကျုပ်ကို ကြည့်တယ်ဗျ။

"မောင်တာတေက အမှန်းအဆ တော်တော်ကို တော်ပေတာပဲကွယ်၊ မင်းပြောတာ ဟုတ်တယ်ကွဲ့၊ ဒီအင်းကို စီရင်တဲ့ ကိုမှိုင်းဆိုတဲ့လူက ယန်းချီဆရာကွဲ့၊ ဆေးလေးဝါးလေးလည်း ကုတယ်၊ ဒါကြောင့် အင်းပေါ်မှာ ဆွဲထားတဲ့ ဘီလူးရုံက မောင်တာတေ ပြောသလို လက်ရာမြောက်နေတာကွဲ့၊ သိမ်ဝင်တဲ့ အချိန် သပိတ်အလိုလိုကွဲတယ်ဆိုတာ အင်မတန်မှ ဖြစ်ခဲတာပဲ ကွယ်၊ အဲဒီလိုဖြစ်ခဲ့ရင် ဒီသပိတ်ကွဲဟာ မှော်ဝင်ပစ္စည်း ဖြစ်သွားရောကွဲ့၊ ကိုမှိုင်းဆိုတဲ့လူက ဗေဒင်လေးကလည်းတတ်၊ နက္ခတ် ကလေးကလည်း နားလည်၊ အင်းပညာလေးကလည်းတတ်ဆို တော့ နက္ခတ်ဖွမ်းတာကလည်း မိသွားပြီး သူ့အင်းဟာ တကယ့် ကို အသက်ဝင်သွားတာပေါ့ကွယ်၊ သူ့အင်းကို အစောင့်ချက်ချင်း ကပ်တော့တာပေါ့၊ ဒါပေမဲ့ ဒီအစောင့်က လူ့ပြည်က အစောင့် မဟုတ်ဘဲ စတုမဟာရာဇ်နတ်ပြည်က နတ်ဘီလူးက အလစ်ဝင် လာပြီး သူ့အင်းကို ကပ်တော့တာကွဲ့၊ ဒါကို ကိုမှိုင်း ဘယ်သိမှာ



www.burmeseclassic.com

www.burmeseclassic.com



တုံး၊ သူ့အင်း စွမ်းတာပဲ သိုသိသွားတာ၊ ဘီလူးကလည်း ဘီလူး ဆိုးကွဲ၊ သွေးအင်မတန်ဆာတဲ့ကောင်၊ ကိုမှိုင်းကို ကြက်သွေးတိုက်ပြီး သူနဲ့ မိတ်ဖွဲ့ခိုင်းတယ်၊ ကိုမှိုင်းကလည်း ဘာပြောကောင်းမလဲ တစ်လတစ်ခါ လကွယ်ည သန်းခေါင်တိုင်းမှာ ကြက်သွေးတိုက်တော့တာ မောင်တာတေရဲ့၊ လူပဲလေ၊ သိပ်ချမ်းသာချင်တာပေါ့ကွယ်၊ ဘီလူးကလည်း သူ့ကို စောင့်ရှောက်ပြီး လုပ်ပေးလိုက်တာမှ ဆေးလေးဝါးလေး မတောက်တခေါက်နဲ့ ကုနေရာကနေ နာမည်ကျော် ဆရာကြီးကို ထဖြစ်တော့တာဟော့။ ဆရာမှိုင်း ကုမှ ပျောက်တာ၊ ဆရာမှိုင်းဆေးသောက်မှ ပျောက်တာနဲ့ကို လူတွေဖြစ်ကုန်ကြတာဟော့၊ ငွေတွေဆိုတာမှ ရလိုက်တာ မောင်တာတေရယ်၊ ပြီးရင် သေတ္တာထဲ ထည့်ထားတဲ့ ငွေတွေက ပွားနေသေးတယ်။ တစ်နှစ်ကြာတော့ ဝိုက်ထဆောက်တော့အာပေါ့ကွယ်၊ နောက်တစ်နှစ်ကြာတော့ မယားငယ်ယူတယ်၊ မယားကြီးကို တိုက်တစ်လုံး၊ မယားငယ်ကို တိုက်တစ်လုံး၊ သူကတော့ အော်စတင်ကားလေးတစ်စီးနဲ့ မယားနှစ်ယောက်ကြား ဇိုးဆင်တော်ကူးလို့ပေါ့ကွယ်၊ သုံးနှစ်လည်းပြည့်ရော ဘီလူးက သူ့လည်ချောင်းကို ကိုက်ဖြတ်ဖောက်ပြီး တစ်ကိုယ်လုံးက သွေးတွေ စုပ်သွား



www.burmeseclassic.com

www.burmeseclassic.com


တော့တာပဲကွယ်''

''ဒီဘီလူးက တော်တော်ကို ဆိုးတာပါလား ဆရာကြီးရဲ့''

''ဟုတ်တယ် မောင်တာတေ၊ စတုမဟာရာဇ်မှာကို ဆိုးလွန်းလို့ နတ်မင်းကြီးတွေက သူ့ကို ပိတ်လှောင်ထားတာ၊ ဒါကို ဒီဘီလူးက ဘယ်လိုလွတ်လာတယ် မသိပါဘူးကွယ်၊ လူ့ပြည်မှာ လာပြီးမွှေနေတော့တာကွဲ့၊ အခုတော့ အထက်ပုဂ္ဂိုလ်ကြီးတွေက နတ်မင်းကြီးလေးပါးကို အကြောင်းကြားပြီးပါပြီလေ။ ဒီဘီလူးကို ဖမ်းပြီး နတ်မင်းကြီးတွေလက်ကို ပြန်အပ်ဖို့ ကျုပ်ကို တာဝန်ပေးလိုက်ကြလို့ ကျုပ် ဒီကို ရောက်လာတာကွဲ့၊ ဆိုင်ရာပိုင်ရာတွေကို စုံစမ်းကြည့်လိုက်တော့ သူတို့တွေက ကျုပ်ကို ပြောကြတယ်။ ဘိုးလူပေ ရှာနေတဲ့ ဘီလူးက ဘိုးလူပေရဲ့တပည့် ထနောင်းကုန်းက တာတေ့ဆီမှာ ရောက်နေတာယ်တဲ့''

ဘိုးလူပေက ကျုပ်ကို လှမ်းပြီးကြည့်လိုက်တယ်။

''ကျုပ်ဆီ ရောက်တာတော့ မဟုတ်ပါဘူး ဆရာကြီးရယ်၊ ကျုပ်တို့ရွာသား ကိုလှတော်ဆီကို ရောက်တာပါ၊ ကိုလှတော်က မြို့တက်ပြီး နှမ်းသွားရောင်းရင်းကနေ ကောက်ရလာတာ

www.burmeseclassic.com



တဲ့ ဆရာကြီးရဲ့၊ အဲဒါ သူ နားမလည်လို့ဆိုပြီး ကျုပ်ကို လာပြတာ၊ ကျုပ်က ဆေးကွင်းပြီးကြည့်တော့ ဘီလူးအသက်ရှိတာကို တန်းတွေ့သွားတာဗျ၊ ပြီးတော့ ကိုလူတော်က ကျုပ်ကို လာပြီး အကူအညီတောင်းတာ ဆရာကြီးရဲ့၊ ဘီလူးက သူ့ကို အိပ်မက်ပေးသတဲ့၊ သူ့ကို ကြက်သွေးတိုက်ပြီး မိတ်ဖွဲ့ဖို့တဲ့ဗျ၊ အဲဒါကို ကိုကြီးလူတော်က သူ မတိုက်ဝံ့လို့ ကျုပ်ကို တိုက်ပေးဖို့ လာပြောတာဗျ၊ ဒီမှာတင် ကျုပ်က မဖဲဝါကို မေးကြည့်တာ ဆရာကြီးရဲ့၊ မဖဲဝါက ကျုပ်ကို ပြောတယ်၊ နင် ဘာမှမစိုးရိမ်နဲ့ တာတေတဲ့၊ နင့်ဆရာကြီး ဘိုးလူပေ နောက်နှစ်ရက်ဆိုရင် ရောက်လာလိမ့်မယ်တဲ့ဗျ"

"ဟား၊ ဟား၊ ဟား၊ ဟား၊ မောင်တာတေရယ်၊ မင်းကတော့ တကယ့်လူပေပဲကွယ်၊ ကျုပ်ရောက်လာမှာကိုတောင် မင်းက ကြိုသိနေတာပါလား"

"ဟာ ကျုပ်သိတာ မဟုတ်ပါဘူး ဆရာကြီးရဲ့၊ မဖဲဝါ သိတာပါဗျ"

"အေးလေကွယ်၊ မဖဲဝါ သိတော့လည်း မင်းသိတာပဲ မဟုတ်လား၊ မောင်တာတေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တော့ ဟုတ်ပါတယ် ဆရာကြီး"

ဘိုးလူပေက တစ်ခုခုကို စဉ်းစားနေတယ်ဗျ။ ပြီးတော့မှ ကျုပ်ကို ပြောတယ်။

"မောင်တာတေ၊ ကျုပ်တို့တော့ အခုလာမယ့် လကွယ် ညအထိ စောင့်ရတော့မယ်၊ ဘာဖြစ်လို့တုံးဆိုတော့ ဒီဘီလူးက လကွယ့်ညရောက်မှ ထွက်မှာကွဲ့"

ကျုပ်က ရက်ကို တွက်ကြည့်တယ်။ လကွယ်ဖို့က လေး ငါးရက်တော့ လိုသေးတာပဲ။ ဘီလူးတစ်ကောင်ကို ဖမ်းဖို့ဆိုတာ ရော လွယ်ပါ့မလား။ ပြီးတော့ ဖြစ်မှာက ကျုပ်တို့ရွာထဲမှာ။ ရွာထဲမှာများ အန္တရာယ်တွေဘာတွေကျမှာလားလို့ ကျုပ်တွေးနေမိ တာဗျို့။ တွေးရင်းနဲ့ ကျုပ် တစ်ခုသတိရသွားတယ်ဗျ။

"ဩော်…ဆရာကြီး၊ လကွယ်ညရောက်ရင် ကိုလူတော် ကို ခွေးတိုက်ခိုင်းရဦးမှာလား"

ကျုပ်က ဆရာကြီး ဘိုးလူပေကို မေးလိုက်တယ်။ ဘိုးလူ ပေက ချက်ချင်းပဲ ပြန်ပြောတယ်။

"ဟာ တိုက်ခိုင်းရမှာပေါ့ မောင်တာတေရဲ့၊ ဒါမှ ဘီလူး က လွယ်လွယ်ထွက်လာမှာကွ၊ ဘီလူးထွက်လာမှ ကျုပ်တို့က



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်ရမှာလေကွယ်''

''သြော်..ဟုတ် ဟုတ်ကဲ့ပါ ဆရာကြီး၊ ဒါဆိုရင် ကိုလူတော်ကို ကျုပ် စီစဉ်စရာရှိတာ စီစဉ်နိုင်းလိုက်ပါမယ်''

ကျုပ် ထနောင်းကုန်းကို ပြန်လာခဲ့တယ်။ ကျုပ်ဝိုင်းထဲ ဝင်လိုက်တာနဲ့...

''ဟော...ဟိုမှာ တာတေ ပြန်လာပြီ၊ တာတေ ဒီမှာ လူတော်က နင့်ကို စောင့်လို့''

ကျုပ်က အိမ်ပေါ်တက်ခဲ့တယ်၊ တန်းလျားမှာ ဝင်ထိုင် လိုက်တာနဲ့ ကိုကြီးလူတော်က တန်းပြောတာဗျို့။

''တာတေရေ၊ ငါတို့အိမ်မှာတော့ ထူးထူးခြားခြားတွေ ဖြစ်ကုန်ပြီဟေ့''

''ဟင်...ဘာဖြစ်လို့တုံးဗျ''

''ညက ငါ့မိန်းမရော၊ ငါ့ကလေးနှစ်ယောက်ရော လန့် ကြလို့ဟေ့''

''ဗျာ...လန့်တယ်ဟုတ်လား ကိုကြီးလူတော်''

''အေးလေ၊ ပထမ အငယ်မက အိပ်နေရာကနေ လန့် အော်တယ်၊ ခဏနေတော့ အကြီးမကပါ လန့်ပြန်ရောကွာ၊ ဒါနဲ့



www.burmeseclassic.com

www.burmeseclassic.com



ငါက ကလေးနှစ်ယောက်ကို ချော့မော့ပြီး ပြန်သိပ်ရတာပေါ့ကွာ၊ မနက်မိုးလင်းကာနီးတော့ ငါ့မိန်းမပါ လန့်အော်လို့ကွာ"

"ဟင်၊ ဘာကို လန့်ကြတာတုံးဗျ"

"ဘာရယ်လို့ကို မဟုတ်တာကွ တာတေရ၊ အိပ်ပျော်နေ ရင်းကနေ လန့်သွားပြီး အော်ကြတော့တာပေါ့"

"နို့ ခင်ဗျားရော မလန့်ဘူးလား ကိုကြီးလူတော်ရဲ့"

"ငါကတော့ မလန့်ဘူးကွ တာတေရ"

"အင်းစောင့်ကံ လကွယ်ကာနီးသာလို့ သတိပေးတာနေ မှာပါဗျာ၊ ကိုကြီးလူတော် သူ့ကို ဘာပြောထားသေးတုံး"

"ဟေ့အေး၊ မင်းက ဘာမှမလုပ်နဲ့ဆိုလို့ ငါ ဘာမှမလုပ် ဘူးလေကွာ"

"ဩော်..ကောင်းတယ် ကိုကြီးလူတော်၊ ဘာမှမစိုးရိမ် နဲ့တော့ဗျ၊ ကျုပ်ဆရာကြီး ဘိုးလူပေလည်း ရောက်နေပြီဗျ"

"ဟေ..ဆရာကြီး ဘိုးလူပေ ရောက်ပြီ ဟုတ်လား၊ ဟာ..အားရှိလိုက်တာကွာ၊ မင်းရော ဘိုးလူပေနဲ့ တွေ့ပြီးပြီလား"

"ကျုပ် အခု ဘိုးလူပေဆီက ပြန်လာတာလေဗျာ၊ ဘိုးလူ ပေကို အကျိုးအကြောင်းအားလုံး ကျုပ်ပြောခဲ့ပြီးပါပြီ၊ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com


ကိုကြီးလူတော် ဒီကပြန်တာနဲ့ အင်းစောင့်ကို ပြောလိုက်ပါ၊ လက္ခဏာယ်နေ့ညသန်းခေါင်မှာ ကြက်သွေးတိုက်ပြီး မိတ်ဖွဲ့မယ်လို့၊ အိမ်သားတွေကို ထိတ်အောင်လန့်အောင် မလုပ်ဖို့ပြောဗျာ"

"အေး...ဟုတ်ပြီ၊ ငါပြောလိုက်မယ် တာတေ"

နောက်တော့ ကိုကြီးလူတော်က ဆေးလိပ်သောက်ရင်း ရေနွေးကြမ်းသောက်ရင်းနဲ့ ကျုပ်နဲ့ ခဏလောက်ထိုင်ပြီး စကား ပြောနေသေးတာဗျ၊ စကားပြောရင်းနဲ့ ကျုပ်က သတိရပြီး မေး လိုက်တယ်။

"နေဦးဗျ ကိုကြီးလူတော်ရဲ့၊ ဒီအင်းအကြောင်းကို ကိုကြီး လူတော် ဘယ်သူ့ကို ပြောမိသေးလဲ"

"ဟေ့အေး မပြောဘူးကွ၊ မင်းတစ်ယောက်ကိုပဲ ငါလာ ပြောတာ၊ တခြား ဘယ်သူ့ကိုမှ မပြောဘူး၊ ငါ့မိန်းမကိုတောင် မပြောဘူး တာတေ"

"ဟာ ကောင်းတယ်ဗျာ၊ မပြောနဲ့ ကိုကြီးလူတော်၊ ဘယ်သူ့ကိုမှ မပြောတာ အကောင်းဆုံးပဲဗျ၊ ကဲ ဒီကပြန်ရင်သာ ကျုပ်ပြောသလို အင်းစောင့်ကို ပြောထားလိုက်ပါ"

"အေး...ဟုတ်ပြီ တာတေ၊ မင်းပြောခိုင်းတဲ့အတိုင်း


www.burmeseclassic.com

www.burmeseclassic.com



ငါပြောထားလိုက်မယ်"

"သြော် လက္ခယ်မရောက်ခင် ကြက်ဖကြီးကြီးတစ်ကောင် ရှာထားဦးဗျ၊ နီးတော့မှ ရှာလို့မရရင် ခက်မယ်"

"ဒီအတွက်တော့ စိတ်ချ တာတေ၊ အရှေ့ပိုင်းက ကြက်ခွဲ တွေဆီမှာ ပိုင်းမဝင်တော့တဲ့ ကြက်ဖကြီးတွေ ရှိတယ်၊ အသားဈေး လောက်နဲ့ရောင်းမယ့် ကြက်တွေ ငါ မေးထားပြီးသားကွ"

ကိုကြီးလူခုတ် ပြန်သွားတော့မှ ကျုပ်လည်း မနေ့က ယာထဲကခုတ်လာတဲ့ ပြောင်းရိုးတွေကို စင်းခုံကိုယူလာပြီး ပြောင်း ရိုးတွေ စင်းရတော့တာဗျို့။ ကျုပ်တို့နွားကြီးတွေဆိုတာ အဘနဲ့ ကျုပ်နဲ့ ဂရုစိုက်ထားလို့ ဝဖီးနေကြတာဗျ။ အဘက သူ့နွားကြီး တွေကို ဂရုမစိုက်ရင် လွှတ်စိတ်ဆိုးတာဗျ။

နောက်တစ်နေ့ မနက်အစောကြီး ကျောက်ခဲနဲ့ သံမဏိ ကျုပ်ဆီကို ရောက်လာတယ်ဗျ။

"ကိုကြီးတာတေရေ၊ ညကတော့ ရွာမြောက်ပိုင်းကလူ တွေ အိပ်နေရင်း လန့်ကြလို့တဲ့ဗျာ"

"ဟေ…လန့်လို့ ဟုတ်လား၊ ဘယ်အိမ်တွေကလူတွေ လန့်တာတုံးကွ"



www.burmeseclassic.com

www.burmeseclassic.com



"တော်တော်များများကို လန့်တာဗျ၊ မြောက်ပိုင်းတစ်ပိုင်းလုံးလို့ပဲ ကိုကြီးတာတေရ"

"နေပါဦးကွ၊ ကိုလူတော်တို့နေတဲ့ အပိုင်းလား"

"ဟုတ်ပါ့ဗျာ၊ လေးလေးလူတော်တို့ပိုင်းနဲ့ ကပ်လျက်ပိုင်းတွေက စပြီးလန့်တာတဲ့ဗျ၊ နောက်တော့ တခြားပိုင်းတွေပါ ကူးသွားတာဆိုပဲ"

"ဟေ…ဘယ်လိုလန့်တာတုံးကွ ကျောက်ခဲရ၊ ဘာကို မြင်လို့ လန့်တာတုံး"

"ဟာ…အိပ်ပျော်နေရင်းကို လန့်တာတဲ့ဗျ၊ တစ်အိမ်သားလုံး အိပ်ပျော်နေရာကနေ လန့်အော်ကြတာတဲ့ဗျ၊ ပြောရရင်တော့ ကိုကြီးတာတေ တစ်ခါပြောဖူးတဲ့ ခုနစ်စဉ်တိုက်ဆိုတာမျိုးလိုပဲဗျ။ တစ်အိမ်သားလုံး အိပ်နေရင်းက သူအော် ငါအော်နဲ့ လန့်အော်ကြတာတဲ့ဗျို့၊ ပြီးတော့ တစ်အိမ်ပြီး တစ်အိမ် ကူးသွားတာတဲ့ဗျ၊ မြောက်ပိုင်းတစ်ပိုင်းလုံးလိုလိုပဲ"

"ဟေ…ဟုတ်လားကွ၊ ထူးဆန်းလှချည်လား"

ကျုပ်လည်း ဘာပြောရမှန်းတောင် မသိတော့ပါဘူးဗျာ။ ကျောက်ခဲတို့ ပြန်သွားတော့ ကျုပ် ဘန့်ဘွေးကုန်းကို ထွက်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



ယ်။ ဘိုးလူပေကို ကိုလူတော်တို့မိသားစု ပထမညက ဖြစ်တာ
ာ်၊ ညက ကိုလူတော်တို့နေတဲ့ ရွာမြောက်ပိုင်းမှာ ဖြစ်တာတွေ
ာ်ကို ကျုပ်က ဘိုးလူပေကို ပြောပြလိုက်တယ်။ ကျုပ်ပြောတာ
နားထောင်ပြီးတော့ ဘိုးလူပေက ခေါင်းညိတ်တယ်ဗျ။

"ဒီဘီလူးကတော့ လက်စွမ်းပြနေပြီ မောင်တာတေရေ၊ မောင်လူတော်ကို ကြောက်အောင် လုပ်ပြနေတာကွဲ့"

"ဒီအတိုင်း လွှတ်ထားလို့ ဖြစ်ပါ့မလား ဆရာကြီး"

"ဖြစ်ပါတယ် မောင်တာတေရဲ့၊ ဘာမှမစိုးရိမ်ပါနဲ့ကွယ်၊ ဘာမှမလုပ်ပါဘူး၊ မောင်လူတော်ကို သူ့စွမ်းကြောင်း ပြနေတာပါ၊ မောင်လူတော်ကိုသာ သေသေချာချာ ပြောထားနော်"

"ပြောထားတယ် ဆရာကြီး၊ လကွယ်နေ့ညမှာ ကြက်သွားတိုက်ပြီး မိတ်ဖွဲ့မယ်လို့ ပြောခိုင်းထားတယ်"

"အေး...ကောင်းတယ်၊ ကောင်းတယ်၊ သြော် နေဦးကွဲ့ မောင်တာတေရဲ့၊ မင်းလူက မင်းပြောခိုင်းတာကို မပြောသေးဘူး ထင်တယ်၊ ဒီကပြန်ရင် မောင်လူတော်ဆီကို သွားပြီး သေသေချာချာ ပြောခိုင်းလိုက်ဦးကွဲ့"

"ဟုတ်ကဲ့ ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးနဲ့ ကျုပ်နဲ့ စကားစမြည် ပြောဆိုပြီးတော့ ဆရာကြီးက ဘုရားခန်း ဝင်သွားတယ်။ ကျုပ်လည်း ထပြီးပြန်လာခဲ့တယ်။ ထနောင်းကုန်းကိုရောက်တော့ ကျုပ်မြောက်ပိုင်း ကိုလူတော်တို့အိမ်ကို တန်းသွားလိုက်တယ်။

"ဟာ…တာတေ လာဟေ့၊ အတော်ပဲ၊ အိမ်မှာ ဘယ်သူမှ မရှိကြဘူးကွ၊ မင်းလည်း ကြားပြီးရောပေါ့၊ ညက မြောက်ပိုင်းတစ်ပိုင်းလုံး လန့်ကြတယ် ဆိုတာလေ"

"ကျုပ် ကြားပြီးပါပြီဗျာ၊ ကိုကြီးလူတော် အင်းစောင့်ကိုကျုပ်ပြောခိုင်းတာ ပြောပြီးပြီလား"

"ဟာ…မပြောရသေးပါဘူးကွာ၊ အိမ်မှာက လူကိုမလစ်တာကွ၊ ဒါကြောင့် ငါ့မှာ မပြောရသေးတာ"

"သြော်…အဲဒါကြောင့် ဖြစ်တာဗျ၊ ကဲ ကဲ အခု လူရှင်းနေတုန်း သွားပြောလိုက်ဗျာ"

ကျုပ်တွန်းတော့မှ ကိုကြီးလူတော်က ထသွားပြီး ဘုရားစင်အောက်က လွယ်အိတ်ကို နှိုက်တယ်။ အင်းကိုပတ်ထားတဲ့ စက္ကူကိုဖြည်ပြီး ပြောသဗျ။

"အင်းစောင့်ကြီးဗျာ၊ ကျုပ်ကို ကြီးပွားချမ်းသာအောင်



www.burmeseclassic.com

www.burmeseclassic.com


ောင့်ရှောက်ဖို့ ရောက်လာတာကို ကျုပ် ဝမ်းသာပါတယ်၊ အခုလာ ယ့် လကွယ်ညသန်းခေါင်အချိန်မှာ ကြက်သွေးတိုက်ပြီး အင်း ောင့်ကြီးနဲ့ မိတ်ဖွဲ့ပါ့မယ်၊ ကျုပ်ကို အမြန်ဆုံး ချမ်းသာအောင် ုပ်ပေးပါဗျာ၊ အင်းစောင့်ကြီး ပြောသလို လတိုင်း လကွယ်ည န်းခေါင်ချိန်တိုင်းမှာ ကျုပ်က အင်းစောင့်ကြီးကို ကြက်သွေး ိုက်ပါမယ်၊ အခုလည်း လူတွေ ထိတ်လန့်ကုန်ကြတာ အင်းစောင့် ကြီးအစွမ်းမှန်း ကျုပ်သိပါတယ်၊ နောက်ထပ် ထိတ်အောင်လန့် အောင် မလုပ်ဖို့ ကျုပ်တောင်းပန်ပါတယ် အင်းစောင့်ကြီးဗျာ"

ကိုကြီးလူတော်က ပြောတော့လည်း သေသေချာချာ ပြောသားဗျ။ ကျုပ်လည်း သူပြောတာကို သေသေချာချာ နား ထောင်နေတာဗျို့။ သူ့စကားဆုံးတော့ ကိုကြီးလူတော်က ကျုပ်ကို လှည့်ကြည့်တယ်။ ဘယ်လိုလဲ၊ ဘာလိုသေးတုံးဆိုတဲ့ သဘောပေါ့ ဗျာ။ ကျုပ်က ခေါင်းညိတ်ပြလိုက်တော့မှ အင်းချပ်ကလေးကို စက္ကူနဲ့ ပြန်ထုပ်ပြီး လွယ်အိတ်ထဲကို ပြန်ထည့်လိုက်တယ်။

"ကဲ...ကိုကြီးလူတော်၊ မနက်ဖြန်မနက်ကျရင် ကျုပ်ဆီ ကို လာပြီး ထူးခြားတာလေးတွေ ပြောဦးဗျာ"

"အေးပါ တာတေရာ၊ ငါလာပြောပါ့မယ်"


www.burmeseclassic.com

www.burmeseclassic.com



ကျုပ်လည်း အိမ်ပြန်လာပြီး အဘ ဆီဆုံစီးနေတာမြင်
ကျုပ်လည်း အဘကို ဖယ်ခိုင်းပြီး ဆီဆုံဝင်ထိုင်လိုက်တယ်
ကျုပ်တို့က အိမ်စားဖို့ဆီကို ကိုယ့်ဟာကိုယ် ကြိတ်ကြတာလေ
ဆီမကြိတ်ခင် ပထမတစ်ရက် နှစ်ရက်လောက်ကတည်းက နှ
တွေကို နေလှန်း ဖွဲတွေ သဲတွေ မပါအောင် ပြာထုတ်ထားရ
ဗျ။ အိမ်အလုပ် ဝင်လုပ်လိုက် ဘိုးလူပေဆီကို သွားလိုက်ပေါ့ဗျ
ရွာထဲမှာတော့ ထိတ်တာ လန့်တာ မရှိတော့ဘူး
ကျုပ်ပြောခိုင်းတာကို ကိုကြီးလူတော်က မပြောလို့ ဘီလူး
စိတ်ဆိုးပြီး လုပ်ပြတာ ဖြစ်မယ်ဗျ။

လကွယ်နေ့ညရောက်တော့ ကျုပ်က ဘိုးလူပေ ညွှန်ကြ
တဲ့အတိုင်း ရွာဦးက ရွှေတောင်ဦးဘုရားကွင်းထဲမှာ စီစဉ်လိုက်
တယ်။

ညဆယ့်ကစ်နာရီထိုးတာနဲ့ ကိုကြီးလူတော်ကိုခေါ်
အလုပ်စကြတယ်။ ကိုကြီးလူတော်က ဘုရားကွင်းထဲရောက်တာ
အသင့်ယူလာတဲ့ ကြက်ဖကြီးကို လည်လှီးပြီး သွေးခံကယ်
ပြောင်လက်နေအောင် တိုက်ထားတဲ့ ကြေးဝါဖလားလေးနဲ့ ကြ
သွေးကို ခံတယ်။ သွေးက ဖလားပြည့်ကာနီးအောင် ရတာ



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်တစ်နာရီခွဲတော့ ကိုစံအေးကြီးက ဘိုးလူပေကို ခေါ်လာတယ်။ ကိုစံအေးဆိုတာ ဘန့်ဘွေးကုန်းက ဘိုးလူပေ တည်းတဲ့အိမ်က ဘိုးစံမောင်ရဲ့ သားလေဗျာ။ အရင်စာအုပ်တွေမှာ လွှတ်စိတ်တိုတဲ့ ဘိုးစံမောင်အကြောင်းကို ကျုပ် မကြာ မကြာ ရေးဖူးပါတယ်။

ညသန်းခေါင်ကို ရောက်တာနဲ့ ဘိုးလူပေက ကျုပ်ကို အင်းတစ်ချပ် ပေးတယ်။

"မောင်တာတေ၊ မျက်ကွင်းဆေး ကွင်းခဲ့ရဲ့လား"

"ဟုတ်ကဲ့ ဆရာကြီး၊ ကွင်းခဲ့ပါတယ်"

"အေး…ဒါဆိုရင် သေသေချာချာကြည့်နေ၊ အင်းထဲက ဘီလူးထွက်လာပြီး သွေးသောက်ပြီဆိုတာနဲ့ အဲဒီအင်းကို ဘီလူးစောင့်တဲ့ အင်းအပေါ်ကနေ အုပ်ထားလိုက်ပေတော့၊ ဒါဆိုရင် ဒီဘီလူးက အင်းနဲ့ ဘာမှမဆိုင်တော့ဘူးကွဲ့၊ အဲဒီအချိန်ကျရင် ကျုပ်ကွယ်နေတဲ့ သစ်ပင်နောက်က ထွက်လာခဲ့မယ်၊ ကျန်တာတွေကတော့ ဖြစ်လာတဲ့ အခြေအနေကိုကြည့်ပြီး လုပ်ရမှာပေါ့ကွယ်၊ ကဲ အချိန်ကျပြီ၊ လုပ်ငန်းစတော့"

ဘိုးလူပေက ဘုရားနားက မန်ကျည်းပင်ကြီးနောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ပြီး ကွယ်နေလိုက်တယ်ဗျ။ ကိုကြီးစံအေးကတော့ ရွှေတောင်ဦး ဘုရား မုခ်ဦးဘေးမှာ ဝင်ပြီးကပ်နေတယ်။ ကျုပ်နဲ့ ကိုကြီးလူတော်က ကြက်သွေးထည့်ထားတဲ့ ကြေးဖလားလေးကို မြေကြီးမှာ ချထားလိုက်တယ်။ ပြီးတာနဲ့ ကိုကြီးလူတော်က စက္ကူနဲ့ ထုပ်ထားတဲ့ အင်းချမ်ကို ထုပ်ယူပြီး ကျုပ်ပြတဲ့နေရာမှာ ချထားလိုက်တယ်။

"ကဲ...ကိုကြီးလူတော် ဘီလူးကို ခေါ်ပေတော့"

ကိုကြီးလူတော်ကို ကျုပ် သင်ထားပေးပြီးသားဗျ။ ကိုကြီးလူတော်က လက်ကလေးနှစ်ဖက်ကို သေသေချာချာယှက်ပြီး ရိုရိုကျိုးကျိုးလေး ပြောတာဗျို့။

"လာဘ်ခေါ်အင်းတော်ကြီးကို စောင့်ရတဲ့ အင်းစောင့်ကြီးဗျာ..အင်းစောင့်ကြီးကို ကျုပ် မောင်လူတော်က မိတ်ဆွေအဖြစ် သတ်မှတ်ပြီး ကြက်သွေးနဲ့ ဧည့်ခံပါတယ်၊ ကျုပ်ကိုလည်း မိတ်ဆွေအဖြစ် အခုအချိန်ကစပြီး သတ်မှတ်ပါဗျာ၊ ကျုပ်တိုက်တဲ့ ကြက်သွေးကို အားရပါးရ သုံးဆောင်ပါ အင်းစောင့်ကြီးဗျာ၊ ကျုပ် မောင်လူတော်က မိတ်ဆွေဖြစ်ကြပြီးနောက်မှာ လတိုင်း လကွယ် ညသန်းခေါင်ယံတိုင်းမှာ အခုလိုပဲ ကြက်သွေးတိုက်ပါ့မယ်၊ ကျုပ်ကိုလည်း နေ့ချမ်းညချင်း ချမ်းသာကြွယ်ဝလာအောင် လုပ်ပေးပါ



www.burmeseclassic.com

www.burmeseclassic.com



ချာ"

ဟာ…ထွက်လာပြီဗျို့။ ဘိလူးဗျာ၊ နည်းတဲ့အကောင်ကြီး မဟုတ်ဘူးဗျာ။ ပန်းချီဆရာ ဆွဲထားတဲ့ပုံမျိုးတော့ မဟုတ်ဘူးဗျို့။ အပေါ်ပိုင်းက အင်္ကျီဗလာနဲ့ဗျ။ အောက်ပိုင်းကတော့ သားရေပြား လိုဟာကြီး ပတ်ထားတာဗျာ။ ခေါင်းက ဆံပင်က စုတ်ဖွားကြီးဗျ။ နဖူးကြီးက အကြီးကြီးဗျို့။ မောက်ထွက်နေတာဗျ။ မျက်လုံးကြီး တွေက နီရဲပြီး ပြူးထွက်နေတယ်။ နှာခေါင်းက တိုတိုပြားပြား ကြီးဗျ။ အထူးခြားဆုံးကတော့ ပါးစပ်ကြီးပဲဗျို့။ ပါးစပ်က တော် တော်ကို ကျယ်တာဗျ။ ပါးစပ်ကျယ်ကြီးထဲက သွားစွယ်ချွန်ချွန် ကြီးတွေက ပါးစပ်အပြင်ကို ထွက်နေတယ်ဗျို့။ အရပ်က ကျုပ် စိတ်ထင်တော့ ဆယ်ပေတော့ အနည်းဆုံးပဲဗျ။ ရင်အုပ်ကြီးက လည်းမောက်ပြီး အမွေးမဲမဲကြီးတွေ ပေါက်နေတယ်ဗျို့။ ခြေထောက် ကြီးတွေက တုတ်တုတ်တိုတိုကြီးတွေဗျ။ အမွေးမဲမဲကြီးတွေ ဖုံးနေ တယ်။ ခြေဖနောင့် မရှိဘဲ ခြေဖဝါးက ထုတုံးကြီးဗျ။ လက်သည်း ချွန်ချွန်ကြီးတွေလည်း ထွက်နေတယ်။ ခြေထောက်က ခြေသည်း ကြီးတွေလည်း ချွန်ထွက်နေတယ်ဗျ။

ဟော ဘိလူး သွားပြီ၊ သွားပြီ၊ သွေးခွက်နားကို သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



ဟော သွေးခွက်ကို စိုက်ကြည့်နေတယ်ဗျို့။ ပြီးတော့မှ ကိုလူတော်ကို ကြည့်ပြီး ပါးစပ်ပြဲကြီးနဲ့ ရယ်နေတယ်ဗျ။

"ဟီး၊ ဟီး၊ ဟီး၊ ဟီး၊ ဟီး"

ဘီလူးရယ်သံကြီးက ကြောက်စရာကြီးဗျာ။ ဒါပေမဲ့ ဒီအသံကို မျက်ကွင်းဆေး နားမှာလိမ်းပြီး ဒိဗ္ဗသောတမန္တန် ရွတ်ထားတဲ့ ကျုပ်ပဲ ကြားရတာဗျ။ ဟော ဘီလူးက သွေးခွက်ကို ကောက်ပြီးသောက်ပြီဗျို့။ ကျုပ် ဖျက်ကနဲ ပြေးထွက်ပြီး လက်ထဲက ဘိုးလူပေ ပေးထားတဲ့အင်းနဲ့ ဘီလူးစောင့်တဲ့အင်းကို အုပ်ထားလိုက်တယ်။ ပြီးတာနဲ့ နောက်ကို ခပ်မြန်မြန် ပြန်ဆုတ်လိုက်တယ်။ ဘီလူးက သွေးခွက်ကို အရသာခံ သောက်နေတာဗျို့။ ဟော ကုန်ပြီ။ သွေးတွေ ကုန်သွားပြီ။ ဘီလူးက သွေးထည့်တဲ့ ကြေးဖလားကို မြေကြီးပေါ်ကို ပစ်ချလိုက်တယ်။ ကျုပ်ဘေးမှာ ဘိုးလူပေ ရောက်နေပြီဗျို့။ ဘီလူးက ကိုကြီးလူတော်ကို ကြည့်ပြီး ခေါင်းညိတ်တယ်။ ပြီးတာနဲ့ အင်းရှိတဲ့နေရာကို ပြန်လျှောက်တယ်။ သူ့အင်းပေါ်မှာ ဘိုးလူပေရဲ့အင်းကြီး အုပ်ထားတာတွေ့တော့ ဘီလူး ဒေါသအကြီးအကျယ် ထွက်တာဗျို့။

ကိုကြီးလူတော်ကို ကြည့်တယ်၊ ကျုပ်ကို ကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာတင် ဘိုးလူပေကို တွေ့သွားတော့တာဗျို့။ ဘိုးလူပေက သူ့လက်ထဲမှာ ကိုင်ထားတဲ့ အင်းချပ်ကို မန္တန်ရွတ်ပြီး နှိုးနေတယ်ဗျ။

ဘီလူးက သူ့ရဲ့ ဖနောင့်တိုတိုကြီးနဲ့ မြေကြီးကို ဖနောင့်နဲ့ ပေါက်ချလိုက်တယ်။

"ဝုန်း"

"ဟာ"

ကျုပ်ဖြင့် လန့်ပြီးဟောင် အော်လိုက်မိတယ်ဗျို့။ ကျုပ်တို့ ရှေ့တစ်လံလောက်မှာ မီးတောက်ကြီး ထတောက်တာလေဗျာ။ ကိုကြီးလူတော်ကတော့ နောက်ဆုတ် နောက်ဆုတ်နဲ့ ပြေးတာ။ မှောင်ထဲမှာ ပျောက်သွားရောဗျို့။

ပြေးတော့မှာပေါ့ဗျာ။ ဘီလူး ဖနောင့်တစ်ချက်ပေါက်လိုက်တာ တစ်လံလောက်မြင့်တဲ့ မီးတောက်ကြီး 'ဝုန်း'ကနဲ ထတောက်တာလေဗျာ။

ဘီလူးက ဖနောင့်နဲ့ ထပ်ပေါက်တယ်။

"ဝုန်း"

ဟာ တောက်ပြန်ပြီဗျို့။ ဖနောင့်တစ်ချက်ပေါက်တိုင်း



www.burmeseclassic.com

www.burmeseclassic.com



မီးတောက်ကြီးတစ်ခု ထလာတာဗျို့။

"မောင်တာတေ၊ ရော့ ဒီအင်းယူထား၊ ဘီလူး ပျောက်သွားရင် ဒီအင်းကို ချက်ချင်းပစ်နော်"

ကျုပ်ကို အင်းတစ်ချပ် ပေးလိုက်တယ်။ ဒီတော့မှ ဘိုးလူပေလက်ထဲမှာ ကိုင်ထားတာ အင်းနှစ်ချပ်ဆိုတာ ကျုပ် သိလိုက်တာဗျ။

"မောင်တာတေ၊ ဒီကောင်က ကျုပ်တို့ပတ်လည် မီးတွေဝိုင်းအောင် လုပ်ပြီးမှ ကျုပ်တို့ကို မီးလောင်တိုက်သွင်းဖို့ လုပ်နေတာကွဲ့၊ သူ့ကို ကျုပ် အချိန်ပေးလို့ မရတော့ဘူး၊ ကဲကွာ"

ဘိုးလူပေက သူ့လက်ထဲက အင်းနဲ့ ဘီလူးကို ပစ်ချလိုက်ရောဗျို့။

"ဘုန်း"

ဟာ…ဘီလူးကြီး လဲကျသွားပြီဗျို့။ ဘိုးလူပေရဲ့ အင်းကို ဒီဘီလူး မခံနိုင်ဘူးဗျ။ ဒီတော့မှ ကျုပ်လည်း စိတ်ထဲအေးသွားတော့တာပေါ့ဗျာ။ ဟော ကျုပ်တို့ကို ဝိုင်းတော့မလိုဖြစ်နေတဲ့ မီးတောက်တွေလည်း ငြိမ်းသွားပြီဗျို့။

"တောက်"



www.burmeseclassic.com

www.burmeseclassic.com



ဘီလူးက တောက်တစ်ချက် ခေါက်တယ်ဗျ။ ဟာ ဘီလူး လဲနေရာကနေ ကုန်းထလာပြီဗျို့။

"ဆရာကြီး၊ ဘီလူးက တဖြည်းဖြည်း နောက်ကိုဆုတ်သွားပြီဗျို့"

"ဟော . . ဟုတ်လား၊ လာ ကျုပ်တို့ လိုက်ကြစို့၊ ရုတ်တရက်ပျောက်သွားရင် မောင်တာတေ လက်ထဲကအင်းကို ချက်ချင်းပစ်နော်"

"ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျုပ် အဆင်သင့်လုပ်ထားပါတယ်"

ဟော . . ဘီလူးက ကျုပ်တို့ လိုက်လာမှန်းသိတော့ အပေါ်ကို ခုန်မလို လုပ်လိုက်တယ်ဗျ။

"ဟာ . . . ခုန်တော့မယ်၊ ခုန်တော့မယ်"

"ပစ်တော့၊ အင်းပစ်တော့"

ဟော . . ဘီလူး ခုန်ပြီ။ ပစ်ပြီဗျာ။ ကျုပ်လက်ထဲက အင်းနဲ့ လှမ်းပစ်လိုက်ပြီ။

"ဝေါ"

ဟာ ကျုပ်လက်ထဲက ပစ်လိုက်တဲ့အင်းက 'ဝေါ' ဆိုနဲ့



www.burmeseclassic.com

www.burmeseclassic.com



မြည်ပြီး ထွက်သွားတာဗျို့။ ဘီလူးက အခုန်၊ ကျုပ်က အပစ် ဘီလူးက ကိုယ်တောင်မဖျောက်နိုင်တော့ဘူးဗျို့။ သူ့ဘေးမှာ မီး ကွင်းကြီးဝိုင်းပြီး မြေကြီးပေါ်ကို ပြန်ပြီးပြုတ်ကျလာတယ်ဗျ။ ဟာ ဘီလူး ပြေးလို့ကို မရတော့ဘူးဗျ။

"ဟော...ဘိုးလူပေ မန္တန်ရွတ်ပြီဗျို့၊ ဘာမန္တန်မှန်းတော့ ကျုပ် မသိဘူးဗျ၊ စတုမဟာရာဇ် ဆိုတာတော့ နှစ်ခါ သုံးခါ ကြားလိုက်တယ်"

"ဝုန်း"

ဟာ...ဘီလူးကြီးနှစ်ကောင် ဘွားကနဲ ပေါ်လာပြီဗျို့။ မီးကွင်းကြီးပတ်ထားတဲ့ အင်းစောင့်ဘီလူးဘေးမှာ သူ့ထက် သုံးဆလောက်ကြီးတဲ့ ဘီလူးကြီးတွေဗျ။ ပခုံးမှာလည်း ဟင်းပုဝ် ကြီးတွေ ထမ်းထားကြတယ်။

"ဝုန်း"

ဟာ ဘီလူးကြီးတစ်ယောက်က သူ့လက်နဲ့ ယမ်းလိုက် တာနဲ့ ဘီလူးကိုပတ်ထားတဲ့ မီးတောက်ကြီး ငြိမ်းသွားရောဗျို့။

"ဘုန်း၊ ဘုန်း၊ ဘုန်း"

မီးငြိမ်းသွားတာနဲ့ ဘီလူးကြီးနှစ်ကောင်က အင်းစောင့်



www.burmeseclassic.com

www.burmeseclassic.com



ဘီလူးကို တင်းပုတ်နဲ့ ထုတော့တာပဲဗျာ။ အင်းစောင့်ဘီလူးက ဘာမှပြန်မလုပ်ဝံ့ဘဲ ခေါင်းကြီးငုံ့ပြီး ခံနေရတယ်ဗျို့။

ခဏနေတော့ ဘွားကနဲ ပေါ်လာတဲ့ ဘီလူးကြီးနှစ်ကောင် က အင်းစောင့်ဘီလူးကို တစ်ဖက်တစ်ချက်စီ ချိုင်းကကိုင်ပြီး ပျောက်သွားရောဗျို့။

"မောင်တာတေ ဘာတွေ့ကုံး"

"တင်းပုတ်နဲ့ ဘီလူးအကြီးကြီးနှစ်ကောင် ပေါ်လာပြီး အင်းစောင့်ဘီလူးကို တင်းပုတ်နဲ့ထုတယ် ဆရာကြီး၊ ပြီးတော့ ချိုင်းတစ်ဖက်စီကိုကိုင်ပြီး ပျောက်သွားကြတယ်ဗျ။ ပေါ်လာတဲ့ ဘီလူးကြီးတွေက နည်းတဲ့အကောင်ကြီးတွေ မဟုတ်ဘူးဗျာ"

"ဒါဆိုရင် ကိစ္စပြီးပြီပေါ့ကွယ်၊ အဲဒါ စတုမဟာရာဇ်က ခိုက်လာတဲ့ နတ်ဘီလူးကြီးတွေပဲကွဲ့၊ လူပြည်ကို တိတ်တဆိတ် ဆက်လာပြီး လူသေးကို တစ်ဝဖုပ်နေတဲ့ အင်းစောင့်ဘီလူးတော့ အတ်သိမ်းသွားပြီပေါ့ မောင်တာတေရယ်"

ဘီလူးစောင့်တဲ့ အင်းချပ်ပေါ်မှာ အုပ်ထားတဲ့ သူ့အင်းကို ဘိုးလူပေက ပြန်ယူလိုက်တယ်။ ပြီးတော့ ဘီလူးစောင့်တဲ့အင်းကို တော့ စက္ကူတစ်ရွက်နဲ့ အထပ်ထပ်ထုတ်ပြီး သိမ်းလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအင်းကို အထက်ပုဂ္ဂိုလ်ကြီးတွေလက်ထဲ အပ်ရမှာ ကွဲ့၊ အင်း…ကိုမှိုင်း၊ ကိုမှိုင်း၊ လူကြည့်တော့ မြုံစိစိ ထုံတုံတုံနဲ့ ပညာဒီလောက်ထက်မယ်လို့ကို မထင်တာကွဲ့၊ သူ့ပညာကြောင့်ပဲ သူ့အသက်ရော၊ နောက်ထပ်လူသုံးယောက် အသက်ပါ ပေးလိုက် ရတာပေါ့ကွယ်။ မင်းတို့ရွာသားကတော့ သေကံမရောက်သေးလို့ ပေါ့ မောင်တာတေရယ်၊ ကျုပ်ကို အထက်ကပုဂ္ဂိုလ်ကြီးတွေ လွှတ်တာ မြန်ပေလို့ပေါ့ကွယ်၊ မီရုံလေးပဲရှိတာ"

ဘိုးလူပေနဲ့ ကျုပ်နဲ့ ဘုရားကွင်းထဲက ထွက်တော့မှ ကိုစံအေးကြီးနဲ့ ကိုလူတော်က ပုန်းနေတဲ့နေရာက ထွက်လာကြ တယ်ဗျို့။ သူတို့လည်း ဘီလူးတွေကို မမြင်ရပေမဲ့ မီးတောက်တွေ ကိုတော့ တွေ့ကြတာပေါ့လေ။ ကိုကြီးလူတော်က မြေကြီးမှာ ထိုင်ချပြီး ဘိုးလူပေကို ဦးတိုက်ရှိခိုးတယ်ဗျ။

"လူကလေး မောင်လူတော်၊ နောင်ဆိုရင် အင်းတွေတိုင်း မကောက်နဲ့ကွဲ့၊ ပြီးတော့ သဘာဝမမှန်ဘဲ ချမ်းသာတာမျိုးကို မလိုချင်နဲ့ လူကလေးရဲ့"

"မှတ်ကဲ့ပါ ဘိုး၊ ကျုပ် နောင်ကို ဆင်ခြင်ပါ့မယ်ဗျာ" ဘိုးလူပေကို ဘန့်ဘွေးကုန်းအရောက် လိုက်ပို့ပေးပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ ကိုကြီးလူတော်နဲ့ ကျုပ် ထနောင်းကုန်းကို ပြန်ခဲ့ကြတယ်။ အိမ်ရောက်တော့ လင်းကြက်တောင် တွန်နေပြီဗျို့။

တာတေ



www.burmeseclassic.com

www.burmeseclassic.com



# တစ္ဆေ့ရန်ငြိုး

"ဟော့ကောင်ထ၊ ဟော့ကောင် ထလေ"

ကျုပ်က နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတာဗျ။ ကျုပ်ကို တစ်ယောက်က နှိုးနေတာကို ကျုပ်နားထဲမှာ ကြားနေရတယ်။

အရှေ့ဘက်ကောင်းကင် စာရေး

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကျုပ်မျက်လုံးတွေကို ဖွင့်လို့ကို မရတာဗျ။ ကျုပ် စာထဲမှာ ဖတ်ဖူးတဲ့ စကားတစ်ခုကို ချက်ချင်းသတိရသွားတယ်။ ကမ္ဘာပေါ်မှာ အလေးဆုံးအရာက မျက်ခွံဆိုတာလေဗျာ။

"ဟောကောင် ထတော့လေ"

ဒီတော့မှ ကျုပ်ကို နှိုးနေတဲ့ အသံကို ကျုပ်သတိပြုမိသွားတယ်။ ဘယ်လိုအသံမျိုးပါလိမ့်။ စူးရှရှ အက်ကွဲကွဲကြီးပါလား။ ဒီအသံကြီးကို အာရုံစိုက်ပြီး နားထောင်လိုက်မိတော့မှ ကျုပ်စိတ်ထဲမှာ ကြောက်သလိုလိုကြီး ဖြစ်လာတယ်။

"ဟောကောင် ထတော့လေ"

ကျုပ်မျက်လုံးတွေကို အတင်းအားယူပြီး ဖွင့်လိုက်တယ်။ ဟော ရပြီ၊ ရပြီ။ ပွင့်သွားပြီ။ ကျုပ်မျက်လုံးတွေ ပွင့်သွားပြီ။ အောင်မယ်လေးဗျ၊ ဒါ ဘာကြီးတုံး။ ကျုပ်ကို နှိုးနေတဲ့လူရဲ့ မျက်နှာကြီးက ကြောက်စရာကြီးဗျာ။

မျက်လုံးကြီးတွေက ကျွတ်ထွက်တော့မလိုကို ပြူးထွက်နေတာဗျ။ မျက်နှာကလည်း ချိုင့်ခွက်ပြီး နှာခေါင်းက ပြားချပ်နေတာဗျို့။ နားရွက်ကြီးတွေကလည်း ယပ်တောင်ကြီးတွေလို အကြီးကြီးတွေဗျ။ ပါးစပ်ပြဲပြဲကြီးကိုဟပြီး ကျုပ်ကို ရယ်ပြနေတယ်။ ပါးစပ်ထဲက သွားကြီးတွေကလည်း ကျိုးတိုးကျဲတဲ အကြီးကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေ့ပါလား။ ဒါ လူမှဟုတ်ရဲ့လား၊ သရဲများလား။

ကျုပ်ကရော ဘယ်နေရာမှာ လာပြီးအိပ်ပျော်နေတာတုံး။ မြက်ပင်ရှည်ရှည်ကြီးတွေကြားမှာ ကျုပ် အိပ်ပျော်နေတာဗျ။ ကျုပ် တအားကြောက်သွားတာကို ကျုပ်ကို နှိုးတဲ့လူက သိသွားပုံပဲဗျ။

"ဟား၊ ဟား၊ ဟား၊ ဟား၊ ဟား"

မင်းက ငါ့ကို လန့်သွားတဲ့ပုံပဲ။ ဒီလူက ပြောပြောပြီး ရယ်နေတာဗျို့။ အပေါ်ပိုင်းက ဘာအင်္ကျီမှ မပါဘူး။ ကိုယ်လုံးတီးဗျ။ အောက်ပိုင်းမှာတော့ စုတ်ပြဲနေတဲ့ ပုဆိုးကို ဒူးခေါင်းလောက် တိုတိုကြီး ဝတ်ထားတယ်ဗျ။ ကျုပ် ဒီလူကိုကြည့်ရင်း ကြောက်လိုက်တာဗျာ။

"ဟော့ကောင် ကြောက်မနေနဲ့၊ ထ ထ၊ မင်းကို ဘိုးဘိုး လာပို့သွားတာ၊ မင်းက ငါနဲ့ နေရမှာတဲ့၊ လာ လာ"

"ကျုပ်က ခင်ဗျားနဲ့ ဘာလို့နေရမှာတုံး၊ ကျုပ်မှာ အိမ် ရှိတာပဲ၊ ကျုပ်အိမ်မှာ ကျုပ်နေမှာပေါ့ဗျ"

"ဟာ…ဒီကောင် ခက်နေမှပဲ၊ မင်းတို့ ငါတို့ ဘဝတွေ က ဘယ်မှာ အိမ်ရှိမှာတုံး တခွေရဲ့"

"ဗျာ…ခင်ဗျား ကျုပ်ကို ဘယ်လိုခေါ်လိုက်တာတုံး၊ နေပါဦး ခင်ဗျားက ဘယ်သူတုံး"



www.burmeseclassic.com

www.burmeseclassic.com



"ငါလား၊ ငါက သရဲလေ၊ မင်းက တစ္ဆေလေ၊ အဲဒါ ဘာဖြစ်တုံး"

"ဘာဗျ၊ ကျုပ်က တစ္ဆေ ဟုတ်လား၊ ကျုပ်က တစ္ဆေ မဟုတ်ဘူးဗျ၊ ကျုပ်က လူ လူ"

"ဟား၊ ဟား၊ ဟား၊ ဟား ဟော့ကောင် တစ္ဆေ၊ မင်းက လူမဟုတ်တော့ဘူးကွ၊ မင်းက သေပြီးသွားပြီ၊ သေပြီးတော့ တစ္ဆေဖြစ်နေပြီကွ"

"ဘာ...ဘာပြောတယ်၊ ကျုပ်သေသွားပြီ ဟုတ်လား၊ ကျုပ်က ဘာကြောင့် သေရမှာတုံး"

"ဟာ...ဒီတစ္ဆေတော့ တော်တော့်ကို ခက်နေမှပဲ၊ ကိုယ် သေတာလည်း ကိုယ်မသိ၊ ကိုယ် ဘာကြောင့် သေမှန်းလည်း ကိုယ်မသိ၊ အေးလေ ဒါမျိုးက ဖြစ်တတ်ပါတယ်လေ၊ ကဲ တစ္ဆေ ပြီးတော့ မင်းကို ငါပြောပြမယ်၊ အခုတော့ ငါတာဝန်က မင်းကို နေစရာပေးဖို့ကွ၊ မင်း ဟိုသရက်ပင်ကြီးကို မြင်လား၊ အကြီးကြီး ပဲလေ၊ အဲဒီသစ်ကိုင်းမှာ မင်းနဲ့ငါ နှစ်ယောက်တည်းနေရမှာကွ၊ လာ သွားမယ်"

သရဲက ကျုပ်လက်ကို ကိုင်လိုက်တယ်။ ဟာ ကျုပ် သရက်ကိုင်းကြီးမှာ ထိုင်လျက်သား ဖြစ်နေပြီဗျ။ ဟုတ်ပြီထင်



www.burmeseclassic.com

www.burmeseclassic.com


တယ်။ ကျုပ် တစ္ဆေဖြစ်နေတာဗျ။ ကျုပ်အိပ်မက် မက်နေတာလို့ ထင်လို့ ကျုပ်ပတ်ဝန်းကျင်ကို သေသေချာချာ ကြည့်မိတယ်။ ပတ်ဝန်းကျင်ကို ကျုပ် သေသေချာချာ မြင်နေတာပဲဗျာ။ အိပ်မက် ဘယ်လိုဖြစ်နိုင်မှာတုံး။ ကျုပ်နဲ့ မနီးမဝေးမှာ ထိုင်နေတဲ့ သရဲကို ကျုပ် သေသေချာချာကြည့်ပြီး မေးလိုက်တယ်။

"ကိုသရဲ၊ ဒါ တကယ်လားဗျာ"

"တစ္ဆေ တကယ်လေကွာ၊ မင်း တကယ်သေသွားခဲ့တာပါ၊ အခုလည်း တစ္ဆေတကယ်ဖြစ်နေတာပါ"

"ဒါ ဘယ်နေရာတုံးဗျာ"

"မင်းတို့ရွာ၊ ဘန့်ဘွေးကုန်းနဲ့ ချွေးတစ်ပေါင်ဝေးတဲ့ နေရာကွ၊ သရက်ပင်အုပ်ကြီးလေ၊ ဟိုဘက်ကိုသွားရင် ထန်းတောကြီးရွာလေကွာ"

"ဟာ…ကျုပ် သိပြီ၊ ထန်းတောကြီးနဲ့ ဘန့်ဘွေးကုန်းကြားက သရက်ပင်အုပ်ကြီးပဲ၊ ကိုသရဲ ကျုပ်က ဘယ်လိုဖြစ်လို့ သေခဲ့တာတုံးဗျ၊ ပြီးတော့ ကျုပ်က ဘာကြောင့် တစ္ဆေဖြစ်ရတာတုံး၊ လူ့ဘဝတုန်းက ကြီးကြီးမားမား မကောင်းမှုတွေ ကျုပ် ဘာမှမလုပ်ခဲ့ပါဘူးဗျာ၊ ကျုပ်သေတော့ ကျုပ်မိန်းမ မြခင်က ကျုပ် အတွက် ကောင်းမှုကုသိုလ်တွေ ဘာတွေ လုပ်မပေးဘူးလားဗျာ"


www.burmeseclassic.com

www.burmeseclassic.com



"မင်းမေးတာတွေက များတော့ ငါ ဘာကစပြီး ဖြေရမှန်းတောင် မသိတော့ဘူးကွ တစ္ဆေရဲ့၊ ဒီလိုဟော့ မင်းသေတာက သူများ လုပ်ကြံလို့ သေရတာ၊ မင်းမိန်းမ မြခင်က မင်းအတွက် ဆွမ်းသွတ်ပေမယ့် မင်းက ခုနစ်ရက်လုံး အိပ်ပျော်နေတာကွ"

"ဗျာ၊ ကျုပ်က အိပ်ပျော်နေတာ ဟုတ်လား၊ ကျုပ်က ဘယ်နေရာမှာ အိပ်နေလို့တုံး"

"မင်းလဲကျပြီး သေတဲ့နေရာမှာပဲ မင်းအိပ်ပျော်နေတာကွ တစ္ဆေရ"

"ကိုသရဲ ခင်ဗျားကို ကျုပ် တစ်ခုမေးပါရစေဗျာ"

"ဟ…တစ္ဆေ၊ တစ်ခုမဟုတ်ဘူး မင်း အများကြီး မေးလို့ရတယ်၊ ဘိုးဘိုးက မင်းကို ငါ့ဆီမှာ အပ်သွားတာ၊ မင်းနဲ့ ပတ်သက်ရင် ငါက တာဝန်ယူရမှာကွ"

"ဒီလိုပါဗျာ၊ ခင်ဗျားနဲ့ ကျုပ်နဲ့ဟာ တစ္ဆေ သရဲတွေ ဖြစ်ပါလျက်နဲ့ ခင်ဗျားက အဝတ်အစား ပြည့်ပြည့်စုံစုံ မရှိ၊ ရုပ်ရည် ဆိုးဆိုးဝါးဝါးဖြစ်ပြီး ကျုပ်မှာတော့ လူ့ဘဝတုန်းကလိုပဲ အဝတ်အစား ပြည့်ပြည့်စုံစုံနဲ့ ရုပ်ရည်ကလည်း လူတုန်းက ရုပ်ရည်အတိုင်းပဲ၊ ဒါက ဘာသဘောတုံးဗျ ကိုသရဲရဲ့"

"တစ္ဆေ…ငါက အကုသိုလ်ကံတွေကြောင့် သရဲဘဝကို



www.burmeseclassic.com

www.burmeseclassic.com



ရလာတာကွ၊ မင်းက ငါ့လို အကုသိုလ် မရှိဘူး၊ မင်းပိုင်တဲ့ အိမ်တွေ၊ ဝိုင်းတွေ၊ ယာတွေ၊ ရွှေတွေ၊ ငွေတွေ၊ ပြီးတော့ မင်း အင်မတန်ချစ်တဲ့ မြခင်ရယ်၊ ဒါတွေကို စွဲလန်းတဲ့စိတ်ကြောင့် တစ္ဆေဘဝကို ရောက်လာတာလေ။ ဒီတော့ ငါက ရုပ်ဆိုးပန်းဆိုးနဲ့ အဝတ်အစား ပြည့်ပြည့်စုံစုံ မရှိဘဲ၊ မင်းက လူ့ဘဝတုန်းကလို ရုပ်ရည် အဝတ်အစားတွေ ရနေတာပေါ့ကွ၊ နောက်တော့ မင်း သိလာမှာပါကွာ၊ ပါးစပ်ပေါက်သေးသေးလေးရှိတဲ့ ပြိတ္တာတွေ၊ ရေဝအောင် မသောက်ရလို့ ရင်တွေ အမြဲပူလောင်နေတဲ့ ပြိတ္တာတွေ၊ ရိုက်ပုတ်ညှဉ်းဆဲတာကို မကြာခဏ ခံကြရတဲ့ ပြိတ္တာတွေ၊ သရဲ၊ တစ္ဆေတွေ၊ သဘက်ကြီးတွေအကြောင်းကို မင်း သိလာမှာ ပါကွာ''

ကျုပ်က စိတ်ထဲမှာတော့ တော်တော်ကို ဝမ်းနည်းသွားတာပေါ့ဗျာ။ ဒါပေမဲ့ ကျုပ်စိတ်ကို ကျုပ်ထိန်းပြီး ကိုသာရဲကို ကျုပ်မေးလိုက်တယ်။

''ကိုသာရဲ စောစောက ခင်ဗျား ကျုပ်ကို ပြောသွားတယ်၊ ကျုပ်က သူများသေကြောင်းကြံလို့ သေရတာဆို၊ အဲဒါ ဘယ်လို ဖြစ်တာတုံးဗျာ၊ ကျုပ်က လူတိုင်းနဲ့ သင့်မြတ်တဲ့ကောင်ပါဗျာ၊ ဘန့်သွေးကုန်းက မိုးညိုဆိုတာ လူတိုင်းခင်တဲ့ ကောင်ပါ၊ ကျုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



မုန်းတဲ့လူ မရှိပါဘူး ကိုသရဲရယ်၊ ဘယ်သူကများ ကျုပ်ကို သေကြောင်းကြံခဲ့တာတုံးဗျာ"

"တစ္ဆေ၊ မင်းက လွတ်ရိုးသားတဲ့ကောင်ဆိုတာ ငါယုံတယ်ကွ၊ ဒါကြောင့်လည်း မင်းကို ငါ ခင်တာကွ၊ ဒါပေမဲ့ တစ္ဆေရေ ကိုယ်ကောင်းရင် ခေါင်းဘယ်မှမရွေ့ဘူးလို့ ပြောကြပေမယ့် ကိုယ်ကောင်းတိုင်း ခေါင်းမရွေ့တာတော့ မဟုတ်ဘူးကွ တစ္ဆေရဲ့၊ မင်းကိုယ်မင်းပဲ ကြည့်လေကွာ၊ မင်းနဲ့ သာဝဟာ ငယ်ငယ်လေးကတည်းက ကစားဖက်၊ ကြီးတော့လည်း ဘာစားစား အတူတူ၊ ဘယ်သွားသွား အတူတူမို့လား၊ သာဝက ဆင်းရဲတယ်၊ မင်းက မျိုးရိုးအရ ချမ်းသာတယ်၊ ဒါပေမဲ့ မင်းက သာဝကို အဆင့်အတန်း မခွဲဘဲ တတွဲတွဲ နေခဲ့တယ်၊ နေရုံတင်မကဘဲ မင်းက မင်းစားရသမျှကို သာဝကို တစ်ဝက်ခွဲကျွေးခဲ့တယ်၊ မင်း အင်္ကျီတစ်ထည်ရရင် သာဝကို တစ်ထည်ပေးတယ်၊ ပုဆိုးဆိုလည်း မင်း တစ်ထည်အသစ်ဝတ်တိုင်း သာဝကို တစ်ထည် ဆင်ခဲ့တာချည်းပဲမို့လား"

"ဟုတ်တာပေါ့ ကိုသရဲရယ်၊ ဒါတွေကို ကိုသရဲ ဘယ်လိုသိတုံး"

"တစ္ဆေ…ငါက ဒီမှာနေတာ ကြာပြီလေကွာ၊ ဒီအနီး



www.burmeseclassic.com

www.burmeseclassic.com



အနားက ရွာသားတွေအကြောင်း ငါသိတာ ဘာဆန်းတုံးကွ၊ ဒါပေမဲ့ တချွေရေ၊ ငါ ဒီအကြောင်းတွေ မင်းကို ပြောပြရမှာ သိပ်အားနာတယ်ကွာ"

"ဗျာ၊ ဘာဖြစ်လို့တုံး ကိုသရဲရဲ့"

"ဘာဖြစ်လို့တုံးဆိုတော့ မင်းကို သေကြောင်းကြံခဲ့ကြတာ မင်းသိပ်ချစ်တဲ့ မင်းမိန်းမ မြခင်နဲ့ မင်းသိပ်ခင်တဲ့ မင်းသူငယ်ချင်း သာဝ ဖြစ်နေလို့ကွ"

"ဘာဗျ၊ ခင်ဗျား မဟုတ်တာတွေ မပြောနဲ့၊ ကျုပ်မိန်းမ မြခင်က ကျုပ်အပေါ်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ကျုပ်အသိဆုံးပါ ကိုသရဲရယ်၊ ပြီးတော့ ကျုပ်သူငယ်ချင်း သာဝ ဆိုတာလည်း ကျုပ်ကို သိပ်ချစ်တဲ့ကောင်ဗျ၊ ဘာမဆို ကျုပ်နဲ့ ဆိုးတိုင်ပင် ကောင်းတိုင်ပင် နေခဲ့ကြတဲ့ကောင်ဗျ၊ ခင်ဗျား တစ်ခုခု တော့ လွဲနေပြီထင်တယ် ကိုသရဲရေ"

"တချွေ ငါ ဘယ်တော့မှ မလွဲဘူးကွ၊ ဒီကိစ္စတွေအားလုံး ကို ငါက 'ခရေစေ့တွင်းကျကို သိတဲ့ကောင်ကွ၊ ကဲ မင်းကို ငါမေးပါဦးမယ်၊ မင်းနဲ့ သာဝ မြခင်ကို အတူတူပိုးခဲ့ကြတာ ဟုတ်လား တချွေ"

"ဟုတ်တယ်လေဗျာ၊ တစ်ယောက်ရရင် တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



က ကျေနပ်ရမယ်လို့ သဘောတူပြီး ပိုးခဲ့ကြတာလေဗျာ၊ မြခင်က ကျုပ်ကို ချစ်ခဲ့တာလေ၊ ကျုပ်နဲ့ သမီးရည်းစား ဖြစ်ခဲ့ကြတာလေ ကိုသရဲရဲ့"

"ဟား၊ ဟား၊ ဟား၊ ဟား၊ အဲဒီကစပြီး မင်းလွဲခဲ့တာပဲ တစ္ဆေ၊ မြခင်နဲ့ သာဝအပေါ်မှာ မင်း ယုံကြည်ခဲ့မိတာ မင်းအမှားပဲ တစ္ဆေရေ"

"ဘာဗျ၊ ဘာဖြစ်လို့ ကျုပ်က မှားရမှာတုံး၊ ကျုပ်နဲ့ မြခင် သမီးရည်းစားတွေ ဖြစ်သွားတော့ သာဝက ကျေကျေနပ်နပ်ပါလေ၊ သူ နောက်ဆုတ်ပေးသွားတာပဲလေဗျာ"

"ဟား၊ ဟား၊ ဟား၊ ဟား၊ အဲဒါ မင်းထင်ခဲ့တာ တစ္ဆေရဲ့၊ တကယ်တော့ မြခင်က မင်းထင်ထားသလို မဟုတ်ဘူး တစ္ဆေ၊ ရုပ်ကလေး သနားကမားရှိတဲ့ မိန်းမချော၊ မိန်းမယုတ် ကလေးကွ"

"ဗျာ၊ ကိုသရဲ ခင်ဗျား ဘာစကားတွေ ပြောနေတာတုံး ဗျ"

"ငါ အမှန်တွေကို ပြောပြနေတာကွ တစ္ဆေရဲ့၊ မြခင်က မင်းကို အဖြေပေးပြီး တစ်ပတ်အကြာမှာ သာဝကို သနားသွားပြီး သာဝကိုပါ အဖြေပေးခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"အေး…အခုမှတော့ ဗျာမနေနဲ့ တဆွေရေ၊ အားလုံးက လွန်ကုန်ပြီပဲကွာ၊ မင်းကတော့ မြခင်လို မိန်းမချောလေးရဲ့ ရည်းစားဖြစ်ရလို့ ပျော်နေတဲ့အချိန်မှာ မြခင်နဲ့ သာဝက လူမသိအောင် ကြိတ်ပြီး ရည်းစားတွေ ဖြစ်နေကြတာကွ"

"ဟာ…ဖြစ်မှဖြစ်ရလေဗျာ"

"မင်းအမေဆုံးသွားတဲ့အချိန်မှာ မင်းအဖေက မင်းကို အိမ်ထောင်ချပေးဖို့ စီစဉ်ခဲ့တယ်မို့လား၊ အဲဒီအချိန်မှာ မင်းက ချစ်လွန်းလို့ လက်ဖျားနဲ့တောင် မတို့ရက်ခဲ့တဲ့ မင်းရည်းစား မြခင်မှာ သာဝနဲ့ရတဲ့ ကိုယ်ဝန်က ရှိနေပြီကွ တဆွေရ"

"ဘာဗျ၊ ဒီလောက်အထိတောင် ဖြစ်ခဲ့ကြတာ ဟုတ်လား ကိုသရဲ"

"သိပ်သေချာတာပေါ့ကွာ၊ ဒါပေမဲ့ သာဝက မြခင်ကို နားချတယ်ကွ၊ သူ့ကိုယူရင် မြခင် ဆင်းရဲမယ့်အကြောင်း၊ မင်းကို ယူရင် တစ်သက်လုံး ချမ်းသာမယ့်အကြောင်းပေါ့ကွာ၊ ဒီမှာတင် မြခင်က သာဝကို မေးတယ်ကွ။

'ကျုပ် လွယ်ထားရတဲ့ ရင့်ကလေးကို ထည့်မတွက်တော့ ဘူးလား ကိုသာဝ'



www.burmeseclassic.com

www.burmeseclassic.com



'မြခင်ရယ်၊ မိုးညိုက ငှါသူငယ်ချင်းပါ၊ ငှါကလေးကို ငှါသူငယ်ချင်းက အဖေလုပ်ပြီး မွေးတာ ငါက ဘာမျှမကျေနပ်စရာရှိတုံးဟာ၊ ပြီးတော့ နင်တစ်သက်လုံး ချမ်းချမ်းသာသာနေရတာကို ကြည့်ပြီး ငါ ကျေနပ်နေမှာပါ'

လို့ ထပ်ခါ ထပ်ခါ နားချတော့ မြခင်က သာဝစကားကို လက်ခံပြီး မင်းကို လက်ထပ်ခဲ့တာပဲ တဲ့။ မင်းနဲ့ လက်ထပ်ပြီးတဲ့နောက်မှာလည်း သာဝနဲ့ မြခင် ကင်းရှင်းသွားတယ်လို့တော့ မထင်နဲ့ကွ၊ သူတို့နှစ်ယောက် လစ်ရင် လစ်သလို ပေါင်းသင်းနေကြတာ တဲ့ရဲ့"

"ဖြစ်မှဖြစ်ရလေ ကိုသရဲရယ်၊ ကျုပ်ကတော့ မြခင်ကို ချစ်လိုက်ရတာဗျာ"

"အေး...နောက်တော့ မင်းအဖေကြီး ဆုံးသွားတယ်၊ ဒီမှာတင် မင်းတို့ ဘိုးဘွားစဉ်ဆက်က လက်ဆင့်ကမ်းပေးခဲ့တဲ့ အမွေတွေအားလုံးကို တစ်ယောက်တည်း ရခဲ့တယ်လေကွာ၊ ရွှေချည်း ငါးပိဿာကျော်တယ်မို့လား၊ နောက်ပြီးတော့ ယာတွေလည်း အများကြီး ပိုင်ခဲ့တယ်၊ ပိုင်းအကျယ်ကြီးထဲက ကျွန်းအိမ်ကြီး အကြီးကြီးလည်း မင်းတစ်ယောက်တည်း ရခဲ့တာပဲမို့လား၊ မင်းက ရွှေတွေကို မင်းသိပ်ချစ်တဲ့မိန်းမ မြခင်ကို ပြခဲ့တယ်ရလေ၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ မင်းအမှားပဲ တစ္ဆေရဲ့၊ မိန်းမယုတ်က သူ့ရဲ့လင်ငယ် သာဝ ကို သွားပြောတယ်။

'ကိုသာဝ ဒီစည်းစိမ်တွေကို ကိုမိုးညိုနဲ့ မယုတ်ဘဲ ရှင်နဲ့သာ ခံစားရရင် ကျွန်မ တော်တော်ကို ပျော်မိမှာ ရှင်သိလား၊ ဒီတော့ ရှင်နဲ့ ကျွန်မ ရတဲ့သမီးလေးရယ်၊ အဖေရင်းဖြစ်တဲ့ ရှင်ရယ် ကျွန်မရယ် အတူတူသိပ်နေချင်တာပဲတော်၊ ရှင်ဖြစ်အောင် ကြံစမ်းပါ' လို့ တွေ့တိုင်းပြောတော့ မင်းပိုင်တဲ့ ရွှေတွေ၊ ယာတွေ၊ အိမ်တွေကို သာဝ လောဘတက်လာတော့တာပေါ့ကွာ"

"ဪ…ဒီလိုဖြစ်တာလားဗျာ"

"အေး ဟုတ်တယ် တစ္ဆေ၊ ဒါကြောင့် ငါပြောပြရမှာ မင်းကို သိပ်ပြီးအားနာတာကွ၊ ဒါပေမဲ့ မင်းက ငါ့သူငယ်ချင်းဖြစ်ပြီဆိုတော့ ဒီအကြောင်းတွေကို ပြောပြဖို့ ငါ့မှာ တာဝန်ရှိသွားပြီပေါ့ တစ္ဆေရာ၊ အေး အဲဒီမှာတင် သာဝက ထန်းတောက ထန်းတက်သမား ရင်းထောင်ဆိုတဲ့ ကောင်နဲ့ပေါင်းပြီး ကြံတော့တာပေါ့ကွာ၊ ရင်းထောင်ကို ထန်းရည်ထဲမှာ ဟုန်းမြစ်သွေးပြီး ထည့်ခိုင်းတယ်၊ မင်းနဲ့ သာဝနဲ့ အဲဒီညနေ ထန်းရည်အတူတူ သောက်တော့ ဟုန်းမြစ်ထည့်ထားတဲ့ ပထမအိုးကို မင်းတစ်ယောက်တည်း ကုန်အောင်သောက်တာလေကွာ၊ သာဝက သူ့ဗိုက်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



လေထိုးနေလို့ ခဏနေမှ သောက်မယ်လို့ပြောပြီး မင်းကိုပဲ အရင် သောက်ခိုင်းခဲ့တာမို့လား"

"အင်း...ဟုတ်တယ်ဗျ၊ ကိုသရဲရဲ့"

"နောက်ထပ်မှာတဲ့ မြူအိုးကျမှ သူဗိုက်ပြိမ်သွားပြီဆိုပြီး သောက်တာမို့လား၊ အဲဒီအတွက် ထန်းတောက ရင်းထောင်ဆိုတဲ့ ကောင်ကို သာဝက ငွေသုံးထောင် ပေးတယ်"

"ဟင်...ဟုတ်လား၊ ဒါကြောင့် ကျုပ် အိမ်မှာ ငွေသုံး ထောင် ပျောက်ခဲ့တာကိုး"

"သိပ်ဟုတ်တာပေါ့ တစ္ဆေရာ၊ သာဝဆိုတဲ့ကောင်မှာ ငွေသုံးထောင် ဘယ်မှာရှိမှာတုံးကွ၊ မင်းမိန်းမ မြခင်က မင်းငွေ တွေယူပြီး ပေးလိုက်တာလေ"

"ဩော်...ဖြစ်ရလေဗျာ၊ ကျုပ်ငွေတွေနဲ့ ကျုပ်အသတ်ခံ ခဲ့ရတာပါလား"

"အေး ဟုတ်တယ် တစ္ဆေ၊ ထန်းတောက ပြန်တော့ သာဝက ကျန်တဲ့လူတွေကိုပါ အဖော်ခေါ်ပြီး ပြန်တာလေကွာ၊ အကြောင်းရှိရင် ဒီကောင်တွေကို သက်သေထူဖို့ပေါ့ကွာ၊ လမ်း ရောက်တော့ မင်းက မူးတယ်၊ မူးတယ်ဆိုပြီး လဲကျသွားတယ်၊ အဲဒီနေရာမှာတင် မင်း သေသွားတာပဲကွ တစ္ဆေရဲ့ သာဝတို့အုပ်စု



www.burmeseclassic.com

www.burmeseclassic.com



ကတော့ မင်းသောက်တာများသွားပြီး ဦးနှောက်ပဲ ထိသလိုလို သတင်းဖြန့်ကြတာပေါ့ကွာ၊ မင်းနဲ့ သာဝက ကလေးဘဝကတည်းက တွဲခဲ့တဲ့ကောင်တွေဆိုတော့ ဘယ်သူကရော မင်းကို သာဝ လုပ်ကြံတယ်လို့ ထင်မှာတုံး တဈွေရဲ့"

"တောက်၊ တော်တော်ကို ယုတ်မာခဲ့ကြတာပဲဗျာ"

"ဟုတ်တယ် တဈွေ၊ တကယ်တော့ မြခင် မကောင်းတာကွ၊ ဒီမိန်းမက မိန်းမယုတ်တစ်ယောက်ပဲ၊ မကြာခင် မင်း သိရမှာပါကွာ၊ မြခင်နဲ့ သာဝနဲ့ ယူကြပါလိမ့်မယ်၊ မင်းသမီးလို့ မင်းထင်ခဲ့တဲ့ ကလေးကလည်း သာဝကလေးပဲလေကွာ"

ကျုပ်ရင်ထဲမှာ မီးဟုန်းဟုန်းတောက်သလို ခံစားခဲ့ရတာပေါ့ဗျာ။ ကိုသရဲ ပြောခဲ့တဲ့အတိုင်းပဲဗျ။ နောက်တစ်နှစ်လောက်ကြာတော့ သာဝနဲ့ မြခင် ယူလိုက်ကြတယ်။ သာဝဖြစ်ချင်တဲ့ လူချမ်းသာ ဖြစ်ပြီပေါ့ဗျာ။ မြခင်ကလည်း သာဝနဲ့ တိတ်တိတ်ပုန်း ဘဝက လွတ်သွားပြီပေါ့။ ကျုပ်ကတော့ သရက်ပင်ပေါ်မှာ တဈွေ ဘဝနဲ့လေ။

"တောက်"

"ဟ တဈွေ ဘာတွေကို ဒီလောက်ဒေါသဖြစ်နေတာတုံးကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုသရဲ ကျုပ် ဒီအကောင်နဲ့ ကောင်မကို သတ်ပစ်မယ်ဗျာ"

ကျုပ်စကားကို ကြားတော့ ကိုသရဲက နားရွက်ကားကားနဲ့ သူ့ခေါင်းကြီးကို ညိတ်ပြတယ်။

"အေး နောက်နှစ်နှစ်လောက်ကြာရင်တော့ မင်း မှာ အစွမ်းတွေ ရှိလာလိမ့်မယ်၊ ခုတော့ ဘာအစွမ်းမှ မင်းမှာ မရှိသေးဘူး တဲ့ဗျ၊ အဲဒီလို အစွမ်းတွေ ရှိလာရင်တော့ မင်း သူတို့ကို သတ်လို့ရတာပေါ့ကွာ၊ ဒါပေမဲ့ မင်း စဉ်းစားနော်၊ ဒီကြားထဲမှာ မင်းက သူများ အမျှဝေလို့ သာဓုခေါ်လိုက်နိုင်ရင် ကျွတ်လွတ်သွားနိုင်တယ် တဲ့ဗျ၊ ဒီတော့ မင်းကို ငါပြောချင်တာက မင်းရဲ့ ရန်ငြိုးတွေကို မထားပါနဲ့တော့ကွာ၊ လူတွေ အမျှဝေတဲ့အခါ သာဓုတွေခေါ်ပြီး လူ့ဘဝကို ပြန်လှူးသွားပါကွာ၊ ဂလုံစားချေမနေပါနဲ့ တဲ့ဗျာ"

"ကျုပ် ဘယ်တော့မှ သာဓုခေါ်မှာ မဟုတ်ဘူး ကိုသရဲ၊ ဒီကောင်နဲ့ ဒီကောင်မကို ကျုပ် သတ်ကို သတ်မယ်"

"အေး ကောင်းပြီ တဲ့ဗျ၊ မင်းကို ငါ တစ်ခုပြောဦးမယ်၊ မင်း အခုလို လူပုံသဏ္ဌာန်အတိုင်း အဝတ်အစားကောင်းကောင်းနဲ့ တဲ့ဗျဖြစ်နေတာ အကုသိုလ်နည်းခဲ့လို့ကွ သိလား၊ မင်းက နောက်



www.burmeseclassic.com

www.burmeseclassic.com



ထပ် အကုသိုလ်တွေ ထပ်ပြီးကျူးလွန်ရင်တော့ ငါ့လို ရုပ်ပျက်ဆင်းပျက်ကြီးဖြစ်ပြီး တစ္ဆေဘဝကနေ ငါ့လို သရဲဘဝကို ကူးသွားလိမ့်မယ် တစ္ဆေရေ"

"ဒီမှာ ကိုသရဲ၊ ဘယ်လိုဘဝပဲရောက်ရောက်ဗျာ ကျုပ်ခံမယ်၊ ဒီအကောင် လင်မယားကို ကျုပ် ပြန်သတ်ရရင် ပြီးရောဗျာ ကိုသရဲရာ"

"အေးလေ၊ ဒါဆိုရင်လည်း ငါ မတားတော့ပါဘူးကွာ၊ မင်းက ငါ့သူငယ်ချင်းပဲ တစ္ဆေရာ၊ မင်းကို ငါ အားလုံးကူညီမှာပေါ့ကွာ"

"ကျုပ်ကို ကူညီရင် ခင်ဗျားလည်း အကုသိုလ်တွေ ပိုများသွားမှာနော် ကိုသရဲ"

"ဟား၊ ဟား၊ ဟား၊ ဟား တစ္ဆေရာ၊ ငါ့အဖို့က မထူးပါဘူးကွာ၊ ပြီးတော့ ငါက ရောက်ရာဘဝမှာ ပျော်တတ်တဲ့အကောင်ကွ၊ ငါ့အတွက်တော့ မင်း ဘာမှမပူနဲ့ တစ္ဆေ"

"ဒါဆိုရင် ဒီလင်မယားကို ကျုပ် သတ်မယ်ဗျာ၊ ပြီးတော့ ငွေသုံးထောင်ယူပြီး ထန်းရည်ထဲကို ဟုန်းမြစ်သွေးပြီး ထည့်ပေးတဲ့ ထန်းသမား ရင်းထောင်ကိုလည်း ကျုပ်သတ်မယ်၊ အိုဗျာ၊ ရှုပ်ပါတယ် ကိုသရဲရာ၊ ဒီအကောင်နဲ့ ကောင်မရဲ့ သွေး



www.burmeseclassic.com

www.burmeseclassic.com



သားတွေကိုပါ ကျုပ် သတ်ပစ်မယ်ဗျာ”

“ဒီမှာ တချွေ၊ မင်းသိဖို့က တချွေ သရဲက လူကို သတ်တယ်ဆိုတာ ဓားနဲ့ခုတ်လို့ရတာမဟုတ်ဘူးကွ၊ လူရဲ့စိတ်ကို ကိုယ့်စိတ်နဲ့ တစ်ထပ်တည်းကျအောင် ထပ်နိုင်ရတယ်၊ ပြီးရင် အဲဒီလူရဲ့ သိစိတ်ကို ပျောက်သွားအောင် လုပ်လိုက်ပြီး ကိုယ်ပြော ချင်တာ ပြောခိုင်း၊ ကိုယ်လုပ်ချင်တာ လုပ်ခိုင်းလို့ရတာကွ၊ မင်းရဲ့ စိတ်အစွမ်းတွေ မြန်မြန်တက်လာပြီး လူ့ရဲ့သိစိတ်ကို သိပ်နိုင် အောင် ငါသင်ပေးပါမယ်၊ ဒါမှလည်း မင်း မြန်မြန်လက်စားချေ လို့ ရမှာပေါ့ကွာ၊ ခုတော့ သည်းခံလိုက်ပါဦးကွာ တချွေရာ”

အဲဒီနေ့ကစပြီး ကိုသရဲက ကျုပ်ကို တချွေ သရဲတွေ သိရမယ့်ကိစ္စတွေကို သင်ပေးတယ်ဗျ။ ကျုပ်ရဲ့ စိတ်အစွမ်းတွေ မြန်မြန်တက်လာအောင် လေ့ကျင့်ပေးတယ်။ ကျုပ်ကလည်း ဟို အကောင်နဲ့ ကောင်မကို သတ်ချင်စိတ်နဲ့ အပြင်းအထန် လေ့ကျင့် တာ သိသိသာသာကို တိုးတက်လာတော့တာပေါ့ဗျာ။

ဒီကြားထဲမှာ ကျုပ်က ဘန့်ဘွေးကုန်းကိုသွားသွားပြီး ဟိုလင်မယားအခြေအနေကို ကြည့်တယ်။ တစ်ယောက်နဲ့ တစ်ယောက် ပလူးနေလိုက်ကြတာမှဗျာ ကျုပ်အဘိုးလက်ထက် ကတည်းက ဆောက်ထားခဲ့တဲ့ ကျွန်းအိမ်မဲမဲကြီးမှာ သူတို့



www.burmeseclassic.com

www.burmeseclassic.com



လင်မယားက သွေးမတော်သားမစပ်နဲ့ အပိုင်သိမ်းပြီး တက်နေကြလို့ပေါ့ဗျာ။ သာဝကလည်း ကျုပ်အမွေရတဲ့ ရွှေတွေကိုရောင်းပြီး ကားတစ်စီးတောင် ထောင်လို့ဗျ။ ကျုပ်ပိုင်တဲ့ ယာတွေအားလုံးလည်း သူ့ယာတွေ ဖြစ်ကုန်တာပေါ့ဗျာ။

ရွာသားတွေကလည်း ပေးနိုင် ကျွေးနိုင်တဲ့သူတွေဆိုတော့ မြှောက်ပင့်စားနေကြတာပေါ့လေ။ သူ့ဒွေး ကိုသာဝတို့ မမမြတို့နဲ့ ပင့်မြှောက်ပေးနေတာဗျို့။ ဟိုလင်မယားကလည်း ခြေထောက်နဲ့ မြေကြီးတောင် မထိတော့ဘူးပေါ့ဗျာ။

ကျုပ်နဲ့ မြခင် ပေါင်းတုန်းကရတဲ့ ကလေးမလေးကို ကျုပ်က ကျုပ်ကလေးပဲ ထင်ခဲ့တာဗျ။ ခုတော့ သူတို့မှား သမီးနှစ်ယောက်တောင် ဖြစ်နေပြီပေါ့ဗျာ။ နောက်မွေးတာလည်း သမီးလေးပဲဗျ။ ကျုပ်ရဲ့ စိတ်စွမ်းအားတွေကလည်း တက်လာလိုက်တာကိုသရဲတောင် အံ့သြယူရတယ်ဗျို့။ တကယ်တော့ ကျုပ်က တစ္ဆေဘဝမှာ ခဏပဲနေရမယ့်ကောင်ဗျ။ လူတွေ အလှူဒါနပြုတိုင်း အမျှဝေရင် ကျုပ် အမြဲကြားနေရတာပဲလေ။ ဒါပေမဲ့ ဒီလင်မယားကို သတ်ချင်တဲ့စိတ်နဲ့ ကျုပ် တစ်ခါမှ သာဓုလိုက်မခေါ်ဘူး။ ဆရာတော်တွေ တရားဟောတဲ့အခါမှာ ကျုပ် ဘယ်တော့မှ အသွားမသွားဘူး။ ဒီဘဝက ကျွတ်သွားရင် ဒီကောင်တွေလင်မယားကို



www.burmeseclassic.com

www.burmeseclassic.com



မသတ်ရမှာစိုးလို့ဗျ။

"တချွေ၊ မင်းရဲ့အစွမ်းတွေကတော့ သိသိသာသာကို တက်လာတာပဲကွာ၊ မင်းလုပ်ချင်တဲ့အလုပ်ကို လုပ်ရင်ရပြီကွ တချွေရ"

"ဟာ၊ တကယ်ပြောတာလား၊ ကိုသရဲရဲ့"

"ဟ တကယ်ပြောတာပေါ့ကွ တချွေရ၊ မင်းနဲ့ ငါက ယောဒီသစ်ကိုင်းကြီးမှာ နှစ်ယောက်အတူနေခဲ့ကြတဲ့ နှစ်တွေ နည်းတော့တာမှ မဟုတ်တာကွာ၊ ငါက မင်းကို မဟုတ်တာကို ပြောမှာတဲ့လား တချွေရာ"

"ကျုပ်က သေချာချင်လို့ ပြောလိုက်တာပါဗျာ၊ ကဲ ကိုသရဲ ကျုပ် ဘယ်တော့အလုပ်စလုပ်ရမှာတုံးဗျ"

"အခုပဲ စကြတာပေါ့ကွာ၊ မင်းနဲ့ငါ ရွာထဲကို ဝင်ကြမယ်၊ မင်းရဲ့ အိမ်ဝိုင်းထဲက သရက်ပင်ကြီးပေါ်မှာ နေပြီးတော့ အရင်ဆုံး ကလေးတစ်ယောက်ကို ဖမ်းစားမယ်၊ သရဲဖမ်းစားတဲ့ ကလေးဆိုတာ တဖြည်းဖြည်းနဲ့ ပိန်ချုံးချည့်နဲ့လာတာကွ၊ နောက် အားပြတ်ပြီး သေတာပေါ့ကွာ၊ မြန်မြန်သေစေချင်ရင်တော့ အား အရမ်းနည်းတဲ့အချိန်မှာ ငါ့ကို မြင်အောင်ပြလိုက်ရင် အူတွေ အသည်းတွေ ပြောင်းဆန်သွားအောင် လန့်ပြီးသေသွားမှာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်နဲ့ ကိုသရဲ ကျုပ်အိမ်ဝိုင်းထဲက သရက်ပင်ကြီးပေါ်ကို ပြောင်းနေကြတယ်။ ကိုသရဲက အကြီးမလေးကို ဖမ်းစားနည်း ကျုပ်ကို သင်ပေးတယ်။

ကလေးမလေးက တစ်နေ့တခြား ပိန်ချုံးလာတော့တာပေါ့ဗျာ။ နေရင်းထိုင်ရင်းကကိုပဲ မစားချင် မသောက်ချင် ဖြစ်လာပြီး နောက်ဆုံးတော့ အိပ်ရာထဲမှာကို လဲတဲ့အထိ ဖြစ်တော့တာပေါ့ဗျာ။

သာဝနဲ့ မြခင်တို့ လင်မယားကတော့ ဆေးဆရာပေါင်းစုံ ပင့်ပြီးကုကြတာဗျ။ မြို့က ဆရာဝန်နဲ့လည်း တက်ပြတယ်။ ဒါပေမဲ့ ကလေးက သက်သာမလာဘဲ ပိုပိုသာ ဆိုးလာရောဗျို့။

"ကဲ တစ္ဆေရေ၊ ဒီကလေးမလေးကို ငါ့ပုံစံ ပြလိုက်တော့မယ်ဟေ့"

လို့ ပြောပြီး ကလေးမလေးကို အင်မတန်ကြောက်စရာကောင်းတဲ့ သူ့ပုံစံကို ပြလိုက်ရောဗျာ။

"အား...အမယ်လေး"

ဆိုပြီး ကလေးမလေး လန့်အော်တဲ့အသံဟာ အနီးအနားဝိုင်းတွေက လူတွေတောင် လန့်သွားပြီး ကျုပ်အိမ်ပေါ်ကို ပြေးတက်လာကြတာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကလေးမလေးက သတိကိုပြန်လည်မလာတော့ဘူးဗျ။ နာရီဝက်လောက်ကြာတော့ အသက်မရှိတော့ဘူး။

ဟာ ဘာပြောကောင်းမတုံးဗျာ။ မိန်းမယုတ် မြခင်ဆိုတာ ငိုလိုက်တာမှ လူးပြန်နေတော့တာပေါ့ဗျာ။

'ကိုမိုးညိုရဲ့ စည်းစိမ်တွေကို ရှင်နဲ့အတူတူ ခံစားချင်တယ် ကိုသာဝ' ရဲ့ ဆိုတဲ့ မိန်းမယုတ် အခုတော့ ဘဝငရဲကို စပြီးခံရပြီပေါ့ဗျာ။ ကျုပ်ကတော့ လူးလိမ့်ပြီး ငိုနေတဲ့ မြခင်နဲ့ မျက်ရည်ပေါက်ပေါက်ကျနေတဲ့ သာဝကို ကြည့်ပြီး ရင်ထဲမှာ အကျေနပ်ကြီး ကျေနပ်နေတော့တာပေါ့ဗျာ။

နောက်သုံးလကြာတော့ ကျုပ်နဲ့ ကိုသရဲနဲ့ ကျုပ်ပိုင်းထဲက သရက်ပင်ကြီးကို တစ်ခေါက် ပြန်ရောက်လာကြတယ်။ ဒုတိယ ကလေးကို ကျုပ် ထပ်ပြီးဖမ်းစားတယ်။ ဒီကလေးက ငယ်တော့ ဖမ်းစားရတာ ပိုပြီးလွယ်တာပေါ့ဗျာ။

ပထမကလေးတုန်းကလိုပဲ တဖြည်းဖြည်းနဲ့ ပိန်ချုံးချည့်နဲ့လာပြီး ဘာမှမစားမသောက်တော့ဘဲ အိပ်ရာထဲမှာ လဲရောပေါ့ဗျာ။ ကိုသရဲက သူ့ရုပ်ကို ပြပြန်ရောဗျို့။ ဒီကလေးလည်း ငယ်သံပါအောင် အော်ပြီး သေပြန်ရောဗျို့။

မိန်းမယုတ်နဲ့ ယောကျ်ားယုတ် လင်မယားလည်း ရူး



www.burmeseclassic.com

www.burmeseclassic.com



လိုမ့်ပြီး ငိုကြရပြန်တာပေါ့ဗျာ။ ကျုပ်ကတော့ ပူဆွေးနေတဲ့ အကောင်နဲ့ ကောင်မကို ကြည့်ပြီး ကျေနပ်လိုက်တာမှဗျာ။ ဒီလို အချိန်တွေကိုရောက်ဖို့ ကျုပ်မှာ စောင့်ခဲ့ရတာ ကြာပေါ့ဗျာ။

ဒီဘဝကနေ ကျွတ်သွားမှာစိုးလို့တောင် ကုသိုလ်ကောင်းမှုတွေကို `တမင်ရှောင်နေခဲ့တဲ့ကောင်လေဗျာ။ ကျုပ်ဆိုတဲ့ကောင်က လည်း ဒီလောက်ကို မိုက်လုံးကြီးတဲ့ကောင်ဗျ။

ကျုပ်တို့ ကိစ္စပြီးသွားတော့ ကျုပ်နဲ့ ကိုသရဲ သရက်ပင် အုပ်ကို ပြန်ခဲ့ကြတယ်။

"တဆွေ၊ ထန်းသမားရင်းထောင်ကို သတ်ဖို့ အချိန်ကျပြီကွ"

ကိုသရဲ စီစဉ်တဲ့အတိုင်း ကျုပ်တို့နှစ်ယောက် ထန်းတောနဲ့ မလှမ်းမကမ်းက မန်ကျည်းပင်ကြီးပေါ်ကို ပြောင်းပြီးနေခဲ့ကြတယ်။ ရင်းထောင်ဆိုတဲ့ကောင်ရဲ့ ထန်းတဲဘေးက မန်ကျည်းပင်ကြီးပေါ့ဗျာ။

ကျုပ်က ရင်းထောင်ကို ဖမ်းစားတယ်။ ရင်းထောင်ရဲ့ သိစိတ်ကို ပျောက်သွားအောင်သိပ်ပြီး ကျုပ်စိတ်ကို ရင်းထောင်ကိုယ်ထဲ သွင်းခဲ့ရတာပေါ့ဗျာ။ တကယ်တော့ ဝင်စီးတာပေါ့လေ။ ကျုပ် ရင်းထောင်ရဲ့ သိစိတ်ကို ပိုင်ပိုင်နိုင်နိုင် သိပ်နိုင်ပြီး ကျုပ်စိတ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပိုင်ပိုင်နိုင်နိုင် ဝင်စီးထားနိုင်တဲ့အချိန်မှာ ရင်းထောင်ကို အမြင့်ဆုံး ထန်းပင်ကို ထိပ်ဖျားရောက်အောင် တက်ခိုင်းလိုက်တယ်။

ထန်းပင်အမြင့်ကြီးရဲ့ ထိပ်ဖျားကနေ ရင်းထောင်ကို ခုန်ချ ခိုင်းလိုက်တယ်။

"အား…ဘုန်း"

'အား' ဆိုတာက ကျုပ်စိတ်ကို ပြန်အခွာလိုက်မှာ ရင်း ထောင်ရဲ့ သိစိတ်က ပြန်နိုးလာပြီး လန့်အော်လိုက်တာဗျ။ 'ဘုန်း' ဆိုတာက ရင်းထောင်ရဲ့ ခန္ဓာကိုယ်ကြီး မြေကြီးပေါ်ကို အသေလွတ် ပြုတ်ကျတဲ့ အသံလေဗျာ။

"ဟာ…ကိုရင်းထောင် ထန်းပင်ပေါ်က ပြုတ်ကျလို့တဲ့ ဟေ့"

ထန်းတောထဲမှာ ထန်းရည်သောက်နေတဲ့ ဘန့်ဘွေးကုန်း သားတွေ၊ ထနောင်းကုန်းသားတွေ ကျွက်စီ ကျွက်စီနဲ့ ပြောပြီး ရင်းထောင် ပြုတ်ကျတဲ့နေရာကို ဒရောသောပါးနဲ့ ပြေးကြရောဗျို့။

ရင်းထောင်ကတော့ တစ်ချက်ပဲ တွန့်လိမ်ပြီး အသက် ထွက်သွားလေရဲ့။

"သြော်…ရင်းထောင်၊ ရင်းထောင်၊ မြခင်နဲ့ သာဝဆီက ငွေသုံးထောင်ယူပြီး ငါ့ကို ဆေးမြစ်ခတ်သတ်တုန်းက မင်း တော်



www.burmeseclassic.com

www.burmeseclassic.com


တော်ပျော်ခဲ့လား မသိဘူး၊ ငါကတော့ မင်းကို လက်စားချေလိုက်ရတာ တော်တော်ကို ပျော်တယ် ရင်းထောင်ရေ၊ ငါ လူ့ဘဝတုန်းက မင်းထန်းတောမှာ ထန်းရည် အမြဲသောက်ခဲ့တဲ့ကောင်ပါကွာ၊ ကိုမိုးညိုရေ၊ ကျုပ် ဘာလိုလို့ဗျာလို့ ပြောရင် ငါက မင်းကို ကူညီခဲ့တဲ့ ကောင်ပါကွာ၊ ဒါပေမဲ့ ငွေသုံးထောင် ပေးမယ့်လူပေါ်တော့ မင်းက ငါ့ကို သတ်ပေးခဲ့တယ်၊ တကယ်တော့ မင်းကို မြခင်တို့ သာဝတို့ ပေးတဲ့ငွေတွေကလည်း ငါ့ငွေတွေပါပဲကွာ၊ မင်းလည်း တော်တော်လုပ်ရက်တဲ့ကောင်ပဲ ရင်းထောင်၊ ကဲ ခုတော့ မချိမဆံ့ကို အသက်ထွက်သွားရပြီမို့လား၊ ကျုပ်တွေးရင်း ကျေနပ်နေတာဗျို့"

ကျုပ်နဲ့ ကိုသရဲ ကိစ္စပြီးတော့ သရက်ပင်အုပ်ကို ပြန်လာပြီး ကျုပ်တို့ နေနေကျ သစ်ကိုင်းကြီးမှာ ပြန်နေလိုက်ကြတယ်။ ခြောက်လလောက်ကြာတော့ ကိုသရဲက ကျုပ်ကို ပြောတယ်။

"တစ္ဆေရေ၊ မင်းရဲ့ အမိကရန်သူတွေကို သတ်ဖို့ အချိန်ကျပြီဟေ့"

"ဟာ ဟုတ်လား ကိုသရဲ"

ကျုပ်ဖြင့် ပျော်လိုက်တာဗျာ။ တွေ့ကြသေးတာပေါ့ သာဝနဲ့ မြခင်ရာ။ ကျုပ် ဒီမိန်းမယုတ်ကို မြန်မြန်မရှင်းလို့ဖြစ်


www.burmeseclassic.com

www.burmeseclassic.com


ဘူးဗျ။ ကိုသရဲ ပြောတယ်။ သာဝက ကျုပ်အမွေရတဲ့ ကျုပ်တို့ ဘိုးဘွားလက်ထက်ကတည်းက မစားရက် မသောက်ရက်နဲ့ စုခဲ့ တဲ့ ရွှေတွေကို ရောင်းချပြီး မြို့မှာ တိုက်တစ်လုံးဝယ်ပြီး ပွဲရုံဖွင့်ဖို့ စီစဉ်နေတယ်ဆိုပဲ။ တောသူဌေးဘဝကို အားမရလို့ မြို့သူဌေးဘွဲ့ ခံတော့မှာပေါ့ဗျာ။ ကျုပ်နဲ့ ကိုသရဲ ကျုပ်ဝိုင်းထဲက သရက်ပင်ကြီး ကို ပြန်ရောက်လာကြတယ်။ ကျုပ်က မြခင်ကို ဖမ်းစားဖို့ ကိုသရဲ က ပြောတယ်။ မိန်းမစိတ်က သိပ်ရတာ နည်းနည်းလွယ်သတဲ့။ သာဝကို သူက ဖမ်းစားမယ်ကွဲဗျို့။ ယောကျ်ားစိတ်က သိပ်ရတာ ခက်လို့ ကိုသရဲကိုယ်တိုင် သာဝကို ဖမ်းစားမှာတဲ့ဗျ။

ကိုသရဲက သရဲသာ ပြောတယ်။ လူတွေထက် အများကြီး သစ္စာရှိတဲ့ သရဲဗျ။ ကျုပ် လူ့ဘဝတုန်းက ကိုသရဲလို မိတ်ဆွေမျိုး ရခဲ့ရင် တော်တော်ကောင်းမှာလို့ ကျုပ် မကြာမကြာ တွေးမိတယ် ဗျာ။ ခုတော့ ကျုပ်က သာဝလိုကောင်မျိုးကို လူကောင်းထင်ပြီး လွှတ်ယုံခဲ့မိလို့ ကျုပ်အသက် ဆုံးခဲ့ရတာပေါ့ဗျာ။

ကျုပ်တို့နှစ်ယောက် မိန်းမယုတ်နဲ့ ယောကျ်ားယုတ်ကို စပြီးဖမ်းစားခဲ့ကြတယ်။ တော်တော်ကို ခဲရာခဲဆစ် လုပ်ခဲ့ကြရတာ ဗျ။ ဒါပေမဲ့ နှစ်လလောက် ဖွဲ့နဲ့ဖမ်းစားတော့ မိရောဗျို့။ သူတို့ နှစ်ယောက်ရဲ့ စိတ်တွေကို သိပ်ထားလိုက်နိုင်ပြီဗျ။

အရှေ့ဘက်ကောင်းကင် စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်နဲ့ ကိုသရဲ လုပ်ထားလိုက်တာ ဒီလင်မယား တစ်ခါ တစ်ခါမှာ လူစိတ်ပျောက်ပြီး လင်မယားချင်းတောင် မမှတ်မိကြဘူးဗျ။ ရွာထဲက လူတွေကိုလည်း မမှတ်မိကြဘူး။

သူတို့လင်မယားရဲ့သတင်းက ဘုန့်ဘွေးကုန်းတို့ ထနောင်းကုန်းတို့အထိ ကျော်လို့ဗျာ။

သားဝတို့ မြခင်တို့လင်မယား ရူးသွားလို့ဆိုပြီး ပြောကြဆိုကြတော့တာပေါ့ဗျာ။

ဒါပေမဲ့ ကျုပ်တို့ ဖမ်းစားနေတာ သတ်လို့ရတဲ့အထိတော့ မရောက်သေးဘူးဗျ။ ဒါပေမဲ့ နီးလာပြီလို့တော့ ကိုသရဲက ပြောတာပဲဗျာ။

ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ ဒီသစ္စာမဲ့တဲ့ လင်မယားကို သတ်ရဖို့ဆိုရင် ဘယ်လောက်ကြာကြာ စောင့်ရ စောင့်ရ စောင့်မယ့်ကောင်ပါဗျာ။

× × ×

နေ့ဦးပေါက်စအချိန် နှင်းကြွင်းနှင်းကျန်တွေ အစုန့်ကျတဲ့ အချိန်ပေါ့ဗျာ။ တာတေဆိုတဲ့ ကျုပ်က အညာသားဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုအချိန်ဟာ ကျုပ်တို့ အညာဒေသဟာ အလှဆုံးဆိုတာ ကျုပ်သိတာပေါ့ဗျာ။ ဒီအချိန်ဆိုရင် ကျုပ်က စောစောအိပ်ရာထပြီး ရွှေတောင်ဦးဘုရားကို စောစောသွားပြီး အညာရှုခင်းကို ရှုမြင်နေကျဗျာ။ အခုလည်း ကျုပ် ရွှေတောင်ဦးဘုရားဘက်ကို လမ်းလျှောက်ပြီး ပြန်လာတာဗျ။

"ဟဲ့ တာတေ၊ ဒီမှာ စံအေးက နင့်ကို စောင့်လို့ဟဲ့၊ မြန်မြန်လာ"

ပိုင်းထဲဝင်လိုက်တာနဲ့ အမေက ကျုပ်ကို ဆီးပြောတာဗျ။

"လာ လာ၊ တာတေ၊ စောစောစီးစီးထပြီး ဘယ်သွားတာတုံး၊ ဘယ်ကောင်မလေးနဲ့ ချိန်းတွေ့တာတုံး၊ မှန်မှန်ပြော"

ကိုကြီးစံအေးက ကျုပ်ကို ဆီးစတော့တာဗျ။

"ကျုပ်မှာ ချိန်းတွေ့ဖို့ ဘယ်သူရှိသေးလို့တုံး ကိုကြီးစံအေးရာ၊ လှယဉ် မရှိကတည်းက ကျုပ်မှာ ဘာမှမရှိတော့တာ ကိုကြီးစံအေး သိပါတယ်ဗျာ"

ကျုပ်က အိမ်ပေါ်တက်လာရင်း ကိုစံအေးကြီးကို ပြန်ပြောလိုက်တယ်ဗျ။

"ခက်တာပဲ တာတေရာ၊ မင်းကလည်း လှယဉ်တစ်ယောက်ကိုပဲ မိန်းမထင်နေတာကိုးကွ"



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က ဘာမှပြန်မပြောတော့ဘဲ ရယ်နေလိုက်တယ်။ ကိုစံအေးကို အမေက ဆေးလိပ်တွေ ဘာတွေ တည်ထားလို့ သောက်နေပြီဗျ။

"အမေ အဘရော၊ ဘယ်သွားတုံး"

"နင့်အဘလည်း နင်နဲ့ ရှေ့ဆင့်နောက်ဆင့် ထွက်သွားတာပဲဟော့၊ ရွှေတောင်ဦးဘုရားပွဲအတွက် အကြိုအစည်းအဝေးလုပ်မှာမို့လို့တဲ့၊ ရွာဦးကျောင်းကို သွားလေရဲ့"

"ကိုကြီးစံအေး၊ စောစောစီးစီး ကိစ္စရှိလို့လားဗျာ"

"ကိစ္စရှိဆို ကိုသာဝတို့ မမြခင်တို့ စိတ်နောက်သလို ဖြစ်နေကြလို့ကွ"

"ဟင်၊ ကားထောင်တဲ့ ကိုသာဝလား"

"အေးလေကွာ၊ ကိုသာဝက မမြခင်ရဲ့ နောက်အိမ်ထောင်လေကွာ၊ ပထမအိမ်ထောင်က ကိုမိုးညိုလေ၊ ကိုမိုးညို ဆုံးတော့ မမြခင်နဲ့ ကိုမိုးညို သူငယ်ချင်း ကိုသာဝတို့ ယူလိုက်ကြတယ်၊ မမြခင်က ကိုမိုးညိုနဲ့ ကလေးတစ်ယောက် ရတယ်၊ ကိုသာဝနဲ့ ကလေးတစ်ယောက် ရတယ်၊ အဲဒီကလေးတွေလည်း ကျန်ခဲ့တဲ့ နှစ်နှစ်လောက်က ရှေ့ဆင့်နောက်ဆင့် သေသွားကြတာကွ"

"ဟင် ဟုတ်လား၊ နှစ်ယောက်စလုံးလားဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အေး နှစ်ယောက်စလုံးကွ၊ တစ်ယောက်နဲ့ တစ်ယောက် သုံးလေးလပဲ ခြားတယ်၊ နှစ်ယောက်လုံး ဆုံးသွားရှာတာ"

"ဟင် ဟုတ်လား၊ ဘာရောဂါတွေနဲ့ ဆုံးတာတုံးဗျ"

"ဘာရောဂါရယ်လို့ကို မယ်မယ်ရရ မရှိပါဘူးကွာ၊ တပိန်ပိန် တလိန်လိန်ဖြစ်ပြီး သေကုန်ကြတာပဲကွ၊ အခုလည်း မမြခင်နဲ့ ကိုသာဝတို့လည်း အကောင်းကြီးကနေပြီး စိတ်နှောက် သလို ဖြစ်နေကြတယ်ကွ"

"ဟင် ဟုတ်လား၊ အခြေအနေက တော်တော်ဆိုးနေလို့ လားဗျ"

"ဟာ တာတေကလည်း တစ်ခါ တစ်ခါကျရင် လင်မယား ချင်းတောင် မမှတ်မိကြဘူးကွ၊ ခင်ဗျား ဘယ်သူတုံး၊ ရှင် ဘယ်သူ တုံးတွေ ဖြစ်ကုန်ကြတာကွ၊ တစ်ခါ တစ်ခါတော့လည်း သတိပြန် လည်လာတတ်တယ်၊ ကိုသာဝဘက်က အမျိုးတွေရော မမြခင် ဘက်က အမျိုးတွေပါ သွားပြီးစောင့်နေကြရတယ်"

"ဟင်၊ ဘယ်လိုဖြစ်ကြတာတုံးကွာ"

"ရွာကလူတွေက အစတုန်းကတော့ သိပ်ပြီးသတိမထား မိဘူးပေါ့ကွာ၊ ခုတော့ ကလေးတွေလည်း ဆုံးကုန်၊ လူကြီးတွေ လည်း ရူးကုန်ဆိုတော့ ဒီကိစ္စ မရိုးဘူးလို့ ထင်ကုန်ကြတာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ကွာ၊ ဒီတော့ ဆရာတွေ ဘာတွေ ရှာဖို့ တာတေနဲ့ တိုင်ပင်ကြည့် စမ်းပါ စံအေးရာဆိုလို့ မင်းဆီကို ငါလာခဲ့တာကွ တာတေရ"

"ဪ…ဒီလိုလား၊ ကဲ ဒါဆိုရင်လည်း ကျုပ် ညကျ တော့ မဖဲဝါကို မေးပေးမယ်ဗျာ၊ မနက်ဖြန်ကျတော့ ကျုပ် ဘန့် ဘွေးကုန်းကိုလာပြီး အကျိုးအကြောင်းပြောမယ်"

"အေး အေး ဟုတ်ပြီ၊ ငါ ရွာက ဘိုးတော်ကြီးတွေကို မင်းပြောတာ ပြန်ပြောလိုက်မယ်"

ကိုစံအေးက ထွေရာလေးပါးတွေပြောရင်း တော်ကြာမှ ထပြန်သွားတာဗျို့။

ညရောက်တော့ မဖဲဝါရဲ့ ကိုယ်ခွဲရုပ်ကလေးကို ကိုင်ပြီး ကျုပ်က မဖဲဝါကို အိပ်မက်တောင်းတယ်၊ အိပ်မက်ထဲမှာ ကျုပ်နဲ့ မဖဲဝါ တွေ့တာ၊ ခါတိုင်းလို ဆယ့်နှစ်ရာသီအဝါပင်ကြီးအောက်မှာ ပဲဗျ။ လေတွေ တဝေါဝေါ တိုက်နေတဲ့ကြားက မဖဲဝါက ကျုပ်ကို မေးတာဗျ။

"တာတေ နင့်မှာ ဘာကိစ္စရှိလို့တုံး"

"မဖဲဝါ၊ ဘန့်ဘွေးကုန်းက ကားထောင်တဲ့ ကိုသာဝတို့ မမြခင်တို့အကြောင်းကို မေးချင်လို့ပါဗျာ"

ကျုပ်က ဒါပဲပြောရသေးတယ်။ မဖဲဝါက ကျုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြောပြတာဗျ။

"တာတေ၊ မြခင်ဆိုတဲ့ကောင်မက မိန်းမယုတ်မ၊ သာဝ ဆိုတဲ့ကောင်ကလည်း ယောကျ်ားယုတ်ပဲ၊ မိုးညိုက လူကောင်း သူကောင်း၊ မြခင်က မိုးညိုကို မယူခင်ကတည်းက သာဝနဲ့ တိတ်တိတ်ပုန်း ရနေတာ၊ ကလေးရှိတော့မှ မိုးညိုနဲ့ ယူလိုက်တာ၊ အဲဒီကလေးက သာဝကလေး၊ မိုးညိုက ဒါတွေကို ဘာမှမသိဘူး၊ မွေးလာတဲ့ကလေးကို သူ့ကလေးပဲ ထင်နေတာ၊ ခုတော့ ဒီကလေး လည်း မရှိတော့ပါဘူး၊ မိုးညိုနဲ့ ယူပြီးတော့လည်း သာဝနဲ့ လင်ငယ်နေနေတာပဲ၊ မိုးညိုအဖေဆုံးတော့ ရွှေတွေအများကြီးကို မိုးညိုတစ်ယောက်တည်း အမွေရလိုက်တာလေ၊ ဒါကို တွေ့တော့ မြခင်က ဒီစည်းစိမ်တွေကို မိုးညိုနဲ့ မခံစားချင်ဘူး။ သာဝနဲ့ ခံစားချင်တယ်။ သာဝကို မကြာမကြာ နားပူနားဆာလုပ်တော့ သာဝကလည်း လောဘတက်လာပြီး နောက်ဆုံးထန်းတက်တဲ့ ရင်းထောင်ဆိုတဲ့အကောင်ကို ငွေပေးပြီး မိုးညိုကို သေကြောင်းကြံ တယ်ဟဲ့"

"ဟာ…ရက်စက်လိုက်ကြတာဗျာ"

"အေး…ထန်းရည်ထဲမှာ ဟုန်းမြစ်ထည့်တိုက်တာ၊ မိုးညို သေရော၊ ဒီတော့မှ အယုတ်မ မြခင်က လင်ငယ်ကို



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ပြီး သူဌေးတွေ သူဌေးမတွေ ဖြစ်ကုန်ကြတာပေါ့ဟယ်၊ အခုတော့ ဟိုကောင့်လက်ချက်နဲ့ ရင်းထောင်းလည်း သေသွားပါပြီ''

''ဗျာ…ထန်းတက်တဲ့ ကိုရင်းထောင်က ထန်းပင်ပေါ်က ကျသေတာမို့လား မဖဲဝါရဲ့''

''ဘယ်ကဟုတ်ရမှာတုံး တာတေ၊ ဟိုကောင်ပဲ သတ်ပစ်လိုက်တာဟဲ့''

''ဗျာ…ဘယ်ကောင် သတ်တာတုံး မဖဲဝါ''

''ဟာ မိုးညိုလေ၊ မိုးညိုက တစ္ဆေဖြစ်နေတာဟဲ့၊ အကုန်လုံးကိုလိုက်ပြီး လက်စားချေနေတာ၊ အကုန်လုံးကို သတ်ပစ်မှာ၊ ပထမဆုံး ကလေးနှစ်ယောက်ကို သတ်ပစ်တယ်၊ ပြီးတော့ ထန်းတက်သမားရင်းထောင်၊ အခုတော့ အဓိကလက်သည် နှစ်ယောက်လေ''

''ဟင်၊ ဘယ်သူတွေတုံးဗျ''

''ဟဲ့ တာတေ၊ နင် အ,လှချည်လား၊ မြခင်နဲ့ သာဝလေ၊ အခုပဲ ရူးအောင်လုပ်ထားပြီလေ၊ အဲဒါ တစ္ဆေမိုးညိုလက်ချက်ဟဲ့၊ သိပ်မကြာပါဘူး၊ မိန်းမယုတ်လင်မယား သေတော့မှာပါ''

''ဗျာ၊ ဒါဆိုရင် ဘယ့်လိုတားရမှာတုံး မဖဲဝါ၊ ကျုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ခြောပါဗျာ”

“တာတေ၊ မတရားခံခဲ့ရတဲ့ မိုးညိုက သူ့ရန်ကြွေးကို ချဆပ်နေတာပဲ၊ နင်နဲ့ ဘာဆိုင်လို့တုံး”

“ဟာ၊ ဒီလိုလည်း မဟုတ်ဘူးလေ မဖဲဝါရယ်၊ မမြခင် တို့ ကိုသာဝတို့လည်း သူတို့အပြစ်ကို သူတို့ နောက်ဘဝတွေမှာ ခံကြရမှာပေါ့ဗျာ၊ အခုတော့ ကယ်သင့်တာပေါ့ဗျာ”

“နင် ငါ့ကိုယ်ခွဲရုပ်ကိုပြပြီး မိုးညိုကို ငါ့အမိန့်နဲ့ ရွာပြင် ထွက်မိုင်းလိုက်ပေါ့၊ ဒါပေမဲ့ တခွေမိုးညိုတစ်ယောက်တည်း မဟုတ်ဘူး တာတေ၊ သရဲတစ်ကောင်ပါ ပါနေတယ်၊ သူ့ကိုလည်း ငါ့အမိန့်နဲ့ နှင်ထုတ်လို့ရတယ်၊ အခု ဒီကောင်နှစ်ကောင် မြခင်တို့ သာဝတို့နေတဲ့ ပိုင်းထဲက သရက်ပင်အကြီးဆုံးကြီးပေါ်မှာ ရှိတယ်။ နင် မြန်မြန်သွားပြီး နှင်ထုတ်နိုင်ရင်တော့ မီလိမ့်မယ်၊ မြန်မြန်မသွားနိုင်ရင်တော့ မီမှာမဟုတ်တော့ဘူး တာတေ”

ကျုပ် လန့်နိုးသွားတယ်။ ကျုပ် အိပ်ရာက ချက်ချင်း ထပြီး တံခါးဖွင့်တယ်။

“ဟဲ့ တာတေ၊ ဒါ ဘယ်တုံး၊ အချိန်မရှိကြီး ဘာသွား လုပ်ဦးမှာတုံး”

အမေ နိုးသွားတာဗျ။



www.burmeseclassic.com

www.burmeseclassic.com



"အဟာမ်း၊ အဟာမ်း"

အဘလည်း နိုးသွားပြီဗျို့။

"ကျုပ် ဘန်ဘွေးကုန်းကို သွားမလို့ဗျ"

"ဟဲ့ ဘန်ဘွေးကုန်းသွားရအောင် ညသန်းခေါင်ကြီးမှာ မဟုတ်တာ တာတေရယ်၊ မနက်မှ သွားဟဲ့"

"ကျုပ် နောက်ကျလို့ မဖြစ်ဘူးဗျ၊ ကျုပ် နောက်ကျရင် ကားထောင်တဲ့ ကိုသာဝတို့လင်မယား သေလိမ့်မယ်"

ကျုပ်က အမေနဲ့ အဘကိုပြောပြီး တံခါးဖွင့်လိုက်တယ်။

"တာတေရေ၊ တာတေ"

"ဟဲ့ အချိန်မရှိကြီး ဘယ်သူရောက်လာပြန်တာတုံး"

အမေက အသံကို နားထောင်ပြီး ပြောတာဗျ။ အသံက ဝိုင်းဝကနေ ကျုပ်ကို ခေါ်နေတာဗျ။ ဒီအသံကို ကျုပ် ချက်ချင်း သိသွားတယ်။

"ကိုကြီးစံအေးလား"

"အေး ဟုတ်တယ် တာတေ၊ ငါပါ"

"တံခါးဖွင့်ပြီး ဝင်ခဲ့လေ"

ကိုစံအေးက ဝိုင်းတံခါးကိုဖွင့်ပြီး ဝင်လာတယ်။ အိမ်ပေါ် ရောက်တာနဲ့ ကိုကြီးစံအေးက တန်းပြောတော့တာဗျ။



www.burmeseclassic.com

www.burmeseclassic.com



"တာတေ မင်း ဘယ်သွားမလို့တုံး"

"ခင်ဗျားတို့ ဘန့်ဘွေးကုန်းကို လာမလို့ပဲဗျ၊ မဖဲဝါက ကျုပ် မြန်မြန်သွားမှ မမြခင်တို့ကို ကယ်လို့ရမယ်ဆိုလို့ ကျုပ် အခု လာဖို့လုပ်နေတာဗျ၊ ကိုကြီးစံအေးရဲ့"

"ဟော...ဟုတ်လား၊ မဖဲဝါက မင်းကို ဒီအတိုင်း ပြော တာလားကွ"

"ဟုတ်တယ် ကိုကြီးစံအေး၊ ကဲ ခပ်သုတ်သုတ် သွား ကြစို့ဗျာ"

ကျုပ်က ချက်ချင်းမတ်တတ်ထရပ်လိုက်တယ်။

"မသွားနဲ့တော့ တာတေ၊ မင်း မမီတော့ဘူးကွ"

"ဗျာ၊ ဘာဖြစ်လို့တုံး ကိုကြီးစံအေးရ"

"မမြခင်ရော ကိုသာဝရော ခုနကလေးတင် သေကုန်ကြ ပြီ"

"ဟဲ့ ဟုတ်လား စံအေးရဲ့၊ ဘယ်လိုတွေ ဖြစ်ကြတာတုံး စံအေးရယ်"

"အရီးရေ၊ လင်မယားနှစ်ယောက် လူစိတ်ပျောက်ပြီး တစ်ယောက်နဲ့ တစ်ယောက် နီးဖျာတဲ့ ဝါးချွန်တွေနဲ့ ထိုးကြတာတဲ့ ဗျာ၊ မျက်လုံးကြီးတွေပြူးပြီး သူတစ်ချက် ကိုယ်တစ်ချက် ထိုးကြ



www.burmeseclassic.com

www.burmeseclassic.com


တာတဲ့ဗျာ၊ တစ်ယောက် တစ်ယောက်မှာ ဓားချက် ဆယ်ချက်ကျော် ထိတာဆိုပဲ"

"ဟာ လူတွေက ဝိုင်းမဆွဲကြဘူးလားဟဲ့"

"သူတို့အမျိုးတွေ ရှိပါတယ်၊ ဝိုင်းဆွဲတဲ့လူတွေကိုပါ ထိုးလို့ ဘယ်သူမှ အနားကို မကပ်ရဲကြတော့ဘူးတဲ့ အရီးရေ၊ တစ်ယောက်နဲ့ တစ်ယောက် မသေမချင်းကို ထိုးကြတာတဲ့ဗျာ၊ တစ်အိမ်လုံးလည်း သွေးတွေကို ရဲနေတာပဲတဲ့"

"ဟဲ့ ဒါဆိုရင် အခု သေကုန်ရောလား စံအေးရဲ့"

"မသေမချင်း ထိုးပါတယ်ဆိုမှတော့ သေပြီပေါ့ဟဲ့ ငွေစိန်ရဲ့"

ကျုပ်အဘက ဝင်ပြောတာဗျို့။

"အောင်မယ်လေး ဖြစ်မှဖြစ်ရလေဟယ်၊ ကြားရတာနဲ့ တောင် ငါ့မှာ ရင်တွေတုန်လိုက်တာဟယ်"

"ဘယ်လိုများ ဖြစ်ကြတာပါလိမ့် စံအေးရယ်၊ ဘယ်လိုများ ကြားတုန်းကွ"

"အဘက ကိုစံအေးကြီးကို မေးတာဗျ။

"လူတွေကတော့ အင်းနဲ့ အတိုက်ခံရသလိုလို၊ စုန်းပြီး ခံရသလိုလို၊ တစ်ချို့ကလည်း သိယောင်ကား တတ်ယောင်ကား



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီး အာဠဝကအင်းနဲ့ စီရင်တာတို့ ပုဏ္ဏားအင်းနဲ့တိုက်တာတို့တွေ ပြောနေကြတာပဲ ဘိုးညက်ရယ်၊ ကိုသာဝတို့ ဝိုင်းထဲမှာလည်း သူကြီးရော၊ ဆယ်အိမ်ခေါင်းတွေရော၊ လူတွေရော ပြည့်ကျပ်နေကြတာနဲ့ ကျုပ်တောင် ဝိုင်းထဲမဝင်တော့ဘဲ တာတော့ဆီကို တန်းပြီးထွက်လာတာဗျ"

"အခု ဘယ်နနာရီရှိပြီတုံး တာတော"

အမေက ကျုပ်ကို မေးတာဗျ။ ကျုပ်က ဘုရားခန်းထဲက စားပွဲတင်နာရီလေးကို လှမ်းကြည့်လိုက်တယ်။

"သုံးနာရီထိုးတော့မယ် အမေရဲ့"

"ဒါဆိုရင် ညနှစ်ချက်တီးလောက်က ဖြစ်တာပေါ့"

"ဟုတ်တယ် အရီး၊ ညနှစ်နာရီ မထိုးတထိုးမှာ အော်ကြဟစ်ကြတဲ့ အသံတွေ စပြီးကြားရတာ၊ ရွာထဲကလူတွေ ရောက်သွားတော့ သွေးအိုင်ထဲမှာ လင်မယားနှစ်ယောက်လုံး သေနေကြပါပြီ အရီးရာ"

မိုးလင်းကာနီးမှ ကိုစံအေး ပြန်သွားတယ်။ ကျုပ်တို့လည်း ပြန်ပြီး မအိပ်ကြတော့ပါဘူးဗျာ။ ဒီလင်မယား သေတာ တစ္ဆေဖြစ်နေတဲ့ လင်ကြီး ကိုမိုးညိုရဲ့ လက်ချက်ဆိုတာတော့ ဘယ်သူမှ မသိကြဘူးပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေ ကိုမိုးညိုနဲ့ တခြားသရဲတစ်ကောင်ကိုလည်း မဖဲဝါရဲ့ ကိုယ်ခွဲအရုပ်ကိုပြပြီး ရွာထဲကနေ နှင်ထုတ်ဖို့ မလိုတော့ဘူးလေ။ သူတို့ကိစ္စ ပြီးသွားရင် ကိုမိုးညိုတစ္ဆေရော သူ့အဖော်သရဲတစ်ကောင်ဆိုတာရော ဘဲ့ခွေးကုန်းကနေ ပြန်ထွက်သွားကြမှာပဲပေါ့ဗျာ။

တာတေ



www.burmeseclassic.com

www.burmeseclassic.com



# ဈေးသရဲ

ပြာသိုလကြီးဗျ။ ကျုပ်က မြို့ကိုရောက်နေတာ။ ကျုပ် ကျောင်းတက်တုန်းက နေခဲ့တဲ့ ကျုပ်ဘကြီးအိမ်မှာပဲပေါ့ဗျာ။

အရှေ့ဘက်ကောင်းကင် စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘကြီးနဲ့ မတွေ့တာကြာလို့ ဘကြီးကို ကန်တော့ချင်လို့ လာတာဗျ။ ဒီရောက်တော့ ကျုပ်ရောက်တဲ့ညမှာပဲ ဘကြီးက လေဖြန်းချင်သလို ဖြစ်တာနဲ့ ရွာကို မပြန်ဖြစ်သေးတာ။ ခုတော့ ဘကြီးလည်း ကောင်းလာပါပြီ။

ဘကြီးမှာက သူကိုယ်တိုင် စိမ်ထားတဲ့ လေငန်းဆေး ရှိနေလို့ပေါ့ဗျာ။ အဲဒီဆေးသာမရှိရင် ခက်သွားဗျ။ ဒီဆေး အကြောင်းလည်း ကျုပ်က သိသဗျ။ ဘကြီးအိမ်မှာနေပြီး ကျောင်းလာတက်ကတည်းက ဒီဆေးကို ဘကြီးက အမြဲဖော်တာ။ လေငန်းဖြစ်တဲ့လူရှိရင် သူကိုယ်တိုင် ဆေးသွားပို့နေကျလေဗျာ။ ဘကြီး အမြဲပြောပြောနေလို့ ဆေးအကြောင်းကို ကျုပ်က သိပြီးသားဗျ။

ဘကြီး လေဖြတ်တဲ့ညက ဝူးဝူးဝါးဝါးနဲ့ ထအော်တော့ ကျုပ်လည်း အိပ်နေရာက လန့်နိုးပြီး သူ့အိပ်ရာပေါ် ပြေးသွားတော့ ဘကြီးက သူ့အိပ်ရာဘေးက ခုံပေါ်မှာ တင်ထားတဲ့ ဆေးပုလင်းကြီးကိုချည်း လက်ညှိုးထိုးပြနေတာဗျ။ ဒါနဲ့ ကျုပ်လည်း ဘကြီး ပြောဖူးထားတဲ့အတိုင်းပေါ့ဗျာ။ ဆေးစိမ်ထားတဲ့ ငှက်ပျောဖူး ပုလင်းကြီးကို လှုပ်ပြီး ဆေးရည်ကို ဇွန်းထဲထည့် ဘကြီးရဲ့ ခပ်စေ့စေ့ဖြစ်နေတဲ့ ပါးစပ်ထဲကို ဇွန်းနဲ့ ကလန့်ပြီး ခပ်ဖြည်းဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ထည့်ပေးရတာပေါ့ဗျာ။ ပြီးတာနဲ့ ဆေးရည်ကို လက်ခုပ်ထဲထည့်ပြီး နည်းနည်းရွဲ့သွားတဲ့ ဘကြီးရဲ့ပါးကို ဆေးလိမ်းပြီး ဆွဲချရတာဗျို့။

လွှတ်စွမ်းတဲ့ဆေးပါဗျာ။ ဆယ်မိနစ်လောက်ကြာတော့ ရွဲ့သွားတဲ့ပါးလည်း ပြန်တည့်သွားတယ်။ လျှာလည်း ကောင်းသွားပြီး စကားပြောလို့ ပီသွားရောဗျာ။ ဒီတော့မှ အဲဒီဆေးရည်နဲ့ပဲ လက်တွေ ခြေတွေ လိမ်းပြီး နှိပ်ပေးရတာဗျို့။ အမေ့အစ်ကို အရင်းလေဗျာ။

အဘနဲ့ အမေလည်း နောက်တစ်နေ့ ရောက်လာကြရော ဗျ။ ဘကြီးကိုလည်း လိုအပ်တဲ့ ဆေးဝါးနဲ့ ထပ်ပြီးကုကြရတာပေါ့ ဗျာ။

နေဦးဗျ၊ ဘကြီးရဲ့လက်စွဲ လေငန်းဆေးဖော်နည်းကို ကျူပ် ပြောပြမယ်။ တခြားမဟုတ်ဘူးဗျ၊ ရှောက်ဘီလူးလို့ခေါ်တဲ့ သံပုရာသီးသာသာရှိတဲ့ ရှောက်သီးလေဗျာ၊ အခွံမှာ အထွတ်ထွတ် တွေထနေတဲ့ ရှောက်သီးပေါ့။

အဲဒီရှောက်ဘီလူးကို ရေညှစ်၊ ငှက်ပျောဖူးပုလင်း တစ်ပုလင်းရအောင် ညှစ်ရတယ်ဗျ။ ပြီးရင် ထန်းလျက်နဲ့ ကောက် ညှင်းချက်ထားတဲ့ အရက်ကောင်းကောင်းတစ်ပုလင်းနဲ့ ရှောက် ဘီလူးအရည်နဲ့ရောပြီး ကြွေရည်သုတ်စလုံ့နဲ့ ကြိုရသဗျ။ အဲဒီအဆဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ကုလားအော်သီး ရှေ့တ်အညှာသုံးခုလောက် ထည့်ရတယ်။ ပြီးရင် ငါးလင်ဗန်းသည်းခြေ အခြောက်ကလေးသုံးခု ထည့်ရတယ်။

တဖြည်းဖြည်းအရည်ခမ်းလာပြီး တစ်ပုလင်းစာကျန်တော့မှ အအေးခံပြီး ပုလင်းထဲမှာ ထည့်သိမ်းထားရတာဗျ။ လွှတ်အစွမ်းထက်တဲ့ဆေးဗျာ။ ကျုပ်ဘကြီး ရွှဲသွားတဲ့ပါးစပ် ချက်ချင်းကို ပြန်တည့်သွားတာ။

ကျုပ်တို့မိသားစုလည်း ရွာကို ချက်ချင်းမပြန်နိုင်ကြသေးဘူးပေါ့ဗျာ။ ဒီမှာတင် ကျုပ်ဆီကို ကားယားတင်မြင့် ရောက်လာတာဗျ။

ကားယားတင်မြင့်ဆိုတာ ကျုပ်နဲ့ ကျောင်းနေဘက် သူငယ်ချင်းဗျ။ အရပ်က တော်တော်ပုတဲ့အကောင်။ တစ်ချို့က တင်မြင့်ကို ဂျပုတင်မြင့်လို့ ခေါ်တယ်။ တစ်ချို့ကတော့ ဒီကောင့်ကို ကားယားတင်မြင့်လို့ ခေါ်တယ်။ ဘာဖြစ်လို့တုံးဆိုတော့ တင်မြင့်က ပုကွကွနဲ့ လမ်းလျှောက်ရင် ဒီကောင့်ခြေထောက်တွေက ကားယားကားယားနဲ့ လျှောက်လို့ဗျို့။

"အဲ့ကောင် တာတေ မင်းတော်တော်နေနိုင်တဲ့ကောင်ကွာ၊ မြို့ရောက်တာတောင် ငါ့ဘက်ကို လှည့်မလာဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကားယားတင်မြင့်က အိမ်ပေါ်ကို ကားယားကားယားနဲ့ တက်လာပြီး ပြောတာဗျ။

"ငါလည်း လာဖို့ပဲကွ တင်မြင့်ရ၊ ငါရောက်တဲ့ညပဲ ငါ့ဘကြီး လေဖြတ်လို့ မရောက်သေးတာကွ"

"ဟော…ဟုတ်လား၊ ခုရော ဘကြီး ဘယ်လိုနေတုံး"

ဒီကောင်တွေက ကျုပ်ကျောင်းတက်တုန်းက ကျုပ်ဆီလာရင်း ဘကြီးအိမ်မှာ စားနေသောက်နေကျတွေလေဗျာ။ ဘကြီးကိုလည်း လွတ်ခင်ကြတာ။

"ခုတော့ ကောင်းသွားပြီကွ၊ လာ ထိုင် တင်မြင့်"

တင်မြင့်ကား ခုံတန်းလျားလေးမှာ ဝင်ထိုင်လိုက်တယ်။ ကျုပ်က နဂါးဆေးပေါ့လိပ်တစ်လိပ်ထုတ်ပြီး နေဖြူဒေါ်ရင်ကြေးမီးခတ်ကလေးပါ ကမ်းပေးလိုက်တယ်။ ကားယားက ကျုပ်ပေးတဲ့ ဆေးပေါ့လိပ်ကို ကပျာကယာ မီးညှိပြီး ဖွာရောဗျာ။ ဒီကောင့်ကြည့်ရတာ မောလာတဲ့ပုံပဲဗျ။ ပခုံးမှာလည်း လွယ်အိတ်ကြီးတစ်လုံးလွယ်လို့၊ လက်မှာကလည်း ဘောင်ချာစာအုပ်တစ်အုပ်နဲ့ ခဲတံနီပြာတံကြီးတစ်ချောင်း ကိုင်လို့ဗျ။

ဒီကောင်က ဈေးကောက်လေဗျာ။ ဈေးထဲမှာရော ဈေးပြင်မှာပါ ဒီကောင်က ဈေးကောက် ကောက်ရတာ။ တစ်ဆိုင်ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ကျပ်ဗျ။

ဒီကောင် မောမောနဲ့ နဂါးဆေးပေါ့လိပ်ကို တစ်ဖွာပြီး တစ်ဖွာ ဖွာနေတာဗျို့။ ဈေးကောက် ကောက်လာရတော့ မောလာတယ် ထင်ပါရဲ့ဗျာ။ ဆေးလိပ်သောက်ရင် အမောမခံနိုင်ဘူးသာ ပြောတာဗျ။ တကယ်တမ်း မောလာတော့လည်း ဆေးလိပ်လေး တစ်ဖွာ နှစ်ဖွာ ရှိုက်လိုက်မှ အမောပြေတာဗျို့။

"တာတေ မင်းသတင်းတွေ ငါကြားတယ်ကွ"

"ဟေ…ဘာသတင်းတုံးကွ၊ ကားယားရဲ့"

"မင်းက ဆရာဖြစ်နေပြီဆို ပယောဂတွေ ဘာတွေ လွှတ်နိုင်တာဆို"

"ဟာ မဟုတ်ပါဘူး ကားယားရာ၊ မင်းကို ဘယ်သူ ပြောလို့တုံး"

ဘန်းဘွေးကုန်းက သိန်းဖော်လည်း ပြောတယ်။ ပြီးတော့ မီးလောင်ကုန်းက ပန်းစုံတို့ ညီအစ်ကိုလည်း ပြောတယ်။ ပန်းစုံက မြို့ရောက်ရင် ငါတို့အိမ်မှာတည်းတာကွ၊ ဒီတော့ မင်းသတင်းကို ငါက မကြားဘဲ နေမလားကွ တာတေရ"

"ငါ ဆရာ မဟုတ်ပါဘူး ကားယားရာ၊ ဆရာတွေ လာရင် လိုက်ပြီးအကူအညီပေးတာပါကွာ၊ မင်းလည်း သိသားနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ငါက ငယ်ငယ်ကလေးတည်းက လွှတ်စပ်စုတတ်တဲ့ကောင်ဆေ ကွာ၊ ဒီတော့ ရွာဘက်ကို ဆရာကြီးတွေ ကြွလာရင် ထူးထူးဆန်း ဆန်းတွေကို တွေ့ချင် မြင်ချင်တာနဲ့ သူတို့ကို အကူအညီပေးရင်း လျှောက်လိုက်တာပေါ့"

"ဟာ ဘာပဲပြောပြောလေကွာ၊ မင်းမှာ ဒီလိုထူးဆန်းတဲ့ ကိစ္စတွေမှာ အတွေ့အကြုံ တော်တော်ရှိနေမှာပဲ"

"အေး…ဒါတော့ ဟုတ်တာပဲ၊ တော်တော်များများကို ကြုံဖူးသွားတာကွ သူငယ်ချင်းရ"

"ဟုတ်ပြီ၊ ဒါဆိုရင် ငါ မင်းကိုပြောပြတော့မယ်၊ ငါ့မှာ ကိစ္စတစ်ခုရှိလို့ မင်းကို လာတွေ့တာကွ"

"ဟေ…ဟုတ်လား၊ ဒါဆိုရင် ပြောပြလေကွာ၊ ကား ယားရာ"

"ဒီလိုကွ၊ ငါတို့ဈေးမှာ ဈေးစောင့်ငါးယောက် ရှိတယ်၊ ဟိုတလောက ဦးလေးဆိုတဲ့ အဘိုးကြီး ဆုံးသွားတယ်၊ ဦးလေးရဲ့ နေရာမှာ ကိုခွေးဆိုတဲ့လူတစ်ယောက် ခန့်ပြီး ဈေးကို အစောင့် ငါးယောက်နဲ့ ညတိုင်း စောင့်နေတာပဲကွ"

"အေး…အဲဒီတော့ ဘာဖြစ်လို့တုံး"

"ဒီလိုကွ တာတေရ၊ ငါတို့ဈေးထဲကို ညဘက်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



သရဲကြီးတစ်ကောင် ဝင်ဝင်လာပြီး ငါးဈေးတန်းမှာ ပြုတ်ကျကျန်နေတဲ့ သားစိမ်းငါးစိမ်းတွေကို လာစားနေတာ သုံးလလောက်ရှိပြီကွ"

"ဟော…မင်းတို့ မြင်ရလို့လား"

"ဟ…ငါကတော့ မမြင်ဘူးကွ တာတေရ၊ ညစောင့်တွေကတော့ တွေ့ကြရတာပေါ့၊ အဲဒီသရဲကိုတွေ့ရင် ကျန်တဲ့ ညစောင့်တွေက ကြောက်ပြီး ထွက်ပြေးသွားပေမယ့် ဘလောကြီးက မကြောက်ဘူးတဲ့ကွ၊ သူ့လောက်လေးခွနဲ့ သရဲကိုလိုက်ပစ်တာဆိုပဲ"

"ဟော…ဟုတ်လား"

"လွန်ခဲ့တဲ့ နှစ်ပတ်လောက်ကတော့ ကင်းစောင့်နေရင်းနဲ့ ဘလောက မူးတယ် မူးတယ်လို့အော်ပြီး အကောင်းသားကနေ ဘုန်းကနဲလဲပြီး သေသွားရောပေါ့"

"ဟာ…ဟိုသရဲများ လုပ်လိုက်တာလား ကားယားရယ်"

"အေးပေါ့ကွ၊ ဈေးထဲမှာ လူတိုင်းက ဒီအတိုင်းပြောကြတာ တာတေရဲ့၊ ဈေးစောင့်ကြီး ဦးလောကို သရဲကပ်သွားတယ်ဆိုပြီး ပြောကြတာ၊ အဲဒီလိုပြောနေတုန်း အခြေအနေက ပိုဆိုးလာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဈေးသည်တွေလည်း ကြောက်လန့်ကုန်ကြတာပေါ့ကွာ"

"နို့ နေပါဦးကွ၊ ဒီသရဲက အခု ဘာထပ်လုပ်နေလို့တုံး"

"ဟာ မပြောပါနဲ့တော့ကွာ၊ အခုဖြစ်နေတာက သရဲက တစ်ကောင်မဟုတ်ဘဲ နှစ်ကောင် ဖြစ်နေလို့ကွ"

"ဟေ…သရဲနှစ်ကောင် ဟုတ်လား ကားယား"

"အေး ဟုတ်တယ် တာတေ၊ ညဆိုရင် အဲဒီသရဲနှစ်ကောင် နပမ်းလုံးတာ တစ်ဈေးလုံး အုန်းဆန်နေတာကွ"

"ဟေ…ဟုတ်လားကွ"

"ဟုတ်ပါ့ တာတေရာ၊ အခုဆိုရင် ညစောင့်တွေလည်း ကြောက်ပြီး အလုပ်ထွက်တော့မယ် လုပ်နေကြပြီကွ"

"နေဦးကွ၊ ကားယားရဲ့၊ သေသွားတဲ့ မင်းတို့ညစောင့်ကြီးကို ဆွမ်းတွေ ဘာတွေ သေသေချာချာ သွတ်ပေးကြရဲ့လား၊ ပြီးတော့ အမျှတွေ ဘာတွေရော သေသေချာချာ ပြန်ရဲ့လား"

"ဆွမ်းကတော့ သူ့အိမ်မှာ သွတ်တာပေါ့ကွ၊ အမျှတော့ ပြန့်ရတာပေါ့၊ သူက အစိုးရဝန်ထမ်းလေကွာ"

ကျုပ်က ဘာမှမပြောဘဲ ငြိမ်ပြီးစဉ်းစားနေလိုက်တယ်။ ပြီးတော့မှ…

"ကဲ ဒီလိုလုပ် ကားယားရာ၊ ညရှစ်နာရီလောက်ကျေ့ါကို



www.burmeseclassic.com

www.burmeseclassic.com



လာခေါ်ကွာ၊ မင်းနဲ့ ငါ ဈေးထဲဝင်ပြီး ညစောင့်တွေနဲ့ အတူတူ စောင့်ကြတာပေါ့"

"အေး ဟုတ်ပြီ၊ ဟုတ်ပြီ၊ ညရှစ်နာရီလောက် မင်းကို ငါလာခေါ်မယ်"

ညရောက်တော့ ကျုပ်က မျက်ကွင်းဆေးကွင်းပြီး အဆင်သင့် စောင့်နေတယ်။ ရှစ်နာရီကျော်ကျော်လောက်ကျတော့ ကျုပ်ကို ကားယား လာခေါ်တယ်။

ကျုပ်တို့ ဈေးထဲဝင်ပြီး ညစောင့်တွေနဲ့ အတူတူ ကင်းစောင့်ကြတာပေါ့ဗျာ။

ညစောင့်ငါးယောက်မှာ တစ်ယောက်က အထိုင်ကင်းဗျ။ ကျန်တဲ့လေးယောက်က နှစ်ယောက်တစ်တွဲ လှည့်ကင်းထွက်တယ်။ ဈေးလမ်းတွေမှာ လျှောက်လှည့်ကြရတာပေါ့ဗျာ။ ဆိုင်ကြီးဆိုင်ကြားတွေမှာ ဓာတ်မီးတဝင်းဝင်းနဲ့ လိုက်ထိုးကြည့်ကြရတာလေ။

ဒါပေမဲ့ ဒီရက်ကတော့ စိတ်ချရပါတယ်။ ဈေးဖောက်မယ့်သူမရှိရင်တောင် ဈေးထဲက သရဲနှစ်ကောင် သတ်ပုတ်နေတဲ့ သတင်းက တစ်မြို့လုံး ပျံ့နေတော့ ဈေးထဲကို ဝင်ခိုးရဲတဲ့သူ ရှိမှာမဟုတ်ဘူးဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါင် ဒေါင် ဒေါင် ဒေါင် ဒေါင် ဒေါင် ဒေါင်…"

အထိုင်ကင်းကလူက တစ်နာရီ တစ်ခါ နာရီသံချောင်း ခေါက်ရသဗျ။

သံချောင်း ဆယ့်တစ်ချက်ခေါက်ပြီး အထိုင်ကင်းသမား ကြီးက ပြန်ထိုင်နေတယ်။ ကျုပ်နဲ့ ကားယားကလည်း အထိုင်ကင်း မှာ ထိုင်နေကြတာလေဗျာ။

"ဟာ ချုကြပြီဟေ့ တာတေရေ၊ လာ လာ မင်းကြည့် မယ်ဆိုရင် ငါလိုက်ပြမယ်"

ကားယားက ရှေ့က ပုကွကွ ကားယားကားယားနဲ့ သွား ရောဗျာ။ ကျုပ်ကလည်း သူ့နောက်က ကပ်လိုက်လာတာပေါ့ဗျာ။ အနောက်မှာ အထိုင်ကင်းသမားကြီးပါ လိုက်လာတာဗျ။

"မင်းတို့နှစ်ယောက်စလုံး ထသွားတော့ ငါတစ်ယောက် တည်း မနေဝံ့တော့ဘူးကွ တင်မြင့်ရ"

အထိုင်ကင်းသမားက တင်မြင့်ကို ပြောတာဗျ။

"ကိုစံပွင့် ဒါ ငါးခြောက်တန်းဘက်က အသံထင်တယ် ဗျ"

"အေး ဟုတ်တယ်၊ ဟုတ်တယ်၊ သွား သွား အဲဒီကိုသွား ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



ကားယားက ဈေးမြောက်ဘက်ကို ချိုးဝင်လိုက်တယ်

"ဝုန်း၊ ဝုန်း၊ ကျိုင်း၊ ကျိုင်း"

ဟာ တွေ့ပြီဗျို့။ တွေ့ပြီ။ မဲမဲအကောင်ကြီးတစ်ကောင်

ဆံပင်ဖားလျားချထားတဲ့ လူလိုလို သရဲလိုလိုတစ်ယောက်နဲ့ သတ်

နေကြတာဗျ။

ကားယား ရပ်တော့၊ ရှေ့ဆက်မသွားနဲ့"

ကျုပ်က လေသံနဲ့ ပြောလိုက်တော့မှ ဒီကောင်ကားယား

တုန့်ကနဲ ရပ်သွားတာဗျ။

"ကားယား မင်းကို ငါ မေးဦးမယ်"

"ဘာတုံး တာတေ"

"ဆုံးသွားတဲ့ မင်းတို့ညစောင့်ကြီးက ဘယ်လိုပုံတုံးကွ"

"အရပ်ထောင်ထောင်မောင်းမောင်း သျှောင်ထုံးကြီး

ကွ"

"သေတုန်းက စွပ်ကျယ်နဲ့ ပုဆိုးအပြာကွက်တုံးကြီး

လား ကားယား"

"အေး ဟုတ်တယ် တာတေ၊ မင်း ဘာမြင်ရလို့တုံး"

"မင်းတို့ ဘုလောကြီး မကျွတ်သေးဘူးကွ၊ သရဲမဲ

အကောင်ကြီးနဲ့ အကြိတ်အနယ် သတ်နေတာ၊ မင်းတို့ ဈေးစော



www.burmeseclassic.com

www.burmeseclassic.com



ကလောကွ”

“ဟော...ဟုတ်လား”

ဒီတစ်ခါ မေးတာက ကားယား မဟုတ်တော့ဘူးဗျ။ အထိုင်ကင်းစောင့်တဲ့ ကိုစံပွင့်ကြီး မေးတာဗျ။

ကျုပ်က ကိုစံပွင့်ကို လှည့်ကြည့်ပြီး ခေါင်းညိတ်ပြလိုက်တယ်။

ကိုစံပွင့်ဆိုတဲ့ ဈေးစောင့်ကြီးက နောက်ကို ခြေတစ်လှမ်း ဆုတ်လိုက်ပြီး မျက်နှာပျက်သွားတယ်ဗျ။ ဒီတော့ မိတ်ဆွေ ဦးလောကြီး သရဲဖြစ်နေတာကိုကြားတော့ တော်တော်ကို ကြောက်သွားပုံပဲဗျ။

“ဝုန်း ဝုန်း ဝုန်း၊ ဂျိုင်း ဂျိုင်း”

သရဲဦးလောကလည်း ခေသူတော့ မဟုတ်ဘူးဗျ။ သူ့ထက် အကောင်ကြီးတဲ့ အမဲကောင်ကြီးကို ခံတွယ်နေတာဗျ။ အသည်းတော်တော်ကောင်းတဲ့ ဦးလောပဲဗျာ။

ကျုပ် ဘာလုပ်ရမယ်ဆိုတာ စဉ်းစားရတော့တာဗျာ။ ခဏကြာတော့ ကျုပ်သိသွားပြီဗျို့။

“ကဲ ကားယား ပြန်ကြစို့၊ မနက်ဖြန်ညကျမှ တစ်ခုခု လုပ်ကြတာပေါ့ကွာ”



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရောက်တော့ ညဆယ့်တစ်နာရီရှိခဲ့ပြီဗျ။ ကျုပ် မဖဲဝါကို အကြောင်းကြားပြီး အိပ်မက်တောင်းတယ်။

ကျုပ်လည်း ချက်ချင်းကို အိပ်ပျော်သွားတာဗျို့

လေတွေတိုက်လိုက်တာဗျာ။ သစ်ပင်ကြီးတွေတောင် ယိမ်းထိုးလို့ဗျ။ ဒါပေမဲ့ အရွက်ကလေး တစ်ရွက်တောင် မလှုပ်တာ ကတော့ ဆယ့်နှစ်ရာသီအဝါပင်ကြီးဗျ။ တစ်ပင်လုံးမှာ အဝါရောင် ပွင့်တွေ ထိန်နေအောင် ပွင့်လို့၊ လေတွေ ဒီလောက် တဝုန်းဝုန်း တိုက်နေတာတောင် အရွက်ကလေး တစ်ရွက်မလှုပ်ဘူး။ အပွင့် ကလေးတစ်ပွင့် မကြွေဘူးဗျ။

"တာတေ"

ကျုပ်တစ်ကိုယ်လုံးမှာ ကြက်သီးတွေ ဖျန်းကနဲ ထသွား တယ် ဆံပင်တွေတောင် ထောင်ကုန်ရောဗျာ။ မဖဲဝါက ကျုပ်ကို အိပ်မက်ပေးတိုင်း ကျုပ်နဲ့ရွယ်တူပုံစံမျိုး ပြောင်းထားတာပါပဲ။ ဒါပေမဲ့ ကျုပ်ကလည်း လန့်သွားတာချည်းပါပဲ။ မလန့်တဲ့အခါ တစ်ခါမှကို မရှိဘူးဗျ။

ကျုပ်က ဆယ့်နှစ်ရာသီပင်အောက်မှာ ရပ်နေတဲ့ မဖဲဝါကို ကြည့်လိုက်တယ်။ နားရွက်ကြားမှာညှပ်ပြီး ပန်ထားတဲ့ ဆယ့်နှစ်ရာ သီပန်းအဝါလေးကို ကျုပ် ငေးကြည့်လိုက်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



“တာတေ နင် ဘာသိချင်လို့တုံး”

ဒီတော့မှ ကျုပ် သတိဝင်သွားတာဗျ။

“သြော်...မဖဲဝါ မြို့ကဈေးထဲမှာ သရဲနှစ်ကောင် ညတိုင်း သတ်နေကြလို့ဗျ”

ကျုပ်က ဒါပဲပြောရသေးတာ၊ မဖဲဝါက ချက်ချင်းပြောတော့တာဗျို့။

ကျုပ်က ဒါပဲပြောရသေးတာ၊ မဖဲဝါက ချက်ချင်းပြောတော့တာဗျို့။

“တာတေ ဈေးထဲကို ဝင်လာတဲ့ သရဲက မဲကြီးလို့ခေါ်တဲ့ အကောင်၊ ဈေးတောင်ဘက်က ကုက္ကိုပင်ကြီးမှာ နေတာ နှစ်သုံးဆယ်လောက်ရှိပြီ။ ငလောက မနေ့တစ်နေ့ကမှ သရဲဖြစ်တာ၊ ငမဲကို သူ ဘယ်နိုင်မှာတုံး၊ ဒါပေမဲ့ ငလောကို နိုင်အောင်လုပ်ပေးမှ ဖြစ်မယ်၊ ငလော နိုင်သွားရင် ဒီဈေးထဲကို ငမဲ ဘယ်တော့မှ ဝင်မှာမဟုတ်တော့ဘူး။ သရဲဆိုတာ သူ့ကိုနိုင်တဲ့ အကောင်ရှိရင် အဲဒီနေရာကို ဘယ်တော့မှ မသွားတော့ဘူး။ ရော့ ဟောဒီရှားဖြူသီးတွေ ယူသွားပြီး ငလောကို ရှားဖြူသီးနဲ့ ပေါက်ပေး၊ ဒါမှ ငလော နိုင်မှာ၊ ငလော နိုင်ရင် ငမဲကြီး နင်တို့ဈေးထဲကို ဘယ်တော့မှ ဝင်မှာမဟုတ်ဘူး”



www.burmeseclassic.com

www.burmeseclassic.com


ကျူပ် လန့်နိုးသွားတယ်။ ယောင်ပြီး ကျူပ်လက်ထဲကို စမ်းကြည့်လိုက်တယ်။ မဖဲဝါ ပေးလိုက်တဲ့ ရှားဖြူးသီးတစ်ဆုပ်ကြီး ကျူပ်ယူလာတာဗျ။

ကျူပ်လည်း ကြောင်တောင်တောင် ဖြစ်သွားပြီး လက်ထဲမှာ ရှားဖြူးသီး ရှာနေမိတာဗျို့။ ခဏကြာတော့ ကျူပ်ပြန်အိပ်ပျော်သွားတယ်။ မနက်မိုးလင်းတော့ ဘကြီးကို လက်ဖက်ရည်နှင့်အီကြာကွေး ဝယ်ပေးဖို့ ကျူပ်အိပ်ရာက ထလိုက်တယ်။ ကျူပ်ကျောကုန်းအောက်က ခိုးလို့ခုလုဖြစ်နေတော့ ထကြည့်လိုက်တော့

"ဟာ ရှားဖြူးသီးတွေပါလား"

ကျူပ် တော်တော်ကို အံ့ဩသွားတာဗျ။ ညက အိပ်မက်ထဲမှာ မဖဲဝါ ကျူပ်လက်ထဲကို ထည့်ပေးလိုက်တဲ့ ရှားဖြူးသီးတွေ တကယ်ပါလာတာဗျို့။

တစ်လုံး နှစ်လုံး သုံးလုံး လေးလုံး ငါးလုံး။ ကျူပ် ရှားဖြူးသီးတွေကို ကောက်ယူလိုက်တယ်။ အားလုံး ငါးလုံးဗျ။

ညရှစ်နာရီခွဲတော့ ကျူပ်သူငယ်ချင်း ဈေးကောက် ကားယား ရောက်လာရောဗျ။ ကျူပ်လည်း စက္ကူနဲ့ ထုတ်ထားတဲ့ ရှားဖြူးသီးထုပ်ကို ယူလာခဲ့တယ်။

ဈေးထဲက အထိုင်ကင်းမှာ ဈေးစောင့်ငါးယောက်ရှိ၊


www.burmeseclassic.com

www.burmeseclassic.com


ကျုပ်ရယ်၊ ကားယားရယ် ထိုင်ပြီး စကားပြောနေကြတာဗျို့။

ကျုပ်ကလည်း နဂါးဆေးပေါ့လိပ်လေးဖွာရင်း ဈေးစောင့်ကြီးတွေတိုက်တဲ့ ရေနွေးကြမ်းတွေ သောက်နေတာဗျ။

တော်တော်လေး ညဥ့်နက်လာတော့ လှည့်ကင်း လေးယောက်က နှစ်ယောက်တစ်တွဲ တွဲပြီး ဈေးလမ်းတွေထဲ ဝင်သွားကြတယ်။ ဒီည ထိုင်ကင်းကျတာ ကိုစံပွင့် မဟုတ်တော့ဘူးဗျ။ ကိုဖိုးထင်တဲ့။

ညဆယ့်တစ်နာရီထိုးတော့ ကိုဖိုးထင်က နာရီသံချောင်း ဆယ့်တစ်ချက်ခေါက်လိုက်တယ်။ ကျုပ်နဲ့ ကားယားကတော့ နားစွင့်နေ ကြတာပေါ့ဗျာ။

"ဝုန်း ဝုန်း ဝုန်း ဂျိုင်း ဂျိုင်း"

"ဟော ချကုန်ကြပြီဟေ့ တာတေရေ၊ တစ်ခါ အသံကြားတာက ငါးခြောက်တန်း မဟုတ်တော့ဘူးကွ၊ အမဲသားဆိုင်ဘက်က ကြားတာကွ"

ပြောပြောဆိုဆိုနဲ့ ကားယားက ရှေ့ကနေ သုတ်ခြေတင်တယ်။ သူ့နကိုပုံစံအတိုင်းပေါ့ဗျာ။ ပုကွကွ ကားယားကားယားနဲ့ လျှောက်သွားတာဗျ။ ကျုပ်နဲ့ ဈေးစောင့် ကိုဖိုးထင်ကလည်း ကားယားနောက်က ခပ်သုတ်သုတ် လိုက်ကြရတာပေါ့ဗျာ။


www.burmeseclassic.com

www.burmeseclassic.com



"ဟော တွေ့ပြီဗျို့၊ ဟိုနေ့က ပုံစံအတိုင်းပဲဗျို့"

မဲမဲအကောင်ကြီးနဲ့ ဦးလောသရဲ လုံးထွေးနေကြတာဗျ။ ကျုပ်က မျက်ကွင်းဆေး ကွင်းလိမ်းလို့သာ မြင်နေရတာပေါ့ဗျာ။

"ဝုန်း"

ငမဲကြီးက သရဲဦးလောကို ဆောင့်ကန်လိုက်တာဗျို့။ သရဲဦးလော လွင့်ကွက်သွားပြီး ဆိုင်ရှေ့က ကာထားတဲ့ သွပ်ပြားတွေနဲ့ ဝုန်းကနဲ မြည်အောင် ဆောင့်ပြီးပြုတ်ကျသွားတာဗျို့။

ဒါပေမဲ့ သရဲဦးလောက လွှတ်အသည်းကောင်းတဲ့ သရဲဗျ။ ချက်ချင်းကုန်းထပြီး ငမဲကြီးကို ရင်ဆိုင်လိုက်တယ်။ ကျုပ်က စလွယ်ထုတ်ကို ကပျာကယာဖြည်ပြီး အထဲက ရှားဖြူသီးတစ်လုံးကို ယူလိုက်တယ်။

ကဲကွာ၊ ပစ်ပြီဗျို့။ ကျုပ် ပစ်လိုက်ပြီ။ သရဲဦးလောရဲ့ ကျောကုန်းကို ကျုပ်ပစ်လိုက်တဲ့ ရှားဖြူသီးက တည့်တည့်မှန်သွားတယ်။

ဟာ ကြီးလာပြီဗျို့၊ သရဲဦးလော အကောင်ကြီး ကြီးလာပြီဗျို့။ ကျုပ် ထပ်ပစ်တယ်။ ရှားဖြူသီး ငါးလုံးစလုံး သရဲဦးလောကြီးကို ထိသွားတယ်။ မဖဲဝါရဲ့ အစွမ်းများ ကြီးလိုက်တာဗျာ။ ရှားဖြူသီးတွေ ထိသွားတဲ့ သရဲဦးလောကြီးဗျာ ကျုပ်မျက်စိ



www.burmeseclassic.com

www.burmeseclassic.com



အောက်မှာဝင် ကြီးကြီးလာလိုက်တာ မြေကြီးထက် သုံးဆလောက်ကို ဖြစ်သွားတာဗျ။

မြေကြီးဆိုတာ သရဲဦးလောကြီးကို ကြက်သေ သေပြီး ကြည့်နေတော့တာဗျို့။ သရဲဦးလောကြီးကို ကြောက်လန့်တကြား ဖြစ်နေတဲ့ပုံပဲဗျ။

ပြေးပြီဗျို့၊ ပြေးပြီ။ ဦးလောသရဲကြီးက ဒေါ်သတကြီးနဲ့ ပြေးပြီး မြေကြီးကို ထိုးတော့တာဗျို့။

"ဖုန်း၊ ဖုန်း၊ ဖုန်း၊ ခွမ်း၊ ခွမ်း၊ ခွမ်း"

သရဲဦးလောက သူ့ရဲ့ ရောမလက်သီးကြီးတွေနဲ့ မြေကြီးကို ဘယ်ပြန်ညာပြန် ထိုးတော့တာဗျာ။ မြေကြီးဆိုတာ ဘာမှကို ပြန်မလုပ်ဝံ့တော့ဘဲ ခေါင်းကြီးငုံ့ထားပြီး သရဲဦးလော ထိုးသမျှကို ခံနေရတော့တာဗျ။

"ဝုန်း ဝုန်း ဝုန်း"

ဟော ပြေးပြီ၊ ပြေးပြီ။ မြေကြီး ပြေးပြီဗျို့။ သရဲဦးလော တစ်ချက်အလစ်မှာ မြေကြီး ပြေးတော့တာဗျ။ သရဲဦးလောက အနောက်က ပြေးလိုက်သေးတယ်။ ဒါပေမဲ့ မြေကြီးက ခုနပြီး ဈေးကို ကျော်ထွက်သွားရောဗျာ။

သရဲဦးလော လက်သီးကြီးနှစ်ဖက်ကို ဆုပ်ပြီး ထွက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သွားတဲ့ ငမဲကြီးကို မကျေမနပ်နဲ့ ကြည့်နေတာဗျ။

ယော ပြန်သေးသွားပြီဗျို့။ သရဲဦးလောရဲ့အရွယ် တဖြည်းဖြည်း ပြန်သေးလာပြီ။ ကျုပ်လည်း ကားယားကို လက်ဆုပ်ပြီး ခပ်သုတ်သုတ် လှမ်းထွက်လာခဲ့တယ်။ ကားယားနဲ့ ကိုဖိုးထင်လည်း ကျုပ်နောက်ကကပ်ပြီး ပါလာကြတယ်။ အထိုင်ကင်းနေရာကို ရောက်တော့ ကျုပ်က ကားယားကို ပြောလိုက်တယ်။

"ကားယား မင်းတို့ဈေးထဲကို ညတိုင်းဝင်လာတဲ့ မဲမဲကောင်ကြီး ဘယ်တော့မှ လာမှာမဟုတ်တော့ဘူးကွ၊ အိမ်း... ဒါပေမဲ့ မင်းတို့ ဈေးသူဈေးသားတွေ ပိုက်ဆံစုပြီး ဈေးစောင့်ဦးလောကို ဆွမ်းထပ်သွတ်ပေးကြပါကွာ၊ ဒီတစ်ခါ သူ့အိမ်မှာ မလုပ်ဘဲ ဈေးထဲမှာပဲ ဘုန်းကြီးတွေ ပင့်ပြီး ဆွမ်းသွတ်လိုက်ကွာ ပြီးတော့ ဘုန်းကြီးတွေကို ဈေးဝင်းကြီးထဲမှာ နေရာအနှံ့ ပရိတ်ရွတ်ပေးဖို့ မင်းလူကြီးတွေကို လျှောက်နိုင်းကွ၊ ဒါဆိုရင် မင်းတို့ ဈေးကြီး ပြန်ပြီးသန့်သွားမှာ ကားယားရဲ့"

"စိတ်ချ သူငယ်ချင်း၊ မနက်ကျရင် လူကြီးတွေကို အားလုံးပြောပြပြီး ဘလောအတွက် ဒီဈေးထဲမှာပဲ ဆွမ်းပြန်သွတ်ဖို့ စီစဉ်လိုက်မယ်"

ကားယားတင်မြင့်က ကျုပ်တို့ဘကြီးအိမ် အရောက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပို့ပေးတယ်။ ကျုပ် အိမ်ပြန်ရောက်တော့ ညတစ်နာရီတောင် ထိုးနေပြီဗျာ။

တာတေ



www.burmeseclassic.com